# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကျွန်းသာယာ**

ထကြွလုံ့လ ဝီရိယရှိခြင်း၊ မမေ့လျော့ခြင်း (စိတ်ထက်သန်ခြင်း)၊ သီလစောင့်စည်းခြင်း၊ မျက်စိ၊ နား စသော ဣန္ဒြေကိုစောင့်စည်းခြင်းတို့ဖြင့် ပညာရှိသည် (ကိလေသာ)ရေယာဉ်လှိုင်းကြီး မလွှမ်းမိုး၊ မဖျက်ဆီးနိုင်ရာ (အရဟတ္တဖိုလ်တည်းဟူသော) မိမိမှီရာ ကျွန်းသာယာကို ပြုလုပ်ဖန်ဆင်းရမည်။

(ဓမ္မပဒ-၂၅)


၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၁၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၂၇)


## ရုရှား - အာဆီယံဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

စာမျက်နှာ - ၃



## မြန်မာ - စင်ကာပူ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် မြန်မာလူငယ်များအတွက် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်



**နေပြည်တော် မေ ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာခရှစ်ရှ်နန်တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံပြီး မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် မြန်မာ-စင်ကာပူ သက်မွေးပညာသင်တန်းကျောင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

တွေ့ဆုံအပြီးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ပူးတွဲသတင်းစာရှင်းလင်းပွဲကိုပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး တည်ထောင်မှု နှစ် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့်

*စာမျက်နှာ ၃ ကော်လံ ၁* ❖


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ဒီမိုကရေစီခေတ်နှင့်အညီ ကိုယ်စီအသိတရားရှိကြဖို့လို

လူငယ်တစ်ဦးဆိုင်ကယ်စီးလာသည်။ ဆိုင်ကယ်စီးဦးထုပ်ဆောင်းမထားသဖြင့် ယာဉ်ထိန်းရဲက တားဆီးစစ်ဆေးသည်။ ထိုအခါ လူငယ်တွင် ယာဉ်မောင်းလိုင်စင်လည်းမရှိကြောင်း တွေ့ရသည်။ ထိုစဉ် လူငယ်က သူ၏ လက်ကိုင်ဖုန်းကိုနှိပ်၍ တစ်ဖက်မှပုဂ္ဂိုလ်တစ်ဦးဆီသို့ တစ်စုံတစ်ရာ ပြောကြားလိုက်ပြီး ယာဉ်ထိန်းရဲလက်ထဲသို့ ဖုန်းကိုထိုးပေးလိုက်သည်။ ကိုယ့်တာဝန်ကိုယ်ကျေပွန်စွာ ဆောင်ရွက်နေသော ယာဉ်ထိန်းရဲအား တစ်ဖက်မှ ပုဂ္ဂိုလ်၏ဟိန်းဟောက်သံများ ထွက်ပေါ်လာသည်။ ယာဉ်ထိန်းရဲခမျာ မျက်စိပျက် မျက်နှာပျက်ဖြင့် လူငယ်ကို အရေးမယူဝံ့တော့ဘဲ တောင်းတောင်းပန်ပန်ဖြင့် လွှတ်ပေးလိုက်ရသည်။

ဖော်ပြပါဖြစ်ရပ်မှာ အမှန်တကယ်မြင်တွေ့ခဲ့ရသော ဖြစ်ရပ်တစ်ခုဖြစ်ပြီး တရားဥပဒေစိုးမိုးရေး **(Rule of Law)** နှင့် သက်ဆိုင်သည့် နမူနာဖြစ်ရပ်တစ်ခုအဖြစ် တင်ပြလိုရင်းဖြစ်သည်။ အဆိုပါဖြစ်ရပ်တွင် ကိုယ့်တာဝန်ကိုယ်ကျေပွန်စွာ ဆောင်ရွက်နေသော ရဲဝန်ထမ်းတစ်ဦးကို တစ်ဖက်မှ ရာထူးရာခံကြီးသူတစ်ဦးဦးက မလျော်ဩဇာသုံးစွဲကာ တရားဥပဒေစိုးမိုးရေးကို အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း တွေ့ရမည်ဖြစ်သည်။ ဥပဒေကိုလေးစားလိုက်နာသင့်ကြောင်း လူငယ်ကို သွန်သင်ရမည့်အစား ၄င်းကိုယ်တိုင်က ဝန်ထမ်းတစ်ဦး၏ကျင့်ဝတ်ကိုချိုးဖောက်ကာ လူငယ်အား မမှန်ကန်သည့် ဓလေ့စရိုက်တစ်ခုကို အတုယူမှားယွင်းစေခဲ့သည်။

ဒီမိုကရေစီစနစ်တွင် တရားဥပဒေစိုးမိုးရေး **(Rule of Law)** မှာ အဓိကအရေးပါပြီး ကျယ်ပြန့်သည်။ တရားဥပဒေ စိုးမိုးရေးဟုဆိုရာတွင် ပြဋ္ဌာန်းထားသည့်ဥပဒေများကို ပြည်သူများက လေးစားလိုက်နာခြင်း၊ ဥပဒေဆိုင်ရာ အဖွဲ့အစည်းများ **(Law enforcement)** များ ခိုင်မာအားကောင်းခြင်း၊ တာဝန်ကျေပွန်ခြင်းစသည်တို့အားဖြင့် ဥပဒေများ ရှင်သန်မှုရှိနေရမည်ဖြစ်သည်။ ဥပဒေများ ပြဋ္ဌာန်းထားပါလျက် အများပြည်သူက လိုက်နာမှုမရှိခြင်း၊ ဥပဒေဆိုင်ရာ အဖွဲ့အစည်းများကလည်း ဥပဒေမလိုက်နာမှုများနှင့်ပတ်သက်၍ ထိထိရောက်ရောက်အရေးယူမှု မရှိခြင်းကြောင့် ဥပဒေရှိမှန်းပင်မသိရတော့သည့် အခြေအနေသို့ ရောက်အောင် ပျောက်ကွယ်နေသည့်ဥပဒေများ ရှိနေသည်ကို လေ့လာတွေ့ရှိနိုင်သည်။

မိမိတို့နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုလျော့နည်းခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ ကိုလိုနီခေတ်တွင် တိုင်းတစ်ပါးအစိုးရက ဥပဒေများပြဋ္ဌာန်းကာ ငြိမ်ဝပ်ပိပြားအောင် ဖိနှိပ်အုပ်ချုပ်ထားခဲ့သော်လည်း လွတ်လပ်ရေးရပြီးချိန်တွင်မူ ပြည်တွင်းပဋိပက္ခများအတွင်း တရားဥပဒေစိုးမိုးမှုပျက်ပြားခဲ့သည်။ တစ်ဖန်နိုင်ငံကိုတစ်ပါတီစနစ်ဖြင့် အုပ်ချုပ်ခဲ့ချိန်တွင်လည်း အာဏာပိုင်များနှင့်နီးစပ်သူများမှာ ဗွီအိုင်ပီခေါ် အရေးကြီးပုဂ္ဂိုလ်အဖြစ် အခွင့်ထူးခံနိုင်ခဲ့ပြီး သာမန်ပြည်သူများမှာမူ တရားဥပဒေစိုးမိုးရေးဟူသော ခေါင်းစဉ်ဖြင့်အကြောင်းပြကာ လူ့အခွင့်အရေးအချို့ချိုးဖောက်ခံရခြင်းသာ လက်တွေ့ခံစားခဲ့ရသည့်အဖြစ်မျိုးရှိခဲ့သည်။

စင်စစ်အားဖြင့် တရားဥပဒေစိုးမိုးရေးသည် မိမိတို့လူ့အဖွဲ့အစည်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည်။ ဆိုင်ရာတရားဥပဒေများ ပြဋ္ဌာန်းထားရခြင်းမှာလည်း လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ်လိုအပ်ခြင်းကြောင့်ဖြစ်သည်။ တရားဥပဒေများ ရှင်သန်ခိုင်မာအားကောင်းရေးတွင် လိုက်နာသူ ပြည်သူများတွင်ရော ဥပဒေပိုင်းဆိုင်ရာအဖွဲ့အစည်းများတွင်ပါ နှစ်ဖက်စလုံးတာဝန်ရှိကြကြောင်း နှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံသားတိုင်း ကိုယ်စီအသိစိတ်ဓာတ်ရှိကြရန် လိုအပ်ကြောင်းနှိုးဆော်အပ်ပါ၏။ ။




## အဘိဓာန် တည်းဖြတ်ခြင်းအတွက် အကြံပြုချက်များ ဖိတ်ခေါ်

**နေပြည်တော် မေ ၁၈**

မြန်မာစာအဖွဲ့က ထုတ်ဝေခဲ့သော မြန်မာ-အင်္ဂလိပ် အဘိဓာန် (၁၉၉၃) နှင့် အင်္ဂလိပ်-မြန်မာအဘိဓာန် (၂၀၀၁) တို့ကို ပြန်လည်တည်းဖြတ်မွမ်းမံမည်ဖြစ်ရာ အများပြည်သူတို့အနေဖြင့် ဖြည့်စွက်လိုသော စကားလုံးများကို မြန်မာစာနှင့် ဘာသာစကားပညာရေး ဦးစီးဌာန ရုံးအမှတ်(၅၂) နေပြည်တော် (Fax: ၀၆၇-၄၃၀၁၇၇) နှင့် e-mail: myanlan gcom@gmail.com သို့ ဇွန် ၂၀ ရက်အတွင်း အကြံပြုပေးပို့ကြရန်ဖိတ်ခေါ်ထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## အစုရှယ်ယာများကို အများပြည်သူသို့ရောင်းချရာတွင် အသုံးပြုမည့် ညွှန်ကြားချက်အမှတ်(၅/ ၂၀၁၆) ထုတ်ပြန်

**ရန်ကုန် မေ ၁၈**

ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ အခန်း(၁၃)၊ ပုဒ်မ ၇၁(ခ)အရ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချရာတွင် အသုံးပြုရမည့် အလားအလာညွှန်းတမ်းပုံစံ ညွှန်ကြားချက်(၅/ ၂၀၁၆) ကို မေ ၇ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အဆိုပါညွှန်ကြားချက်၌ အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချရာတွင် ငွေချေးသက်သေခံလက်မှတ်ကြီးကြပ်ရေးကော်မရှင်၏ ညွှန်ကြားချက်ပါ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် အလားအလာညွှန်းတမ်း ပုံစံ(က)၊ ပုံစံ(ခ)အတိုင်း ပြင်ဆင်၍ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၃၅(က)အရ ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင်သို့ တင်ပြအတည်ပြုချက် ရယူရန်လိုအပ်ကြောင်းနှင့် ညွှန်ကြားချက်အမှတ်(၅/ ၂၀၁၆) နှင့် အလားအလာညွှန်းတမ်းပုံစံ(က)၊ ပုံစံ(ခ) အပြည့်အစုံကို www.secm.gov.mm တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

● **ကျောဖုံးမှ**

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်ရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့်လေတိုက်နှုန်း**

အဆိုပါမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန်ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျု ၁၃ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၁ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်း ဖြစ်သည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါမုန်တိုင်းငယ်၏အရှိန်ကြောင့် မေ ၁၉ ရက်မှ ၂၂ရက်အတွင်း တစ်ပြည်လုံးတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၄၅ မိုင် မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

မုန်တိုင်းငယ်၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့်မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြစ်ရေရုတ်တရက် မြင့်တက်လာနိုင်ပြီး ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၈-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၂၃၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၆၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၈.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၄၉.၈၉ |
| ထိုင်း | တစ်ဘတ် | ၃၃.၀၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၉၆ |
| တရုတ် | တစ်ယွမ် | ၁၇၉.၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၉.၄၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး | ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| စာတည်းမှူး | - | ဝင်းရွှေ | ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် | | | Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| သတင်းထောက်မှူး | - | မြင့်ဆွေ | ဖြန့်ချီ | - | ၀၁-၅၄၄၃၁၇၊ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) | | | Fax- ၀၁-၈၆၀၄၅၄၆ |

# ရုရှား-အာဆီယံဆက်ဆံရေး နှစ် (၂၀)ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် မေ ၁၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ကျင်းပမည့် ရုရှား- အာဆီယံဆက်ဆံရေး နှစ်(၂၀)ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗာစီလီ ဘီ ပေါ့စ်ပီလော့ဗ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ယခုကျင်းပမည့် ရုရှား -အာဆီယံဆက်ဆံရေး နှစ် (၂၀) ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတွင် အာဆီယံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန်နှင့် အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ နည်းလမ်းများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်**

❖ *ရှေ့စာမျက်နှာမှ*

အတွက် ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စင်ကာပူနိုင်ငံခြားရေးဝန်ကြီးက အစိုးရသစ်၏ စနစ်ကျသည့် စီမံအုပ်ချုပ်မှုနှင့် စွန့်လွှတ်စွန့်စားမှုများသည် မျိုးဆက်သစ်များအတွက် စံနမူနာဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ နှစ်နိုင်ငံပြည်သူအချင်းချင်း နီးကပ်သည့်ဆက်ဆံရေး တည်ဆောက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားရာတွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးက မြန်မာ-စင်ကာပူ နှစ်နိုင်ငံစလုံးမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး တူညီသည့်အတွေ့အကြုံများနှင့် နီးကပ်သည့်စီးပွားရေးဆက်ဆံမှုများလည်းရှိပါကြောင်း၊ အခြေခံအဆောက်အအုံနယ်ပယ်တွင် စင်ကာပူနိုင်ငံက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိသကဲ့သို့ မြန်မာလူငယ်များအတွက် ပညာရေးနှင့် သက်မွေးပညာသင်တန်းများဖွင့်လှစ်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများနှင့်ပတ်သက်၍ စိုးရိမ်စရာမရှိပါကြောင်း၊ ထိုပိတ်ဆို့မှုများအချိန်တန်ပါက ရုပ်သိမ်းသွားမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် အခက်အခဲအဟန့်အတားများကို ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားရန် ဆန္ဒရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညပိုင်းတွင် မြန်မာ-စင်ကာပူ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၅၀) ပြည့်အထိမ်းအမှတ် ညစာစားပွဲကို Park Royal ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီယန် ဘာလာခရှစ်ရှ်နန်တို့ သတင်းစာရှင်းလင်းစဉ်**

## တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များခန့်အပ်ရန် အမည်စာရင်းတင်သွင်းမည်

နေပြည်တော် မေ ၁၈

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို မေ ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင်ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ ကောလင်းမြို့နယ် ကျောက်ပုထိုးဒေသ ရွှေတူးဖော်ရေးလုပ်ငန်းကို ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေး ထိခိုက်မှုများအား စနစ်တကျလေ့လာဆန်းစစ်မှုပြု၍ ပတ်ဝန်းကျင်လူနေမှုဘဝ ထိခိုက်မှုမရှိအောင် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်မည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကိုလည်းကောင်း၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၏ မောက်မယ်မြို့နယ်တွင် GSM ဖုန်းလိုင်းများ ဆက်သွယ်အသုံးပြုခွင့်ရရှိရေးနှင့်စပ်လျဉ်းသည့်မေးခွန်းကိုလည်းကောင်း သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်းဆောင်ရွက်မည်ဖြစ်သည်။

ထို့နောက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက "အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" တင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏အတည်ပြုချက်ရယူခြင်းနှင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပထမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို မေ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃) မှ ဒေါက်တာမြတ်ညဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)က တင်သွင်းသည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်းနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) မှ ဒေါက်တာမျိုးအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ) က ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ဆွေးနွေးရန် အဆိုတင်သွင်းခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

## ကုလတွင် တာဝန်ထမ်းဆောင်လိုသူများ လျှောက်ထားနိုင်

နေပြည်တော် မေ ၁၈

ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်လိုသူများအနေဖြင့် The Young Professionals Programme (YPP) ကို လျှောက်ထားနိုင်ကြောင်း ကုလသမဂ္ဂလူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုရုံး (OHRM) ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ်အတွက် ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားရမည့်ကာလမှာ ၁၉-၅-၂၀၁၆ မှ ၁၉-၇-၂၀၁၆ ထိဖြစ်ကြောင်း၊ စီးပွားရေးနှင့် သိပ္ပံနှင့်နည်းပညာ ဘာသာရပ်များနှင့်သက်ဆိုင်သော ရာထူးနေရာများအတွက် ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲများ ကျင်းပမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို http://careers.un.org တွင် ရယူနိုင်ကြောင်း သိရသည်။

YPP တွင် အလုပ်လျှောက်ထားလိုသူများအနေဖြင့် အနည်းဆုံး တက္ကသိုလ်ဘွဲ့လက်မှတ်ရှိရမည်ဖြစ်ပြီး အင်္ဂလိပ်စာကျွမ်းကျင်စွာပြောဆိုနိုင်၍ အသက် ၃၂ နှစ်ထက် မကြီးသူဖြစ်ရမည်။ အချက်အလက်မပြည့်စုံသော သို့မဟုတ် နောက်ကျတင်သွင်းသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပေ။ တာဝန်ထမ်းဆောင်လိုသူများအနေဖြင့် လျှောက်လွှာများကို နောက်ဆုံးသတ်မှတ်ရက်မတိုင်မီ အချက်အလက်များ ပြည့်စုံအောင်ဖြည့်စွက်၍ တင်သွင်းရမည်ဖြစ်သည်။ အဆိုပါ YPP စာမေးပွဲ အောင်မြင်သူများအား ကုလသမဂ္ဂ၏အငယ်တန်းအဆင့်ကျွမ်းကျင်သူများအဖြစ်ခန့်အပ်ရန်အတွက် အရန်စာရင်းအဖြစ်ထားရှိမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**ကျော်ထိုက်စိုး**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**နေပြည်တော် မေ ၁၈**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို မေ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး သင်တန်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၄၄ ဦး တက်ရောက်ကြသည်။

အဆိုပါသင်တန်း ပထမနေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးညီညီက ဥပဒေဆိုင်ရာအထွေထွေဗဟုသုတအနေဖြင့် မြန်မာနိုင်ငံသားဖြစ်မှု၊ မဖြစ်မှု ခေတ်အဆက်ဆက်ဥပဒေပြဋ္ဌာန်းချက်များခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးရန် လွှတ်တော်မှအကြောင်းကြားစာပေးပို့လာပါက ကျင်းပဆောင်ရွက်သွားမည်

နေပြည်တော် မေ ၁၈

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ဗြိတိန်သံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ်နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။**



တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကန့်ကွက်လွှာအမှု ၄၂ မှုအား အမြန်ဆုံးပြီးပြတ်နိုင်ရေးအတွက် Open Court ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး မီဒီယာများ၊ Observer များအနေဖြင့် လာရောက်လေ့လာနိုင်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား အသစ်ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ပြီး လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးရန် လွှတ်တော်မှအကြောင်းကြားစာ ပေးပို့လာပါက ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောင် ရွေးကောက်ပွဲများကျင်းပရာတွင် လက်ရှိမဲဆန္ဒရှင်စာရင်းအား Update ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး မဲစာရင်းမှန်ကန်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲစာရင်းအား ပြည်သူလူထုမှ ယုံကြည်လက်ခံမှုရှိရေးနှင့် စနစ်ကျနသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် နိုင်ငံတကာ၏ နည်းပညာအကူအညီ လိုအပ်ပါကြောင်း ပြောကြားရာ ဗြိတိန်သံအမတ်ကြီးက မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်နှင့်အတူ အားလုံးပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်းနှင့် မဲစာရင်းပြုစုရာတွင် UKAid, IFES တို့မှတစ်ဆင့် နည်းပညာအကူအညီများ ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# South Col သို့ ကျန်းမာစွာတက်ရောက်နိုင်ခဲ့သော မြန်မာတောင်တက်သမားနှစ်ဦး သေမင်းတမန်ဇုန်ကိုဖြတ်သန်းရတော့မည်

**ရန်ကုန် မေ ၁၈**

မြန်မာတောင်တက်သမား ကိုပြည့်ဖြိုးအောင်နှင့် ကိုဝင်းကိုကိုတို့သည် Camp 3 မှ မီတာ ၈၀၀၀ မြင့်သော South Col သို့ တက်ရောက်ရာ ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ကိုပြည့်ဖြိုးအောင် တက်ရောက်နိုင်ခဲ့ပြီး ရှေ့နောက် လိုက်လာ သော ကိုဝင်းကိုကိုသည် မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိခဲ့ကြောင်း မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်မှ သိရသည်။

South Col သည် ဧဝရက်တောင်နှင့် ကမ္ဘာ့စတုတ္ထအမြင့်ဆုံးတောင်ဖြစ်သော Lhotse တို့အကြားရှိ တောင်ကြားနေရာတစ်ခုဖြစ်သည်။ တစ်နည်းဆိုသော် နီပေါနိုင်ငံ အရှေ့တောင်ဘက်ခြမ်းမှ ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရန် ကြိုးပမ်းသော တောင်တက်သမားများအတွက် ပုံမှန်အားဖြင့် သေမင်းတမန်ဇုန်နှင့် နီးကပ်ကာ နောက်ဆုံးစခန်း Camp 4 အကွာ အဝေးဖြစ်သည်။

အဆိုပါ South Col သည် တောင်ပေါ်လေတိုက်ခတ်နှုန်း ပြင်းထန်ပြီး ရေခဲတောင်ဆီးနှင်းများ လွှင့်စဉ်ကာ ကျောက်တောင်များ ပေါ်ထွက်နေသော နေရာတစ်ခုဖြစ်ကြောင်း၊ ယင်းနေရာသို့ ရောက်ရှိပြီးသည်နှင့် သေမင်းတမန်ဇုန်ကို ဖြတ်ကျော်ရမည်ဖြစ်ကြောင်း၊ သေမင်းတမန်ဇုန်သည် လေတိုက်ခတ်မှုများ ဖြစ်ပေါ်နေပြီး ရေခဲပြိုကျမှု၊ ဆီးနှင်းများ ကျရောက်နေမှုနှင့် ရာသီဥတု မကြာခဏဆိုသလို ဖောက်ပြန်သည့် နေရာတစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်မှ သိရသည်။

မြန်မာတောင်တက်အဖွဲ့သည် ဧဝရက်တောင်၏ အမြင့်ပိုင်းနေရာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မြင့်မားမှုကြောင့် အမြင့်ပိုင်းဆိုင်ရာ ဖျားနာမှုဖြစ်ပေါ်နိုင်၍ အချိန်မရွေး အသက်ဆုံးရှုံးသွားနိုင်ကြောင်း၊ ထို့ပြင် အိပ်ပျော်ရန်ခက်ခဲလာသည့်အပြင် အအေးပိုင်းဇုန်သို့ ရောက်ရှိနေခြင်းကြောင့် အစာချေစနစ်သည်လည်း နှေးကွေးကာ လုံးဝရပ်ဆိုင်းသွားခြင်းများ ကြုံတွေ့ရတတ်ကြောင်း မြန်မာတောင်တက်ကျန်းမာရေးမှူးအဖွဲ့မှ သိရသည်။

ယခုရောက်ရှိနေသော South Col နေရာမှ သေမင်းတမန်ဇုန်သို့ ဖြတ်သန်းတက်ရောက်ရမည့် ခရီးစဉ်သည် ကြည်လင် ရှင်းလင်းသော ရာသီဥတု၊ မပြင်းထန်သော လေတိုက်နှုန်းနှင့် ရေခဲပြိုကျမှု လျော့နည်းခြင်းမရှိခြင်းတို့အပေါ် မူတည်နေကြောင်း၊ ရာသီဥတုကောင်းမွန်ခြင်းမရှိပါက မလွဲမရှောင်သာ ပြန်လည်ဆင်းသက်သွားရမည်ဖြစ်ပြီး ကောင်းမွန်ပါက ရရှိသည့် အချိန်အတွင်း သေမင်းတမန်ဇုန်ကို ဖြတ်သန်းကာ တောင်ထိပ်ခရီးသို့ အမြန်ဆုံးကြိုးစားတက်ယူရမည်ဖြစ်ကြောင်း၊ လက်ရှိရောက်ရှိနေသော South Col သည် ဧဝရက်တောင်တက်သမားများအတွက် ဒုတိယအကြိမ် ပြန်လည်တက်ရောက်ရန် ခက်ခဲသည့်နေရာတစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ ချုပ်က သုံးသပ်သည်။

မြန်မာတောင်တက်သမားနှစ်ဦးသည် လက်ရှိရောက်နေသောနေရာ၌ ကျန်းမာရေးကောင်းမွန်စွာရှိနေသောကြောင့် ရှေ့ဆက်သွားမည့် တောင်တက်ခရီးသည် ရာသီဥတုအခြေအနေပေါ်တွင် တည်မှီနေကြောင်း၊ လက်ရှိတွင် ရာသီဥတုအခြေအနေများအား သုံးသပ်လေ့လာနေကြောင်း၊ ရာသီဥတုကောင်းမွန်သည်နှင့် မူလမျှော်မှန်းချက်ဖြစ်သည့် မေ ၁၉ ရက်တွင် တောင်ထိပ်သို့ မြန်မာနိုင်ငံအလံအား အရောက်သယ်ဆောင်ကာ စိုက်ထူသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ - ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်**



မြန်မာတောင်တက်သမားတစ်ဦးကို တွေ့ရစဉ်



# ရုရှားရေတပ်မှ စစ်ရေယာဉ်သုံးစင်း ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိ

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်မည့် ရုရှားရေတပ်မှ စစ်ရေယာဉ် Admiral Vinogradov၊ Fotiy Krylov နှင့် IRKUT စစ်ရေယာဉ် သုံးစင်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သန်လျင်သီလဝါဆိပ်ကမ်းသို့ ရောက်ရှိရာ **(ဓာတ်ပုံ)** ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ၊ တပ်မတော်(ရေ)မှ အရာရှိစစ်သည်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်တွင် ရုရှားနိုင်ငံရေတပ် Russian Pacific Fleet မှ Captain First rank Alexander Potapov ဦးစီး၍ အရာရှိ ၄၂ ဦး၊ အခြားအဆင့် ၃၂၀ ဦးနှင့် အရပ်သားရေယာဉ်ဝန်ထမ်း ၁၁၃ ဦးတို့ လိုက်ပါလာပြီး မေ ၂၂ ရက်အထိ နေထိုင်၍ လေ့လာလည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

(မြဝတီ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံ



**နေပြည်တော် မေ ၁၈**

လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့သည် မရှိမဖြစ်လိုအပ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံရေးခိုင်မာမှုရှိရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးတို့ အား တပ်မတော်အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားသည်။

ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာခရစ်ရှ်နန်အား လက်ခံတွေ့ဆုံစဉ် **(ယာပုံ)** အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ-စင်ကာပူနှစ်နိုင်ငံသည် ၁၉၆၆ ခုနှစ်မှ သံတမန်ဆက်ဆံရေးကို စတင်ခဲ့သည့် မိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ ရင်းနှီးမှုနှင့်ယုံကြည်မှုကို အခြေခံထားသည့် နှစ်နိုင်ငံဆက်ဆံရေးသည် မြန်မာ့နိုင်ငံရေး ဖော်ဆောင်မှုတွင် များစွာအထောက်အကူပြုခဲ့ကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြားတွင်လည်း နီးကပ်သောဆက်ဆံရေးရှိပြီး အာဆီယံဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းဆိုင်ရာကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်ကြား ဆက်ဆံရေးကို ယခုထက်ပို၍ ထိထိရောက်ရောက်ဖြစ်စေရေး ဆက်လက်လုပ်ဆောင်သွားရန်လိုကြောင်း ပြောကြားသည်။

ဧည့်သည်တော်ဝန်ကြီးက မြန်မာ-စင်ကာပူနှစ်နိုင်ငံမှာ ရှည်လျားသည့် သမိုင်းကြောင်း ဆက်ဆံမှုရှိခဲ့ပြီး နှစ်နိုင်ငံပြည်သူလူထုချင်း ခိုင်ခံ့သည့်ဆက်ဆံမှုများလည်း ရှိပါကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သကဲ့သို့ ဒုတိယအကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုပြုလုပ်နေပါကြောင်း၊ မြန်မာနိုင်ငံအနာဂတ်အတွက် အဆုံးအဖြတ်ပေးမည့်သူမှာ မြန်မာနိုင်ငံသားများပင်ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့် အနာဂတ်တွင်လည်း မြန်မာနိုင်ငံ၏ လုံခြုံစိတ်ချရသော ခိုင်မာသည့် မိတ်ဆွေနိုင်ငံတစ်ခုအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုများကိုလည်း စွက်ဖက်မှုမပြုဘဲ ဆက်လက်ထောက်ခံ အားပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**(မြဝတီ)**

# ဆယ်ကျော်သက် လူငယ်များ ညီလာခံကျင်းပ

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံတွင် အသက် ၁၀ နှစ်မှ ၁၉ နှစ်အရွယ် ဆယ်ကျော်သက်ဦးရေသည် နိုင်ငံ့လူဦးရေ၏ ၂၁ ဒသမ ၄၆ ရာခိုင်နှုန်း ရှိနေသဖြင့် နိုင်ငံ၏ ကြီးမားသော အင်အားတစ်ရပ်ဖြစ်ပြီး ဆယ်ကျော်သက်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားရမည်ဖြစ်ကြောင်း၊ ယနေ့လူငယ် နောင်ဝယ်လူကြီး ဆောင်ပုဒ်နှင့်အညီ အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်း ထမ်းဆောင်ကြရမည့် မျိုးဆက်သစ်များဖြစ်သည့်အတွက် နိုင်ငံပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ကလေးလူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို အထူးဦးစားပေးလုပ်ငန်းအဖြစ် ထည့်သွင်းသွားရမည်ဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှု ActionAid Myanmar၊ Unicef နှင့်လူမှုရေး အဖွဲ့အစည်းများပူးပေါင်းပြီး **"နိုင်ငံအနာဂတ်တိုးတက်ဖို့ ဆယ်ကျော်သက်ကဏ္ဍ မြှင့်တင်ဖို့"** ခေါင်းစဉ်ဖြင့် ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသား လူမျိုးပေါင်းစုံပါဝင်သည့် ဆယ်ကျော်သက် လူငယ်များ ညီလာခံ၌ ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။



ဆယ်ကျော်သက် လူငယ်များ ညီလာခံ ကျင်းပရခြင်းနှင့် စပ်လျဉ်းပြီး ActionAid Myanmar မှ စီမံချက်မန်နေဂျာ ဒေါ်ခင်သန္တာမြင့်က "မြန်မာနိုင်ငံဒေသအသီးသီးမှာရှိတဲ့ ဆယ်ကျော်သက်လူငယ်တွေမှာ သူတို့ကြားမှာရှိတဲ့ အခက်အခဲတွေ၊ လိုအပ်ချက်တွေကို ဆွေးနွေးဖော်ထုတ်နိုင်ဖို့ ဒီပွဲကို စီစဉ်တာပါ။ ဆယ်ကျော်သက် လူငယ်တွေရဲ့ လိုအပ်ချက်တွေကို အစိုးရသစ်ရဲ့ ရက်ပေါင်း ၁၀၀ အတွင်း နိုင်ငံတော်အဆင့်ကျင်းပတဲ့ ဆယ်ကျော်သက် ညီလာခံဖြစ်တဲ့အတွက် ကလေးတွေအတွက် ကောင်းပါတယ်"ဟု ပြောသည်။

အခမ်းအနားတွင် ဆယ်ကျော်သက်လူငယ်များက ၎င်းတို့၏ လိုအပ်ချက်များ၊ ဦးစားပေးကဏ္ဍများ၊ ၎င်းတို့၏အခွင့်အရေးနှင့်ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ထည့်သွင်းနိုင်ရန်အတွက် ကဏ္ဍအလိုက်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အခြားအဖွဲ့အစည်းများထံသို့ တင်ပြကြသည်။

ဆယ်ကျော်သက် လူငယ်ညီလာခံကျင်းပခြင်းဖြင့် ဆယ်ကျော်သက်အရေးကိစ္စများနှင့်စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ပေးမည့် အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်မှုအားကောင်းလာစေခြင်း၊ ရပ်ရွာအတွင်း ဆယ်ကျော်သက်များဖွံ့ဖြိုးရေးနှင့် ပူးပေါင်းပါဝင်ရေး၊ ဆယ်ကျော်သက်ခေါင်းဆောင်များ ပေါ်ထွန်းလာရေးတို့နှင့်ပတ်သက်သည့် အတွေ့အကြုံသင်ခန်းစာများရရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသက် ၁၀ နှစ်မှ ၁၉ နှစ်အတွင်းရှိ လူငယ်ကိုယ်စားလှယ်ပေါင်း ၄၀၀ ကျော် တက်ရောက်ခဲ့သည့် အဆိုပါညီလာခံကို နှစ်ရက်တိုင် ကျင်းပသွားမည်ဖြစ်ကာ ဆယ်ကျော်သက်လူငယ်များနှင့်ပတ်သက်သည့် ကြေညာချက်တစ်စောင်ကိုလည်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ActionAid Myanmar၊ Unicef တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆယ်ကျော်သက်လူငယ်များ တက်ရောက်ကြသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-သန်းဦး(လေးမျက်နှာ)**

❐ *ကျောဖုံးမှ*

"ကျွန်တော်တို့အနေနဲ့ လုပ်ကိုင်ခွင့်ရတာနဲ့ ပထမခြောက်လအတွင်းမှာ မဂ္ဂါဝပ် ၅၀ မှ မဂ္ဂါဝပ် ၁၀၀၊ ဒုတိယခြောက်လမှာ မဂ္ဂါဝပ် ၂၀၀/၂၅၀ စုစုပေါင်း တစ်နှစ်အတွင်း မဂ္ဂါဝပ် ၃၀၀ ရရှိသုံးစွဲနိုင်ဖို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အစိုးရသစ်အနေနဲ့လည်း ပြည်သူတွေ အမှန်တကယ်လိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ဖို့ ပထမရက် ၁၀၀အတွင်းမှာ ဒီကိစ္စကို အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ခွင့်ပြုနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု Won Toll ကုမ္ပဏီဥက္ကဋ္ဌ ဦးကွန်းဇော်ထွန်းကပြောသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးလာလျက်ရှိရာ မကြာသေးမီက ထုတ်ပြန်သော စာရင်းများအရ တစ်နိုင်ငံလုံးတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက် မဂ္ဂါဝပ် ၂၇၀၀ ခန့်ရှိပြီး ယင်းတို့အနက် ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေးမြို့တော်ဖြစ်သည့်အလျောက် စုစုပေါင်းဓာတ်အားထုတ်လုပ်မှု၏ ထက်ဝက်ခန့် သုံးစွဲနေရကြောင်း သိရသည်။

"ကျွန်တော်တို့ လှိုင်သာယာစက်မှုဇုန်မှာ စက်ရုံပေါင်း ၇၀၀ လောက်ရှိပါတယ်။ စက်ရုံတိုင်းက ကိုယ်ပိုင်ဂျင်နရေတာတွေ အသုံးပြုနေရပါတယ်။ တစ်နေ့ကို လေးနာရီလောက်ပဲ ဓာတ်အားရပါတယ်။ ဓာတ်အားအပြည့်အဝရရှိပါမှ စက်မှုလုပ်ငန်းတွေ တိုးတက်လာမှာဖြစ်ပါတယ်"ဟု ယင်းအခမ်းအနားတွင် လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ပြောသည်။

အဆိုပါစီမံကိန်း အောင်မြင်စွာဆောင်ရွက်နိုင်မည်ဆိုပါက ဆိုလာစွမ်းအင် ဓာတ်အားပေးရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ထွန်းလာနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားသည်။

◆ *ကျောဖုံးမှ*

" ၂၀၁၅ ခုနှစ် ဧပြီ ၂ ရက်က ပန္နက်တင်ပြီး စတင်ခဲ့ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီက ဒီဇိုင်းပညာရှင်တွေ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံတွေမှာ သွားရောက်လေ့လာခဲ့ပါတယ်။ ဒီဇိုင်းရေးဆွဲပြီးမှ မြန်မာအင်ဂျင်နီယာတွေ သက်သက်သာလုပ်ဆောင်ပါတယ်။ ကုမ္ပဏီက အင်ဂျင်နီယာချုပ်တစ်ဦး၊ ပရောဂျက်အင်ဂျင်နီယာနှစ်ဦး၊ ဆိုက်အင်ဂျင်နီယာ ၁၀ ဦး အင်အား ၃၂ ယောက်နဲ့ လှည့်ပတ်ဆောင်ရွက်နေပါတယ်။ ကွန်ကရစ်ကြမ်းခင်းနဲ့ သွပ်မိုး၊ စတီးတိုင်တွေနဲ့ ပေ(၃၀၀×၄၀၀) အဆောက်အအုံနှစ်လုံး၊ ပေ(၆၂၀×၂၄၀) အဆောက်အအုံတစ်လုံး၊ ပေ(၆၂၀×၁၈၀) အဆောက်အအုံတစ်လုံးနဲ့ အားလုံးအဆောက်အအုံလေးလုံးဖြစ်ပြီး ဆိုင်ခန်းတစ်ခန်းကို (၅×၁၁)ပေ အကျယ်ဆိုင်ခန်းပေါင်း ၁၅၀၀ ပါဝင်မှာဖြစ်ပါတယ်။ လုံးချင်းလူနေဆိုင်ခန်းပေါင်း ၂၀၀ ထည့်သွင်းတည်ဆောက်ထားပါတယ်။ ယာဉ်ရပ်နားဖို့အတွက် ယာဉ်အစီးရေ ၂၅၀၀ ကျော် ရပ်နားနိုင်မဲ့ ယာဉ်ရပ်နားစခန်းပါရှိမှာဖြစ်ပါတယ်။ စီမံကိန်းတစ်ခုလုံးအတွက် ၁၁၈ ဘီလီယံ ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်မှာ နောက်ဆုံးအပြီးသတ် တည်ဆောက်ရမှာဖြစ်လို့ အခုအခြေအနေအရတော့ ၃၅ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ လုပ်ငန်းပိုင်းကိုအပိုင်းသုံးပိုင်းခွဲပြီး လုပ်ဆောင်နေတာဖြစ်လို့ သတ်မှတ်ရက်ထက် ဆောလျင်စွာ ပြီးမယ်လို့ထင်ပါတယ်"ဟု ပြောသည်။

3 Story Shop House/ Fruit & Vegetable Wholesale Shop နှင့်ဆက်စပ်သည့် အဆောက်အအုံများ ၂၁ ခု တည်ဆောက်ပြီးပါက စိုက်ပျိုးထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူနှင့် ပြည်သူများအနေဖြင့် ကုန်စည်စီးဆင်းမှု လျင်မြန်လွယ်ကူသည့် အကျိုးစီးပွားဖြစ်ထွန်းရာဈေးကွက်နေရာတစ်ခု ဖြစ်လာတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၈**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ထုံးကျောက်ဂူရှစ်ခုကို ထိန်းသိမ်းသွားမည်

**မုဒုံ မေ ၁၈**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ဇီဝမျိုးကွဲများစွာ ရှင်သန်ကျက်စားသည့် ထုံးကျောက်ဂူရှစ်ခုကို ဒေသခံများနှင့်ပူးပေါင်းပြီး ထိန်းသိမ်းသွားမည်ဖြစ်ကြောင်းသိရသည်။ နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့်အပင်ထိန်းသိမ်းရေးအဖွဲ့ (FFI) မြန်မာနိုင်ငံအထက်ပိုင်းစီမံကိန်း မန်နေဂျာ ဦးငွေလွင်က မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ အရေးကြီးဂူနေရာရှစ်ခုကို ရွေးချယ်ကာ ပညာပေးလုပ်ငန်းနှင့်ထိန်းသိမ်းသွားမည်ဆိုပါက အဆိုပါဒေသသို့ ပြည်တွင်း ပြည်ပ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ထုံးကျောက်ဂူရှစ်ခုမှာ ကျွဲမင်ဂူ၊ လင်းနို့ဂူ၊ တောင်ကလေးဂူ၊ ဓမ္မသတ်ဂူ၊ ရသေ့ပြန်ဂူ၊ ဆဒ္ဒန်ဂူ၊ ဘုရင့်ညီဂူနှင့် ဆဒ္ဒန်ဆင်ဂူတို့ကို ရွေးချယ်၍ ဒေသခံများနှင့်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်သည်။

ယင်းဂူများတွင်ကျက်စားသည့် ကမ္ဘာ့အသေးဆုံးသတ်မှတ်ထားသည့် လင်းနို့မျိုးစိတ်များနှင့် ကျောရိုးမဲ့ ရှားပါးမျိုးစိတ်များ၊ ဇီဝမျိုးစုံ မျိုးကွဲများအား ထိန်းသိမ်းရေးထုံးကျောက်ဂူများတွင် ကျောက်ဆက်ပန်းဆွဲ၊ ကျောက်ဆက်မိုးမျှော်၊ ထုံးကျောက်တိုင်၊ ဂူအတွင်းပိုင်း တချို့နေရာများတွင် ကျောက်သွေးများကိုလည်းကောင်း၊ အချို့နေရာများတွင် ဂူထဲမှ လင်းနို့ချေးစီးပွားဖြစ်ထုတ်လုပ်ရောင်းချရေးနှင့် ထုံးကျောက်ဂူရှစ်ခုစလုံးတွင် သဘာဝအတိုင်း မပျက်စီးသေးသော ဂေဟစနစ်ကို တွေ့မြင်ရမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းအနေဖြင့် နိုင်ငံခြားသားများ လာရောက်လေ့လာနိုင်မည့်ဒေသသစ်တစ်ခုဖြစ်လာနိုင်ကြောင်း ဦးငွေလွင်က ပြောကြားခဲ့သည်။

**မုဒုံ-မောင်မောင်**

# လမ်းလျှောက်ခြင်း

**အောင်ထူး**

**ကျွန်တော့်ဖခင်သည် နံနက်တိုင်းလမ်းလျှောက်လေ့ရှိသည်။ ပင်စင်ယူပြီးသည်မှစ၍ ကွယ်လွန်သည်အထိဖြစ်သည်။ သမိုင်း(၂)ရပ်ကွက်မှ လှိုင်တက္ကသိုလ်ကျောင်းဝင်း အင်းလျားကန်နားအထိ အသွားအပြန်လျှောက်လေ့ရှိသည်။ လမ်းလျှောက်သဖြင့် အဖေသည် အတော်ကျန်းမာသည်။ အသက်(၈၄)နှစ်မှာ ဆုံးသွားခဲ့သော်လည်း ရောဂါကြီးကြီးမားမားတော့မရှိ။ အဖေ့ဥပမာကိုယူ၍ ရောက်သည့်နေရာတိုင်း လမ်းလျှောက်လေ့ရှိသည်။ ငယ်ငယ်တုန်းကတော့ စက်ဘီးပါစီးသည်။**

ဂျာမနီတွင်နေစဉ်က မိသားစုလေးယောက်စက်ဘီးတစ်စီးစီရှိကြသည်။ ရုံးပိတ်ရက်များတွင် စက်ဘီးဖြင့် ဘွန်းမြို့မှ ဇီဘုတ်ခေါ် ၁၀ ကီလိုမီတာမျှဝေးသောအရပ်သို့ စက်ဘီးအသွားအပြန်စီးသည်။ ဂျာမနီတွင် စက်ဘီးလမ်းကို အသေအချာလုပ်ပေးထားသည်။ စက်ဘီးလမ်းသည် မြို့ချင်းဆက်လမ်းများနှင့် အပြိုင်ဖြစ်၍ ကားတစ်စီးအသာမောင်းနိုင်အောင်ကျယ်သည်။ ဂျာမနီမှ မိသားစုများသည် ပိတ်ရက်များတွင် ထိုစက်ဘီးလမ်းများတွင် စက်ဘီးစီးကြသည်။ အိမ်တိုင်းမှာ ကလေးပေါက်စလေးကအစ လူကြီးများအထိ စက်ဘီးကိုယ်စီရှိကြသည်။

သူတို့၏ စက်ဘီးယဉ်ကျေးမှုဟု ခေါ်နိုင်လေသည်။ တစ်လတွင် စနေနေ့ တစ်ရက်မှာတော့ ဖလိုးမတ်(Floh Mart)ခေါ် မိမိအသုံးမလိုတော့သည့် အပိုပစ္စည်းများကို ရောင်းသည့်ဈေးကို ဘွန်းဒတ်စ်ဂါးဒင်းခေါ် ပြည်ထောင်စုဥယျာဉ်တွင် ပြုလုပ်သည်။ ဈေးတန်းသည် ၄ ကီလိုမီတာမျှရှိသည်။ ပစ္စည်းတွေက စုံသည်။ အသုံးမလိုသည့် ပစ္စည်းများကို သူများသုံးနိုင်ရန်ဖြစ်သည်။ ယခုလိုပြုလုပ်ခြင်းသည် အမှိုက်စွန့်ပစ်မှုကိုလည်း သက်သာစေသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုစေသည်။ ဂျာမန်တွေက ဈေးစကားသိပ်မပြော။ သူ၏ပစ္စည်းကို တခုတ်တရသုံးစွဲလိုသည်ဟုသိရလျှင် ဈေးလျှော့ပေးတတ်သည်။ ဤသည်ကိုသိသော ဇနီးသည်က Vie Viel ဘယ်လောက်လဲဟုမမေးတော့။ ပစ္စည်းတစ်ခုကို ကိုင်မကြည့်ဘဲ ဘယ်လောက်လဲဟုမေးလျှင် ဂျာမန်တွေက သိပ်မကြိုက်တတ်။ သူ့ပစ္စည်းကို သေချာကိုင်ကြည့် ဘယ်လိုသုံးရသည်ဟု မေးလျှင် ဂျာမန်တွေက စိတ်ရှည်လက်ရှည် ရှင်းပြလေ့ရှိသည်။

ယင်းပစ္စည်းကို လိုချင်သည်ဟု အမူအရာက ဖော်ပြလျှင် အလကားနီးပါး ဈေးလျှော့ပေးတတ်သည်။ ဘွန်းမြို့ပြည်ထောင်စုဥယျာဉ်သည် လမ်းလျှောက်ရန် အလွန်ကောင်းသောနေရာဖြစ်သည်။ ဆောင်းတွင်းများတွင် ဥယျာဉ်အတွင်းမှ ရေကန်များမှာ ရေခဲတတ်သည်။ ရေခဲပြင်ပေါ် လမ်းလျှောက်ရသည်မှာလည်း အရသာတစ်မျိုးပင်။

နယူးယောက်ရောက်တော့ အိမ်က မင်ဟက်တန်၏ အရှေ့မြောက်ဘက် ပထမရိပ်သာလမ်းအရှေ့မြစ်ဘေးတွင်ရှိသည်။ မြစ်ကမ်းဘေးတွင် ပန်းခြံများ၊ လမ်းလျှောက်ရန်နေရာများ လုပ်ပေးထားသည်။ မြစ်အတွင်း ခရီးသွားလုပ်ငန်းသင်္ဘောများ၊ ကုန်တင်သင်္ဘောကြီးများသွားသည်။ အရှေ့မြစ်ကိုဖြတ်သော ထရိုင်ဘောရိုးတံတား၊ ကွင်းစ်တံတား၊ ဝီလီယံစဘတ်တံတား၊ ဘရုတ်ကလင်းတံတားများရှိသည်။ ရုပ်ရှင်ထဲတွင် မြင်တွေ့နေကျ တံတားများဖြစ်သည်။ မိမိတို့အိမ်ရှိရာ ၉၄ လမ်းမှ ၇၂ လမ်းအထိ မြစ်ဘေးပန်းခြံရှိသည်။ ရှုခင်းများကိုကြည့်ရင်း ၇၂ လမ်းသို့ ရောက်မှန်းမသိရောက်သွားသည်။ ညနေရုံးပြန်လာတိုင်းလျှောက်ဖြစ်သည်။ တစ်ခါတစ်ရံ ဗဟိုပန်းခြံအတွင်းလျှောက်သည်။ ဗဟိုပန်းခြံကို နယူးယောက်မြို့၏ အဆုတ်ဟု သတ်မှတ်နိုင်သည်။ ညစ်ညမ်းသောလေများကို သန့်စင်ပေးသောကြောင့်ဖြစ်သည်။

ပဉ္စမရိပ်သာလမ်းနှင့် ဆဋ္ဌမရိပ်သာလမ်းအကြား လမ်း ၆၀ မှ ၁၁၀ အထိရှိသည့် ပန်းခြံကြီးဖြစ်သည်။ ဟောလီးဝုဒ်ရုပ်ရှင်များတွင်ပါလေ့ရှိသည့် Central Park ခေါ် ပန်းခြံဖြစ်သည်။ မိမိတို့၏ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးအနီးတွင်ရှိသဖြင့် မကြာမကြာရောက်ပါသည်။ ပန်းခြံထဲမှာ အစုံရှိသည်။ တိရစ္ဆာန်ရုံအငယ်တစ်ခုလည်းရှိသည်။ ကလေးငယ်များ အဝေးထိန်းစနစ်ဖြင့် ကစားစရာ သင်္ဘောငယ်များလွှတ်သည့် ရေကန်လည်း ရှိသည်။ လှေများစီးနိုင်သည့် ရေကန်လမ်းရှိသည်။ ဆောင်းတွင်းမှာ ရေခဲပြင်လျှောစီးသည့် စကိတ်ကွင်းလည်းရှိသည်။ ပန်းခြံထဲလမ်းတွေမှာ စက်ဘီး၊ စကိတ်စီးနိုင်သည်။ နယူးယောက်မြို့တွင် အဲဗင်းနျူးဟုခေါ်သည့် ရိပ်သာလမ်းများသည် ပလက်ဖောင်းကျယ်၍ လမ်းလျှောက်ရန် အလွန်ကောင်းသည်။ နာမည်အကျော်ဆုံးက ပဉ္စမရိပ်သာလမ်းမကြီးဖြစ်သည်။ လမ်းတစ်လျှောက် နာမည်ကြီးသည့် ဆိုင်ကြီးများရှိသည်။ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ဖြင့် လျှောက်ရသည်မှာ မောရမှန်း ပန်းရမှန်းမသိ။

စင်ကာပူမှာတော့ မိမိအိမ်က Botanic Gardens ခေါ် ရုက္ခဗေဒဥယျာဉ်နံဘေးမှာရှိသည်။ နံနက်တိုင်း ၆ နာရီတွင် လမ်းထလျှောက်သည်။ စင်ကာပူတွင် ၆ နာရီသည် မှောင်တုန်းဖြစ်သည်။ သို့သော်လည်း ပန်းခြံထဲမှာတော့ လမ်းလျှောက်သူတွေ များးစွာရှိသည်။ ထိုက်ကျိ၊ ဓားသိုင်းလေ့ကျင့်ခန်းလုပ်သူတွေလည်းရှိသည်။ ပန်းခြံဖြစ်၍ ပန်းရနံ့များသင်းနေသည်။ ငှက်မျိုးစုံ၏အသံများလည်းကြားရသည်။ ဥသြသံကတော့ ၁၂ လရာသီလုံးကြားနေရသည်။ ရေတံခွန်ရှိသည်။ ရေကန်လည်းရှိသည်။ ဇနီးသည်က ရေကန်အတွင်း ငါးများကို ပေါင်မုန့်အစများ ကျွေးလေ့ရှိသည်။ သေးငယ်လှသည့် စင်ကာပူအတွက် ရုက္ခဗေဒဥယျာဉ်သည် အဖိုးမဖြတ်နိုင်သည့် နေရာဖြစ်သည်။

စင်ကာပူမှာလည်း ဈေးသွားရင်း လမ်းလျှောက်ဖြစ်သည်။ လေအေးစက်တပ်ထားသည့် ဈေးဝယ်စင်တာများ၊ ဘတ်စ်ကားများ၊ မြေအောက်ရထားများ ရှိသဖြင့် သက်သောင့်သက်သာရှိသည်။ လေအေးစက်နှင့် ပတ်သက်၍ မိမိမိတ်ဆွေ စင်ကာပူနိုင်ငံသားတစ်ဦးက ပြောဖူးသည်။ သူတို့ခေါင်းဆောင်ကြီးလီကွမ်ယု၏ ဆုံးဖြတ်ချက်တစ်ခုသည် ယခုအချိန်တွင် ရယ်ဖွယ်ဟု ဆိုနိုင်သော်လည်း ကောင်းမွန်သောဆုံးဖြတ်ချက်ဟု ဆိုသည်။ ယင်းဆုံးဖြတ်ချက်မှာ စင်ကာပူရှိ ရုံးများတွင် လေအေးစက်များ မတပ်မနေရတပ်ဆင်ရန် အမိန့်ထုတ်ခဲ့ခြင်းဖြစ်သည်။ လေအေးစက်များကြောင့် ပူအိုက်လှသည့် စင်ကာပူတွင် ထုတ်လုပ်မှုစွမ်းအားကို တိုးတက်စေခဲ့သည်ဟု ဆိုပါသည်။ စင်ကာပူရှိ မိမိတို့အကြိုက်ဆုံး ဈေးဝယ်စင်တာက မရီးနားဘေး ဈေးဝယ်စင်တာဖြစ်သည်။ ဈေးဝယ်ပြီးလျှင် တစ်ခုခုစားသည်။ စားပြီးသည်နှင့် မရီးနားဘေးရှိ ပြဇာတ်ရုံရှိရာသို့သွားသည်။ ညတိုင်း ၇ နာရီမှာ ကြည့်ချင်ပွဲ အခမဲ့ဖျော်ဖြေမှုတစ်ခုခုရှိနေသည်။ တစ်နာရီပွဲကြည့်ပြီးလျှင် ဘတ်စ်ကားစီး၍ အိမ်သို့ပြန်သည်။

နေပြည်တော်တွင်လည်း လမ်းလျှောက်ဖြစ်သည်။ နေပြည်တော်ရောက်စက လမ်းတွေ မကောင်းသေးတော့ လမ်းရှာ၍လျှောက်ကြသည်။ တချို့လမ်းတွေက ဖုန်တွေနဲ့ပြည့်နေသည်။ စင်ကာပူက ပြန်လာတော့လမ်းတွေ၊ ပလက်ဖောင်းတွေကောင်းနေပြီ။ နေပြည်တော်သည် လမ်းလျှောက်ရန်အကောင်းဆုံးနေရာဖြစ်လာသည်။ နေပြည်တော်မှာ ဘူးကွဲအရပ်တွင် နေရသည်။ နံနက်တိုင်းလမ်းလျှောက်ဖြစ်သည်။ တစ်ခါတစ်ရံ ဆက်သွယ်ရေးမှာ ကျောင်းအုပ်ကြီးလုပ်နေသည့် သူငယ်ချင်းနှင့် လမ်းမှာဆုံသည်။ စကားတွေ ဖောင်လောက်အောင်ပြောပြီး လမ်းလျှောက်ဖြစ်ကြသည်။ နေပြည်တော်မှာ စက်ဘီးစီးဖို့လည်း ကြိုးစားသေးသည်။ လမ်းတွေက မကောင်းသဖြင့် စက်ဘီးက ပျက်သွားသည်။ သို့သော်လည်း လမ်းကိုတော့ မှန်မှန်လျှောက်ဖြစ်သည်။ လမ်းလျှောက်ရင်း ဘုရားစာဆိုသည်။ နံနက်စောစော ဘူးကွဲလမ်းမကြီးတစ်လျှောက် လျှောက်သူအတော်များများရှိသည်။ တချို့က ရေဒီယိုကလေးများကိုင်လာပြီး သတင်းများကို နားထောင်ကြသည်။ အချို့ကတော့ အမ်ပီသရီးများဖြင့် တရားခွေများကိုဖွင့်၍ လမ်းလျှောက်ကြသည်။ နေပြည်တော်က နေမထွက်ခင် လမ်းလျှောက်၍ကောင်းသဖြင့် ခြောက်နာရီခန့် ထွက်လျှောက်သည်။ အပြန်မှာ ဂန္ဓမာဈေးဝင်ပြီး အကြော်နှင့်အသီးအနှံများ ဝယ်ခဲ့သည်။ ကျွန်တော့်သူငယ်ချင်းက နံနက်လမ်းလျှောက်ရင် တစ်နေ့လုံး စိတ်ကြည်နေသည်ဟုဆိုသည်။ တစ်နေ့တာလုံး ရုံးကိစ္စတွေနှင့် နပန်းလုံးရသူများအနေဖြင့် လမ်းလျှောက်ခြင်းသည် မိမိစိတ်ကို တက်ကြွလန်းဆန်းစေ၍ တစ်နေ့တာအတွက် စိတ်ခွန်အားကို ပေးသည်ဟု ဆိုနိုင်သည်။

နေပြည်တော်မှာ လေးနှစ်ကျော်ကြာနေပြီးတော့ ဗန်ကောက်သို့ရောက်သည်။ ဗန်ကောက်သည် ပူအိုက်သည့်မြို့ဖြစ်သည်။ သို့ဖြစ်၍ ဗန်ကောက်သူ ဗန်ကောက်သားများသည် လမ်းလျှောက်သည့် အလေ့အထနည်းသည်။ လေအေးစက်တပ်ထားသည့် အခန်းများတွင်သာ နေကြသည်။ လမ်းလျှောက်ချင်လျှင် လုမ္ဗနီဥယျာဉ်သို့ သွားရသည်။ သို့သော်လည်း တကူးတကဖြစ်၍ မသွားဖြစ်။ လမ်းလျှောက်ချင်လျှင် ဈေးဝယ်စင်တာများသို့သွား၍ ဈေးဝယ်ရင်း လမ်းလျှောက်ကြသည်။ စနေ၊ တနင်္ဂနွေဆိုလျှင်တော့ ဈေးဝယ်စင်တာများတွင် နံနက် ၁၁ နာရီမှ ညနေ၇ နာရီခန့်အထိ လျှောက်ကြသည်။ မြို့ထဲသွားနေကျ စင်ထရယ်ဝေါလ်၊ ဘစ်-စီ၊ ပလက်တီနမ်၊ မာဘွန်ကရောင်၊ ချောက်တူချောက် Weekend Market စသည်များသာမက Terminal-21, Fortune Town IT Mall, Union Mall, Siam Orchid Centre, Mega Bangna, EM, Emporium စသည်ဖြင့် ရောက်သည်။ စီလုံလမ်းကို ပိတ်၍ နှစ်ပတ်တစ်ကြိမ်ပြုလုပ်သည့် ဈေးပွဲ (Street Fair) ကိုလည်း ရောက်ဖြစ်သည်။ အစားအသောက်တွေစုံသည်။ ဖျော်ဖြေရေးလည်းရှိသည်။ ဗန်ကောက်သည် ဈေးဝယ်ရုံမျှမဟုတ်ပါ။ ဗန်ကောက်မြို့တွင် စေတီပုထိုးပေါင်း ၄၀၀ ကျော်ရှိသည်။

တချို့က ဟိန္ဒူဘုရားကျောင်း၊ တချို့က တရုတ်ဘုရားကျောင်း၊ မြဘုရား၊ လျောင်းတော်မူဘုရား Wat Po၊ ရွှေသားဖြင့်ပြီးသည့် Wat Trimit ဘုရား၊ တောင်ပေါ်က ဝပ်ဆာကက်ခေါ် Golden Mount၊ တရုတ်တန်းက ဘုံကျောင်း၊ လေးမျက်နှာ အေရာဝမ် ဟိန္ဒူဘုရာကျောင်း စသည်ဖြင့် များစွာရှိသည်။ ဘုန်းတော်ကြီးကျောင်းများလည်း များစွာရှိသည်။ ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်းဆိုသလို ဘုရားလည်းဖူးဈေးလည်းဝယ်ဖြစ်သည်။ ဗန်ကောက်တွင် ပူအိုက်သော်ငြားလည်း လမ်းလျှောက်ကတော့မပျက်ပါ။ ပူလာလျှင် လမ်းဘေးကြံရည်အေးအေးနှင့် အုန်းသီးရေခဲမုန့်ကိုစားဖြစ်သည်။ လမ်းလျှောက်နည်းသော ဗန်ကောက်သူ ဗန်ကောက်သားများအတွက် အိမ်ရှေ့မင်းသားက Bike for Mom, Bike for Dad ဟူသည့်လှုပ်ရှားမှုကို လုပ်သည်။ ဘုရင့်သားက ခေါင်းဆောင်သဖြင့် ဗန်ကောက်သူ ဗန်ကောက်သားများ အနေဖြင့် ဘုရင်နှင့်မိဖုရားကို ရည်စူးကာ လမ်းပေါ်သို့ စက်ဘီးစီးရန်ထွက်လာကြသည်။ အောင်မြင်သည့် လှုပ်ရှားမှုတစ်ခု ဖြစ်ခဲ့သည်။

> **လမ်းလျှောက်နည်းသော ဗန်ကောက်သူ ဗန်ကောက်သားများအတွက် အိမ်ရှေ့မင်းသားက Bike for Mom, Bike for Dad ဟူသည့် လှုပ်ရှားမှုကို လုပ်သည်။ ဘုရင့်သားက ခေါင်းဆောင်သဖြင့် ဗန်ကောက်သူ ဗန်ကောက်သားများအနေဖြင့် ဘုရင်နှင့်မိဖုရားကိုရည်စူးကာ လမ်းပေါ်သို့ စက်ဘီးစီးရန်ထွက်လာကြသည်။ အောင်မြင်သည့် လှုပ်ရှားမှုတစ်ခု ဖြစ်ခဲ့သည်**

ဂျကာတာရောက်လာတော့ မိမိရပ်ကွက်က ကေဘာရောရမ် ရပ်ကွက်သစ်ဖြစ်သည်။ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်ပြီး သစ်ပင်သစ်ရိပ်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိသည်။ နံနက်တိုင်းလမ်းလျှောက်ဖြစ်သည်။ ရပ်ကွက်ထဲမှာတော့ ကားမများလှ၊ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်ပြီး အိမ်တိုင်းမှာ အစောင့်ရှိသည်။ အစိုးရအရာရှိကြီးများလည်းနေသည်။ နိုင်ငံခြားသံအမတ်ကြီးများ၏ အိမ်များစွာရှိသည်။ ဂျကာတာသည် ကားကျပ်မှုဖြင့် နာမည်ကြီးသည့်မြို့ဖြစ်သည်။ ဒတ်ချ်တို့အုပ်စိုးခဲ့သည့် ဂျကာတာတွင် မြို့ကွက်များသည် ဥရောပမြို့ကွက်များနှင့်ဆင်သည်။ လမ်းများသည် အဖြောင့်နည်းသည်။ ဝန်းပတ်၍သွားသည်။ တချို့လမ်းများမှာ တစ်လမ်းမောင်းဖြစ်သည်။ မြို့ကြီးကို မိုးပျံမြို့ပတ်လမ်းကြီးနှစ်ခု (ring roads)ဖြင့် ပတ်ထားသည်။ မြို့ပတ်လမ်းအဝင်နှင့် အထွက်တွင် ကားကျပ်လေ့ရှိသည်။ အချိန်ကို အစိုးမရ။ ချိန်းထားတာရှိလျှင် ကြိုသွားရသည်။ တစ်ခါတစ်ရံတော့ ကားမပိတ်၊ ကိုယ်ကစော၍ ရောက်နေသည်။ တစ်နေရာရာတွင် ကားရပ်၍ ချိန်းထားသည့်အချိန်နီးအောင် စောင့်ရသည်။ စောနေ၍ နောက်တစ်ခေါက်ကပ်၍ မထွက်ပါနှင့်။ အချိန်မီရောက်မည်မဟုတ်တော့။ စင်ကာပူနှင့် ဗန်ကောက်တွင် ကားများသော်လည်း ဂျကာတာလောက်ကားမကျပ်။ ဂျကာတာက စင်ကာပူလို မြေအောက်ရထားမရှိသေး။ BRT ခေါ် ကားစနစ်သာရှိသည်။ တစ်ချိန်က ကားကျပ်သည်ဟု နာမည်ကျော်ခဲ့သော ဗန်ကောက်တွင် မိုးပျံရထား၊ မြေအောက်ရထားများ၊ မိုးပျံလမ်းများ ရှိလာသဖြင့် ယခင်ကလောက် ကားမကျပ်တော့။ ကားကျပ်စပြုနေသည့် ရန်ကုန်မြို့တွင်လည်း မြေအောက်ရထား၊ မိုးပျံရထား၊ မိုးပျံလမ်းမများ ဆောက်လုပ်ရန်လိုနေပြီဟု ထင်သည်။

ဂျကာတာသည် ကားကျပ်သော်လည်း ချစ်စရာကောင်းသည့် ဓလေ့မှာ တနင်္ဂနွေနေ့တိုင်း အဓိကလမ်းမကြီးများတွင် Car Free Day ကျင့်သုံးခြင်းဖြစ်သည်။ ကျွန်တော်ရုံးသွားလေ့ရှိသည့် ဆူဒီရာမန်လမ်းမကြီးသည် ရန်ကုန်မြို့ရှိ ပြည်လမ်းကဲ့သို့ အဓိကလမ်းမကြီးဖြစ်သည်။ တနင်္ဂနွေနေ့ နံနက် ၆ နာရီမှ ၁၁ နာရီအထိ ကားကင်းမဲ့သည့် လမ်းအဖြစ် ကျင့်သုံးပါသည်။ ကားများဖြင့် ပြည့်နေတတ်သော လမ်းမကြီး၌ ယင်းအချိန်တွင် BRT မှလွဲ၍ ကားမရှိ။ ဂျကာတာမြို့တော်သူ မြို့တော်သားများသည် ယင်းအချိန်တွင် စက်ဘီးစီးကြသည်၊ ပြေးကြသည်၊ လမ်းလျှောက်ကြသည်။ တစ်နှစ်မှတစ်ခါ ဒီဇင်ဘာလမှလုပ်သည်မဟုတ်။ တစ်နှစ်ပတ်လုံးအပတ်တိုင်း ဆောင်ရွက်ကြသည်။ လမ်းမကြီးတစ်လျှောက် ဖျော်ဖြေမှုများ၊ တေးသံသာများဖြင့် စည်ကားနေသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလည်းဖြစ်သည်။ ကျန်းမာရေးလေ့ကျင့်ခန်းများကိုလည်း လုပ်နိုင်ကြသည်။ စာရေးသူလည်း တနင်္ဂနွေနေ့နံနက်တိုင်း ပါဝင်ဆင်နွှဲသည်။ မြန်မာနိုင်ငံတွင်လည်း ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပြည်လမ်းမကြီးတို့ကို တနင်္ဂနွေနေ့တိုင်း အားကစားလေ့ကျင့်နိုင်ရန် Car Free Day ကျင့်သုံးလျှင် ကောင်းလေစွဟု တမ်းတမိသည်။

ဤဆောင်းပါး၏ ရည်ရွယ်ချက်မှာ လမ်းလျှောက်ခြင်းဖြစ်သည်။ လမ်းလျှောက်ခြင်းသည် ကုန်ကျစရိတ်အနည်းဆုံးနှင့် ကျန်းမာရေးအတွက် အထိရောက်ဆုံးဖြစ်သည်။ ဆရာဝန်များက တစ်နေ့လျှင် တစ်နာရီခန့် လမ်းလျှောက်ပါဟုဆိုသည်။ လမ်းလျှောက်ရန်အတွက် လိုအပ်သည့် အခြေအနေကောင်းများကိုလည်း မြို့ပြများတွင် ဖန်တီးပေးရန်လိုမည်ဖြစ်သည်။ ပလက်ဖောင်းများတွင် လျှောက်နိုင်ရန် စီစဉ်ပေးထားရမည်။ စက်ဘီးလမ်း၊ လျှောက်လမ်းများကို ဖန်တီးပေးထားရမည်။ ယင်းသို့ ဖန်တီးပေးမှုကြောင့် ဘတ်ဂျက်ကုန်ကျစရိတ်များ ရှိမည်ဖြစ်သော်လည်း ကျန်းမာရေးမကောင်းသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရသောစရိတ်ကို သက်သာစေမည်ဖြစ်ပါသည်။ ထုတ်လုပ်မှုစွမ်းအားတိုးတက်မှုကိုလည်း အထောက်အကူပြုစေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ လမ်းလျှောက်ကြပါ။ စက်ဘီးစီးကြပါဟု တိုက်တွန်းလိုက်ရပါသည်။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနတို့အတွက် ကမ္ဘာ့ဘဏ်မှ ကန်ဒေါ်လာ သန်း ၂၀၀ ချေးယူရန် ပြည်ထောင်စုလွှတ်တော်က သဘောတူ




**နေပြည်တော် မေ ၁၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးယူရန်ကိစ္စကို ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။

အဆိုပါ အမေရိကန်ဒေါ်လာ သန်း ၂၀၀ အား ဆောက်လုပ်ရေးဝန်ကြီးဌာနက သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသည့် လမ်းများအဖြစ် ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၀၅ သန်းနှင့် Project Management လုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၀ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကျေးလက်လမ်းများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ သန်း ၇၀၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အရေးပေါ်တုံ့ပြန်မှုချေးငွေအဖြစ် လျာထားရန် အမေရိကန်ဒေါ်လာ ၁၅ သန်း ခွဲဝေသုံးစွဲမည်ဖြစ်သည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်အောင်က ချေးငွေဖြင့် အကောင်အထည်ဖော်မည့် လုပ်ငန်းများမှာ သဘာဝဘေးဒဏ်ခံရသည့် ပြည်သူများအတွက် အမှန်တကယ်ဆောင်ရွက်သင့်သည့် လုပ်ငန်းများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအလိုက် စီမံကိန်းအထောက်အကူပြုလျာထားခြင်း၊ သုံးစွဲခြင်းအပိုင်းများတွင် မလိုလားအပ်သော ကုန်ကျမှုများ မဖြစ်စေရန် ထပ်မံစိစစ်သင့်ပြီး ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် စနစ်တကျ မှန်ကန်စွာသုံးစွဲသင့်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ရေရှည်တည်တံ့ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသည့်အတိုင်း ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က အဆိုပါချေးငွေကို သုံးစွဲမည့် ရည်ရွယ်ချက်များမှာ ၂၀၁၅ ခုနှစ် ပြည်သူများတွေ့ကြုံခဲ့ရသည့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများကို ပြုပြင်ရန်နှင့် အရေးပေါ်အခြေအနေများကျရောက်ပါက လျင်မြန်စွာ တုံ့ပြန်နိုင်ရန် သုံးစွဲမည်ဖြစ်ပြီး အများပြည်သူအကျိုးကို ဆောင်ရွက်မည့်လုပ်ငန်းဖြစ်သည့်အတွက် ကြိုဆိုထောက်ခံကြောင်း၊ စီမံကိန်းများ၏ တိုးတက်မှုများကို ပြည်ထောင်စုလွှတ်တော်သို့ ခြောက်လတစ်ကြိမ် အစီရင်ခံသင့်ပါကြောင်း၊ ချေးငွေများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ကမ္ဘာ့ဘဏ်မှချေးယူမည့် အမေရိကန်ဒေါ်လာသန်း ၂၀၀ သည် အတိုးမဲ့ချေးငွေဖြစ်ပြီး ဝန်ဆောင်ခ တစ်နှစ်လျှင် ၀ ဒသမ ၇၅ ရာခိုင်နှုန်း ပေးရမည်ဖြစ်ကာ ဆိုင်းငံ့ကာလ ခြောက်နှစ်၊ ပြန်ဆပ်ကာလ ၃၂ နှစ်ဖြစ်သည်။

အစည်းအဝေးတွင် **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ်ချေးငွေအတွက် ၅၀၀ ဘီလီယံအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူခွင့်**နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက အဆိုပါချေးငွေကို ဗဟိုဘဏ်၏ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ငွေတိုက်လက်မှတ်များပေးအပ်ရန်ဖြစ်ပြီး အဆိုပါ ငွေတိုက်လက်မှတ်များကို ချေးငွေ အကျေပေးချေခြင်းအထိ အကြိမ်ကြိမ်သက်တမ်းတိုးရမည်ဖြစ်ပါကြောင်း၊ ချေးငွေကာလမှာ တစ်နှစ်သာဖြစ်ပြီး အတိုးနှုန်းမှာလည်း ၅ ရာခိုင်နှုန်းသာဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ချေးငွေကို မိုးရာသီမတိုင်မီ ချေးယူသွားမည်ဖြစ်ကြောင်း၊ ချေးငွေစည်းကမ်းချက်များနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသည်။

စိုက်ပျိုးစရိတ်ချေးငွေအတွက် ၅၀၀ ဘီလီယံအား ချေးယူရသည့် ရည်ရွယ်ချက်မှာ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ တောင်သူလယ်သမားများ၏ လက်ဝယ်သို့အချိန်မီရောက်ရှိရေးနှင့် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတိုးမြင့် စေရေးအတွက် သုံးစွဲရန်ဖြစ်ကြောင်းသိရသည်။

ယင်းချေးငွေကိစ္စနှင့်စပ်လျဉ်း၍ မေ ၂၃ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ်ရယူမည်ဖြစ်သည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ကတိသစ္စာပြုခြင်း(**အပေါ်ပုံ**)၊ ကျန်းမာရေးဝန်ကြီးဌာန အမည်အစား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အဖြစ်လည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန အမည်အစား တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအဖြစ်လည်းကောင်း အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းအား တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**



# မြန်မာ-အမေရိကန် နှစ်နိုင်ငံကြား အကျိုးစီးပွားဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံ American Chamber of Commerce အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ရေးရာဆောင်အမှတ် (I-1) အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံကြား အကျိုးစီးပွားဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ (**အပေါ်ပုံ**)

အလားတူ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဗီဗီယန် ဘာလာခရစ်ရှ်နန်အား ညနေ ၄ နာရီခွဲတွင် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေတိုးတက်လာမှုအပေါ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၁၈**

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းသည် 2016 IMF Staff Visit Mission မှ Mr.Yongzheng Yang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-3) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေတိုးတက်လာမှုအပေါ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ငွေကြေးဖောင်းပွမှုဆိုင်ရာ ကိစ္စရပ်များ လျော့နည်းပပျောက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဘတ်ဂျက်သုံးစွဲမှုဆိုင်ရာများနှင့် စပ်လျဉ်းပြီး ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အလုပ်သမားများအတွက် ကျန်းမာရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များအတွက် ဒိန်းမတ်နိုင်ငံ ကူညီမည်

**နေပြည်တော် မေ ၁၈**

ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းသည် ဒိန်းမတ်နိုင်ငံသံအမတ်ကြီး Mr. Peter Lysholt Hansen နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-6) ရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒိန်းမတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ရှိသော အလုပ်သမားများအတွက် ကျန်းမာရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များအတွက် အကူအညီပေးအပ်လိုကြောင်းနှင့် အလုပ်သမားများဘဝကို အထောက်အပံ့ပေးနိုင်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ယခင်အစိုးရလက်ထက် ဆိုင်းငံ့စီမံကိန်းခြောက်ခုကို ယခုအစိုးရသစ်လက်ထက်တွင် ဆက်လက်ဆောင်ရွက်မည်

**မုဒုံ မေ ၁၈**

မွန်ပြည်နယ်တွင် ယခင်အစိုးရ လက်ထက်က ဆိုင်းငံ့ထားသည့် စီမံကိန်းခြောက်ခုကို ယခုအစိုးရသစ်လက်ထက်တွင် ဆက် လက်ဆောင်ရွက်သွားမည်ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးက ပြောကြားသည်။

ယင်းစီမံကိန်းခြောက်ခုမှာ ဘီးလင်းသကြားစက်ရုံ၊ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အတ္ထရံမြစ်ရေကို သန့်စင်၍ ဖြန့်ဝေခြင်းလုပ်ငန်းအား BOT စနစ်ဖြင့် ဆောင်ရွက်မည့်စီမံကိန်း၊ မုဒုံမြို့နယ်အဝေးပြေးဂိတ်များ ယာဉ်ရပ်နားစခန်းစီမံကိန်းတို့သည် ပြည်ထောင်စုအဆင့်လုပ်ဆောင်ရမည့်စီမံကိန်းများဖြစ်သည်။

ထို့အပြင် သစ်ပုံဆိပ်အိမ်ရာစီမံကိန်း၊ မော်လမြိုင်မြို့ရှိ ဟိုတယ်များအဆင့်မြှင့်တင်ရေးစီမံကိန်းနှင့် ဘိုကုန်းရပ်ကွက်၌ အဆင့်မြင့်ဟိုတယ် တည်ဆောက်ရေးစီမံကိန်းတို့သည် ပြည်နယ်အစိုးရအဆင့် လုပ်ဆောင်ရမည့် စီမံကိန်းများဖြစ်ကြောင်း သိရသည်။

"ဆိုင်းငံ့ထားတဲ့ စီမံကိန်းခြောက်ခုက တစ်ဝက်တစ်ပျက်နဲ့ရပ်ထားတဲ့ စီမံကိန်းဖြစ်တာကြောင့် လုပ်ငန်းပြန်စရတော့မယ်၊ ဘယ်နေ့လုပ်ငန်းပြန်စမယ်ဆိုတာ တိတိကျကျမပြောနိုင်သေးဘူး။ ဘဏ္ဍာရေးအခြေအနေက ဘယ်လိုဆောင်ရွက်ထားသလဲဆိုတာ မသိရသေးဘူး။ လုပ်ငန်းနဲ့ ဘဏ္ဍာရေးအခြေအနေကို လေ့လာဖို့ လိုအပ်မယ်လို့ထင်ပါတယ်။ ပြီးခဲ့တဲ့အပတ်က ဝန်ကြီးအစည်းအဝေးမှာ ဒီစီမံကိန်းတွေ အမြန်ဆုံးပြန်လုပ်ဖို့ ဆွေးနွေးတိုင်ပင်ထားတယ်" ဟု မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးက ပြောကြားသည်။ **မုဒုံ-မောင်မောင်**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဘုန်းတော်ကြီးသင် ဆရာ၊ ဆရာမများ ဝန်ထမ်းဖွဲ့စည်းပုံပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအတိုင်း ခံစားခွင့်မရှိ

**နေပြည်တော် မေ ၁၈**

ဘုန်းတော်ကြီးသင် ဆရာ၊ ဆရာမများသည် စေတနာ၊ ဝါသနာအရ ပရဟိတစိတ်ဖြင့် ဆောင်ရွက်နေကြသူများဖြစ်ပြီး ဝန်ထမ်းဖွဲ့စည်းပုံပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ ခံစားခွင့်ရှိသည့် လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များ ခံစားခွင့်မရှိကြောင်း စလင်းမဲဆန္ဒနယ်မှ ဦးကံဦး၏ မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဖြေကြားလိုက်သည်။

ပြည်ထောင်စုဝန်ကြီးက ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းပြ ဆရာ၊ ဆရာမ တစ်ဦးလျှင် ငွေကျပ် ၃၆၀၀၀၊ အလယ်တန်းပြတစ်ဦးလျှင် ငွေကျပ် ၄၁၀၀၀၊ အထက်တန်းပြတစ်ဦးလျှင်


**စလင်းမဲဆန္ဒနယ်မှ ဦးကံဦး မေးမြန်းစဉ်**

ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် လစဉ်ထောက်ပံ့လျက်ရှိကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေကျပ် ၃ ဒသမ ၇၁ ဘီလီယံခွင့်ပြုထားကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် မွန်ကာကျောင်းကျေးရွာအုပ်စု မခန်းကျေးရွာမှ ဟိုပေါ့ကျေးရွာအထိ ၁၅ မိုင် မြေသားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိသည့်အတွက် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာငွေခွင့်ပြုချက်ရရှိရေး လျာထားတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း၏ **မခန်းကျေးရွာမှ ဟိုပေါ့ကျေးရွာအထိ ၁၃ မိုင်ကို မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးမြန်းချက်အပေါ် ဖြေကြားသည်။


**ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကို ဖြေကြားစဉ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ က ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ဆည်၊ ကန်၊ ရေတံခါး ၅၀၁ ခုရှိကြောင်း၊ ၂၀၁၅ ခုနှစ် မိုးရာသီတွင် အကျိုးပြုနိုင် စွမ်းအားကျဆင်းလျက်ရှိသည့် ရေလှောင်တမံ ၃၅ ခုရှိကြောင်း၊ ရေစိမ့်ထွက်ခြင်း၊ နုန်းပို့ချမှုများခြင်းကြောင့် ရေထိန်းသိမ်းသိုလှောင်နိုင်ခြင်း မရှိသည့် ရေလှောင်တမံများနှင့်ပတ်သက်ပြီး လေ့လာတိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ အေဇင်လတ်၏ မေးမြန်းချက်အပေါ် ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် လမ်းမတော် မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၊ အတွင်းရေးမှူးအဖြစ် နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်းနှင့် အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းထားသည်။

ထို့အတူ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း (အစား) ထန်းတပင်မဲဆန္ဒနယ်မှ ဦးထွန်းအားထည့်သွင်းဖွဲ့စည်းခဲ့သည်။

ထို့ပြင် အစည်းအဝေး၌ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် သုံးဦးကျမ်းသစ္စာကျိန်ဆိုခြင်းနှင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးပို့လာသည့် **ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် နိုင်ငံတော်ကောင်စီကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာများ ဖတ်ကြားတင်သွင်းခဲ့ပြီး အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို မေ ၁၉ ရက်နံနက် ၁၀ နာရီတွင် ကျင်းပရန်လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဖတ်ကြားတင်ပြ

**နေပြည်တော် မေ ၁၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး ကတိသစ္စာပြုခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ သုံးခု ဖတ်ကြားခြင်း**တို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ရှေ့မှောက်၌ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ချစ်ဦးနှင့် ဗိုလ်မှူးချုပ်သက်နိုင်တို့က ကတိသစ္စာပြုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်** နှင့် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းများ**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများကို ကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါ်နန်းနီနီအေးနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာမျိုးအောင်တို့က ဖတ်ကြားတင်ပြကြသည်။

အဆိုပါ အစီရင်ခံစာများတွင်


**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်**

ပြင်ဆင်ချက်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ပြင်ဆင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အထွေထွေရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်၌ ယခင်အထွေထွေရွေးကောက်ပွဲမှ ကန့်ကွက်လွှာများကို စစ်ဆေးနေရခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်ရန်ရှိသဖြင့် အဆိုပါကာလ၌ ကြားဖြတ်ရွေးကောက်ပွဲကို ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင် လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်လည်းကောင်း ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူ့


**ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆) မှ ဒေါ်နန်းနီနီအေး**

လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်များသည် ပိုမိုပြည့်စုံမှုရှိသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက် အတည်ပြုသင့်ပါကြောင်း ဖော်ပြပါရှိသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော် အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို မေ ၁၉ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမှိုက်သိမ်းစနစ်ပြောင်းလဲရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာ အမြန်ဆုံးဆောင်ရွက်ပေးရန် တိုင်းဒေသကြီးအစိုးရအား လွှတ်တော်ကိုယ်စားလှယ်များတိုက်တွန်း

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**
**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောပိတ်ဆို့မှုပြဿနာများ လျော့နည်းကျဆင်းရေးနှင့် မြို့နယ်အသီးသီးတွင် ယခုလက်ရှိ လုပ်ဆောင်နေသော အမှိုက်သိမ်းစနစ်ထက် ပိုမိုကောင်းမွန်သော အမှိုက်သိမ်းစနစ်တစ်ခုကို အလေးထားလုပ်ဆောင်ပေးရန်နှင့် နောက်ဖေးလမ်းကြားများတွင် စုပုံနေသော အမှိုက်များနှင့် ရေမြောင်းများအတွင်း ပိတ်ဆို့နေသော အမှိုက်များကို လာမည့်မိုးရာသီအမီ စီမံချက်ရေးဆွဲလုပ်ဆောင်ပေးရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းသော အဆိုများကို ယနေ့ပြုလုပ်သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ပထမနေ့)တွင် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခဲ့သည်။

ယင်းအဆိုပြုချက် တင်သွင်းမှုများကို စမ်းချောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသော်တာအောင်နှင့် လှိုင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းတို့က တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အဆိုများကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ် ဦးသော်တာအောင် တင်သွင်းသည့် အဆိုတွင် "ယနေ့ ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပတဲ့ မြို့တော်ကြီးအဖြစ်


**စမ်းချောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသော်တာအောင် အဆိုတင်သွင်းစဉ်**

တင့်တယ်လာစေဖို့ ရည်ရွယ်ပြီးတော့ ဒီအဆိုကို တင်သွင်းတာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ စည်ပင်သာယာရေးအဖွဲ့တွေ လက်ရှိဆောင်ရွက်နေတဲ့ အမှိုက်သိမ်းစနစ်ဟာ ပြည်သူတွေ စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရေးအတွက် အားနည်းချက်များစွာ ရှိနေပါသေးတယ်။ အဲဒီ


**လှိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်း အဆိုတင်သွင်းစဉ်**

အားနည်းချက်တွေကို လေ့လာတွေ့ရှိသလောက် စက်ယန္တရားလုံလောက်မှုမရှိဘဲ လူအားဖြင့်သာ လုပ်ဆောင်ရတဲ့ လုပ်ငန်းတွေ များတဲ့အတွက် လုပ်ငန်းတွေမှာ အလွန်အားနည်းတာကိုလည်းတွေ့ရပါတယ်။ အသေးစားအမှိုက်သိမ်းယာဉ်တွေနဲ့ တစ်လမ်းဝင်တစ်လမ်းထွက် အမှိုက်သိမ်းစနစ် လုံးဝမရှိတာကိုလည်း တွေ့ရပါတယ်။ လမ်းထိပ်တွေမှာ အမှိုက်ပုံတွေ ထားရှိတဲ့အခါမှာလည်း နီးတဲ့ အိမ်တွေက အနံ့ဆိုးမခံနိုင်တဲ့အတွက် ကန့်ကွက်မှုတွေရှိပါတယ်။ အဲဒီလို ကန့်ကွက်မှုတွေရှိတဲ့အတွက် စည်ပင်သာယာဝန်ထမ်းတွေ၊ သန့်ရှင်းရေးဝန်ထမ်းတွေ လုပ်ဆောင်ရတဲ့ အခက်အခဲတွေကိုလည်း တွေ့ရှိရပါတယ်။ ဘေးထွက်ဆိုးကျိုးအနေနဲ့ကတော့ နောက်ဖေးလမ်းကြားတွေမှာစည်းကမ်းမဲ့ အမှိုက်စွန့်ပစ်တာဖြစ်ပါတယ်။ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်တာကြောင့် မြေကြွက်နဲ့ယင်ပေါက်ပွားနှုန်း မြင့်တက်လာပြီး ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် နောက်ဖေးလမ်းကြား အမှိုက်ပုံတွေဟာ ဆိုးကျိုးများစွာကို ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် ပြည်သူတွေကို အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ ပညာပေး အသိမှုဝေခြင်းလုပ်ငန်းတွေ ထိရောက်စွာဆောင်ရွက်နိုင်မှုအားနည်းပြီးတော့ အမှိုက်သိမ်းစနစ်အားနည်းတာဟာ သန့်ရှင်းသာယာလှပပြီး မြို့တော်အင်္ဂါရပ်နဲ့ပြည့်စုံတဲ့ ရန်ကုန်မြို့တော်ကြီးအဖြစ် တင့်တယ်စွာရပ်တည်နိုင်ရေးဟာ ယနေ့အဓိက စိန်ခေါ်မှုတစ်ရပ်အဖြစ် တွေ့မြင်နေရပါတယ်။ ပြည်သူတွေ စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရေး လုပ်ဆောင်ပေးခြင်းဖြင့် ရန်ကုန်မြို့ရဲ့ မိုးရာသီမှာ အဓိကစိန်ခေါ်မှုဖြစ်နေတဲ့ ရေကြီး၊ ရေလျှံမှုအန္တရာယ်ကိုလည်း လျော့နည်းသွားစေမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးရဲ့မြို့နယ်အသီးသီးမှာ ပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ ပတ်ဝန်းကျင်သာယာလှပရေးအတွက် အခုလက်ရှိလုပ်ဆောင်နေတဲ့ အမှိုက်သိမ်းစနစ်ထက် ပိုမိုကောင်းမွန်တဲ့ အမှိုက်သိမ်းစနစ်တစ်ခုကို အလေးထားလုပ်ဆောင်ပေးဖို့နဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ်တွေရှိ နောက်ဖေးလမ်းကြားတွေမှာ စည်းကမ်းမရှိ စွန့်ပစ်အမှိုက်တွေနဲ့ ရေမြောင်းတွေမှာ ပိတ်ဆို့နေတဲ့ အမှိုက်တွေကို လာမယ့် မိုးရာသီ ကာလအမီစီမံချက်ချဆောင်ရွက်ပေးပါရန်" ဟူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းခဲ့သည်။

ယင်းအဆိုကို လှိုင်သာယာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်ကထောက်ခံပြီး ယင်းအဆိုအား လွှတ်တော်တွင် အကျယ်တဝင့်ဆွေးနွေးလိုပါက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေ ၁၉ ရက်မတိုင်မီ လွှတ်တော်သို့ အမည်စာရင်းတင်သွင်းရမည်ဖြစ်ကာ မေ ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ထပ်မံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ထပ်မံ၍ ယနေ့ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် ရန်ကုန်မြို့တော်အတွင်း ပြည်သူများ ခရီးသွားလာရာတွင် ယာဉ်ကြောကျပ်တည်းမှု အခက်အခဲပြဿနာများနှင့် ပတ်သက်၍ လှိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

# အပူရှိန်မြင့်မားမှုကြောင့် ဆည်တမံများမှ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု လျော့နည်း

**နေပြည်တော် မေ ၁၈**

ရာသီဥတုအစွန်းရောက်ပြောင်းလဲမှုဖြစ်စဉ်များ၏ အကျိုးဆက်များအဖြစ် အချို့ဒေသများ၌ ပုံမှန်မဟုတ်သည့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သော်လည်း အချို့ဒေသများ၌ မိုးရွာသွန်းမှုများစွာ လျော့နည်းခဲ့သဖြင့် ဆည်တာတမံများအတွင်း ရေဝင်ရောက်မှုကျဆင်းခြင်း၊ အပူရှိန်လွန်ကဲမှုကြောင့် သိုလှောင်ရေများခန်းခြောက်နှုန်းမြင့်မားလာခြင်းတို့ကြောင့် ဆည်တမံများမှ ဖြန့်ဖြူးပေးလျက်ရှိသော သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနိုင်မှုများ လျော့နည်းကျဆင်းလာခဲ့ပြီး အချို့ဆည်များတွင် ရေခံမကျန်ရှိတော့သည်အထိ ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိရာ အဆိုပါပြဿနာများ ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် နိုင်ငံတော်အပိုင်း၊ ဒေသတာဝန်ရှိသူများအပိုင်းနှင့် ပြည်သူများအပိုင်းတို့မှ ပူးပေါင်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မေ ၁၅ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ သပြေရွာအနီးရှိ ချောင်းရှည်ချောင်းပေါ်၌ တည်ဆောက်ထားသည့် တံခွန်ရေလှောင်တမံသို့လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ညောင်ဦးမြို့နယ်၊ ငါ့သရောက်ကျေးရွာအနီးရှိ ငါ့သရောက်ရေလှောင်တမံသို့လည်းကောင်း ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးဌေးဦးက ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ဆည်များတည်ဆောက်ခဲ့စဉ်က ဒေသနေပြည်သူများ၏ အကျိုး စီးပွားအတွက် မျှော်မှန်းတည်ဆောက်ခဲ့ခြင်းဖြစ်သကဲ့သို့ ယခုကဲ့သို့ မိုးခေါင်မှုများ ဆက်လက်ဖြစ်ပေါ်နေပြီး ဆည်တမံအနေဖြင့် အကျိုးပြုနိုင်မှုမရှိတော့ပါက အဆိုပါဆည်တမံ၏ ထိန်းသိမ်းစရိတ်သည် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် ဒေသနှင့် အဆင်ပြေသင့်တော်မည့် စိုက်ပျိုးမြေအဖြစ် ပြန်လည်အသုံးချနိုင်ရေး စီမံဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသအတွက်လိုအပ်လာမည့် သောက်သုံးရေနှင့် စိုက်ပျိုးရေတို့အတွက် မြေအောက်ရေထုတ်ယူအသုံးပြုနိုင်ရေးအပါအဝင် နည်းလမ်းများ ရှာဖွေကြံဆဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားသည်။



ညောင်ဦးမြို့နယ် ငါ့သရောက်ကျေးရွာ အရှေ့မြောက်ဘက် ပျဉ်းပင်ရွာအနီးရှိ ပပြားဆည်ပြုပြင်နေမှုကို တွေ့ရစဉ်

ထိုမှတစ်ဆင့် ညောင်ဦးမြို့နယ် ငါ့သရောက်ကျေးရွာ အရှေ့မြောက်ဘက် ပျဉ်းပင်ရွာအနီးရှိ ပပြားဆည်ပြုပြင်နေမှုလုပ်ငန်းခွင်သို့ရောက်ရှိကြပြီး ပပြားချောင်းနှင့် ကျောင်းတော်ရာချောင်းတို့မှ စီးဝင်ရေဖြင့် ဒေသသောက်သုံးရေနှင့် ရေအနည်းလိုသီးနှံပင်များစိုက်ပျိုးရေးတို့အတွက် ရေပေးဝေနိုင်မှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၊ ခက်လန်းကျေးရွာအနီး ခက်လန်းချောင်းပေါ်၌ တည်ဆောက်ထားသော ခက်လန်းရေလှောင်တမံသို့ ရောက်ရှိကြပြီး ဆည်ရေသိုလှောင်နိုင်မှုနှင့် ရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းမှတစ်ဆင့် မြစ်သားမြို့နယ်အတွင်းရှိ သီးပင်ကန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် တဲကြီးသောက်သုံးရေကန်အား ရေခန်းခြောက်ခြင်းမှ သက်သာစေရန် ဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းစစ်ဆေးသည်။

ဎင်းနောက် စမာသဲထုတ်ရေတံခါးသို့ ရောက်ရှိကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပတ္တမြားစက်မှုဇုန်မှ ဆန္ဒပြအလုပ်သမားများ စေ့စပ်ညှိနှိုင်းမှုကိုလက်မခံ လုံခြုံရေးအတားအဆီးကျော်ဖြတ်၍ တပ်ကုန်းရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းခဲ့

**တပ်ကုန်း မေ ၁၈**



ဆန္ဒပြအလုပ်သမားများအား မိုင်တိုင်အမှတ်(၂၈၄/၄)၌ ရဲတပ်ဖွဲ့က ဟန့်တားထားစဉ်

စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန် Myanmar Veneer and Plywood ကုမ္ပဏီလီမိတက်သစ်အခြေခံစက်ရုံ ဆန္ဒပြအလုပ်သမားများအဖွဲ့မှ ခေါင်းဆောင် ဦးခိုင်မင်းနှင့်အဖွဲ့သည် တာဝန်ရှိသူများ၏ အကြိမ်ကြိမ် စေ့စပ်ညှိနှိုင်းမှုကို လက်ခံခြင်းမရှိဘဲ လုံခြုံရေးအတားအဆီးများကို အတင်းအဓမ္မကျော်ဖြတ်ရန် ကြိုးစားသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က မေ ၁၈ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်တွင် တပ်ကုန်းမြို့နယ်၌ ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါဆန္ဒပြအလုပ်သမားများအဖွဲ့မှ ခေါင်းဆောင် ဦးခိုင်မင်း၊ ဝန်းရံသူ ဦးရန်နိုင်ထွေးနှင့် ဗကသအဖွဲ့တို့မှ ဆန္ဒပြအလုပ်သမားများသည် နံနက် ၇ နာရီ ၄၅ မိနစ်က ရမည်းသင်းမြို့နယ် ပြတိုက်ကျေးရွာ မိုင်တိုင်အမှတ် (၂၈၉/၁) မှ စတင်ထွက်ခွာလာရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ညောင်လွန့်ဈေးသို့ ရောက်ရှိလာခဲ့သည်။

ထိုသို့ရောက်လာစဉ် ခွင့်ပြုချက်မရရှိဘဲ စီတန်းလှည့်လည်ဆန္ဒပြခြင်းကို ခွင့်မပြုကြောင်းနှင့် အလုပ်သမားဥပဒေအရသာ ဖြေရှင်းဆောင်ရွက်သွားရန် သက်ဆိုင်ရာက အသံချဲ့စက်ဖြင့် မေတ္တာရပ်ခံခဲ့သော်လည်း ဆန္ဒပြအဖွဲ့မှာ ဆက်လက်ချီတက်ခဲ့သည်။ ထို့နောက် မိုင်တိုင်အမှတ် (၂၈၄/၄) သို့ ရောက်ရှိစဉ် ထပ်မံမေတ္တာရပ်ခံစေ့စပ်ညှိနှိုင်းခဲ့သော်လည်း လက်မခံဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုံခြုံရေးဂိတ်အတားအဆီးများကိုကျော်ဖြတ်ရန် ကြိုးစားစဉ်တွင် စေ့စပ်ညှိနှိုင်းရေးအဖွဲ့များဖြစ်သည့် ဒက္ခိဏခရိုင် ဥပဒေအရာရှိ၊ အလုပ်သမားဆက်ဆံရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဥပဒေကြောင်းအရသာ ဖြေရှင်းဆောင်ရွက်ရန် ဆန္ဒပြအလုပ်သမားများအဖွဲ့အား ထပ်မံဆွေးနွေးခဲ့သည်။

သို့သော်လည်း ဆန္ဒပြအလုပ်သမားများအဖွဲ့က ဆက်လက်ချီတက်ခွင့်မရပါက နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခွင့်ရလိုကြောင်း တောင်းဆိုခဲ့သဖြင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့က သဘောတူညီခဲ့သည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌအား စောင့်ဆိုင်းစဉ် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးအတွက် ဆန္ဒပြအလုပ်သမားများအဖွဲ့ကို နံနက် ၁၁ နာရီတွင် ကားလမ်းဘေးအရိပ်သို့ ပြောင်းရွှေ့နေစေခဲ့သည်။

ထိုသို့ ပြောင်းရွှေ့နေစဉ် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရေသန့်၊ အအေးဘူး၊ မုန့်နှင့် ဟင်းလျာများကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ရောက်ရှိလာပြီး မြို့နယ်ထွေ/အုပ်ဦးစီးဌာနရုံး၌ ဆန္ဒပြအလုပ်သမားများအဖွဲ့ ခေါင်းဆောင်ငါးဦးနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ကြားခဲ့မှုကို ဆန္ဒပြအလုပ်သမားများအဖွဲ့က လက်မခံဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုံခြုံရေးဂိတ်ကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆန္ဒပြအလုပ်သမားများအဖွဲ့ကို ဥပဒေနှင့်အညီ ခွင့်ပြုချက်ရယူထားခြင်း မရှိသည့်အတွက် နေပြည်တော်အတွင်း မဝင်ရောက်ရန်နှင့် မူရင်းနေရပ်သို့ အေးချမ်းစွာ ပြန်လည်ထွက်ခွာပေးရန် စေ့စပ်ညှိနှိုင်းခဲ့သော်လည်း လိုက်နာမှုမရှိသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၂၇၊ ၁၂၈ တို့နှင့်အညီ ကြေညာချက်ထုတ်ပြန်ပြီး လက်နက်မပါ လူစုခွဲခြင်းနည်းဖြင့် ဆောင်ရွက်ခဲ့သည်။

ထိန်းသိမ်းထားသူများကို တပ်ကုန်းမြို့မရဲစခန်း၌ စစ်ဆေးမေးမြန်းဆောင်ရွက်လျက်ရှိသည်။ ယင်းဖြစ်စဉ်တွင် ဆန္ဒပြအလုပ်သမား အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးမူးမေ့လဲ (မစိုးရိမ်ရ) သွားသဖြင့် အရေးပေါ် လူနာတင်ယာဉ်ဖြင့် တပ်ကုန်းမြို့နယ် ခုတင် ၁၀၀ ဆေးရုံသို့ ပို့ဆောင်ဆေးကုသလျက်ရှိသည်။

ဎင်းဆန္ဒပြအဖွဲ့နှင့် အတူပါရှိလာသည့် ဆိုင်ကယ်ခုနစ်စီးနှင့် ပစ္စည်းများကို ညောင်လွန့်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ စနစ်တကျထိန်းသိမ်းထားရှိကြောင်း ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းက ညောင်လွန့်ကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်ပြီးဆုံးခဲ့သည့် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ နောက်ပိုင်းတွင် ရန်ကုန်-မန္တလေးကားလမ်းဟောင်း၌ ယာဉ်နှင့် ခရီးသွားပြည်သူများ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွှေး**

*စာမျက်နှာ ၈ မှ*

လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက "ရန်ကုန်မြို့တော်ကြီး ယာဉ်ကြောကျပ်တည်းမှုဟာ နေ့စဉ်နဲ့အမျှ အများပြည်သူကို အလွန်စိတ်ဒုက္ခရောက်စေရာ စေတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ နံနက်မိုးလင်းတာနဲ့ အလုပ်ဝင်ဖို့၊ စီးပွားရေး၊ လူမှုရေးကိစ္စတွေဆောင်ရွက်ဖို့ အပြင်ထွက်လိုက်တာနဲ့ လိုရာခရီးကို အချိန်ကြာမြင့်စွာ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်စွာနဲ့ သွားလာနေရပါတယ်။ ငွေဘီလီယံပေါင်း ၁၀၀ ကျော်သုံးစွဲပြီး ခုံးကျော်တံတားခုနစ်စင်း ဆောက်လုပ်ဖြေရှင်းခဲ့ပေမယ့် ထိရောက်အောင်မြင်မှုမရှိခဲ့တာကို တွေ့ရပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုတွေ ဆက်လက်ဖြစ်ပေါ်နေတာ တွေ့ရှိရပါတယ်။ ရေရှည်စီမံကိန်းတွေဆောင်ရွက်ဖို့ရှိပေမယ့် ယာဉ်စည်းကမ်းတွေကို လေးစားလိုက်နာမှု အလွန်အားနည်းနေတဲ့အတွက် ယာဉ်ကြောပိုမိုပိတ်ဆို့လျက်ရှိပါတယ်။ ဒါတွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့အညီ အမြန်ဆုံး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မယ်ဆိုပါက ယာဉ်ကြောပိတ်ဆို့မှုပြဿနာတွေ လျော့နည်းကျဆင်းသွားမှာဖြစ်လို့ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန်" ဟူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသည်။

လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်း တင်သွင်းသောအဆိုကို ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးရန်အောင်မင်း(ခ) ဦးဂေးမောင်က ထောက်ခံခဲ့ပြီး ယင်းအဆိုကို လာမည့် မေ ၂၆ ရက်တွင် လွှတ်တော်၌ အကျယ်တဝင့် ဆွေးနွေးမည်ဖြစ်သည်။ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို မေ ၂၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# နေရာကွက်ကျား မိုးထစ်ချုန်းမည်

**နေပြည်တော် မေ ၁၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ပြင်သစ်သမ္မတဟော်လန်း၏ အလုပ်သမားဥပဒေပြုပြင်ပြောင်းလဲရေးကို ကန့်ကွက်ဆန္ဒပြ

**ပါရီ မေ ၁၈**

ပြင်သစ်နိုင်ငံ၌ အလုပ်သမားဥပဒေကို ပြုပြင်ပြောင်းလဲရန် အစိုးရ၏အစီအစဉ်ကို ကန့်ကွက်ဆန္ဒပြသည့် ထောင်ပေါင်းများစွာသော အလုပ်သမားများနှင့် ကျောင်းသားများသည် ပြင်သစ်နိုင်ငံရှိ မြို့များတွင် ချီတက်ဆန္ဒပြခဲ့ပြီး အဆိုပါ ဥပဒေကြမ်းကို ရုပ်သိမ်းရန် တောင်းဆိုခဲ့ကြသည်။

နိုင်ငံ၏ အဓိကကျောင်းသား အဖွဲ့အစည်း ယူအင်န်အီးအက်စ်၏ ဥက္ကဋ္ဌဖြစ်သူ ဝီလီယံ မာတီးနက်က ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းသည် လူ့အဖွဲ့အစည်း၏ ဖြစ်ရပ်မှန်များကို မျက်ကွယ်ပြုလျက်ရှိကြောင်း ယခုပြဋ္ဌာန်းမည့် အလုပ်သမားဥပဒေကြောင့် ၎င်းကိုသမ္မတအဖြစ် ထပ်မံ ရွေးကောက်တော့မည်မဟုတ်ကြောင်း ပြောသည်။

သမ္မတဟော်လန်းက အလုပ်သမား ဥပဒေကို ပြုပြင်ပြောင်းလဲခြင်းဖြင့် အလုပ်အကိုင်သစ်ဖန်တီးပေးရာ၌ ပွင့်လင်းမြင်သာမှုရှိပြီး များစွာအထောက်အကူဖြစ်နိုင်မည်ဟု ပြောသည်။ ထို့အပြင် အဆိုပါကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်ဆန္ဒပြသူကို အရှုံးပေးမည်မဟုတ်ဟု ဆိုသည်။

ယခုပြုလုပ်မည့် ပြုပြင်ပြောင်းလဲမှု အကျိုးသက်ရောက်မှုရှိစေရန် အချိန် များစွာယူရမည်ဟု ၎င်းက ထပ်လောင်း ပြောခဲ့သည်။



ပါရီမြို့၌ ကန့်ကွက်ဆန္ဒပြနေ သူများမှာ လူပေါင်း ၁၂၀၀၀ ခန့်ရှိသည်။ ပြင်သစ်နိုင်ငံ တောင်ပိုင်း နန်တီ၌ ဆန္ဒပြသူ ၁၀၀၀၀ ရှိပြီး တောင်ပိုင်းမြို့တော် မာဆယ်လီ၌ လူပေါင်း ၆၈၀၀ မှ ၈၀၀၀ ကြားရှိပြီး ပြင်သစ်နိုင်ငံ အလယ်ပိုင်း လိုင်ယွန်၌ ၁၇၀၀ မှ ၇၀၀၀ ကြားရှိကြောင်း ဆန္ဒပြမှုဖြစ်မြောက်ရေး အဖွဲ့က ပြောသည်။
**(ဆင်ဟွာ)**

■

# အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော် ချမ်းသာသည်ဟု ထရန့်ပြော

**ဝါရှင်တန် မေ ၁၈**

ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါနယ်ထရန့်၏ ပိုင်ဆိုင်မှုစာရင်းကို ထုတ်ဖော်ပြောရာ အိမ်ခြံမြေသူဌေးတစ်ဦးဖြစ်သူ ဒေါနယ်ထရန့်သည် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ချမ်းသာကြောင်း ဖော်ပြခဲ့သည်။

ပိုင်ဆိုင်မှုစာရင်းဖော်ပြမှု အစီရင်ခံစာအရ ထရန့်၏ ဝင်ငွေသည် ရှယ်ယာရှင်များအားပေးရသည့်ဝေစု၊ အမြတ်အစွန်းများ၊ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများအား ရောင်းချရရှိသည့်ငွေများ မပါဝင်ဘဲ အမေရိကန်ဒေါ်လာ ၅၅၇ သန်းထက် ကျော်လွန်သည်ဟု လွန်ခဲ့သောရက်က ပြုလုပ်ခဲ့သည့် မဲဆွယ်စည်းရုံးရေးမှူးက ပြောခဲ့သည်။

၂၀၁၅ ခုနှစ် ဇူလိုင်လမှစ၍ ဖော်ပြခဲ့သည့် ပိုင်ဆိုင်မှုစာရင်းအရ ထရန့်၏ ကြွယ်ဝမှုမှာ ပို၍မြင့်တက်လာသည်။ အဆိုပါအချက်အလက်များအရ ထရန့်၏ကြွယ်ဝမှုမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံထက် ကျော်လွန်ကြောင်း ၎င်းက ဆက်ပြောသည်။

ဤသည်မှာ အထွေထွေရွေးကောက်ပွဲကြီး မစတင်မီ ၎င်း၏ ပိုင်ဆိုင်မှုစာရင်းကို ဒုတိယအကြိမ် ထပ်မံကြေညာခဲ့ခြင်းဖြစ်သည်။ ထရန့်သည် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု ကြေညာပြီးနောက် ပထမဦးဆုံးအကြိမ် ၎င်း၏ပိုင်ဆိုင်မှုကို ကြေညာခဲ့သည်။

"ကျွန်တော့်ရဲ့ ပိုင်ဆိုင်မှုစာရင်းကို တင်ပြပြီးပါပြီ။ ရွေးကောက်ပွဲသမိုင်း တစ်လျှောက် အကြီးကျယ်ဆုံးသော အရေးကိစ္စရပ်ပါပဲ။ ဒါ့အတွက် ကျွန်တော်ဂုဏ်ယူပါတယ်" ဟု ထရန့်က ပြောသည်။
**(ပီတီအိုင်)**

# ဩစတြေးလျတွင် အကြမ်းဖက်မှုများထက် ကမ္ဘာကြီးပူနွေးလာမှုက ပိုမိုခြိမ်းခြောက်လျက်ရှိ

ကင်ဘာရာ မေ ၁၈

ဩစတြေးလျ၏ သဘာဝအရင်း အမြစ်များကို ပျက်စီးစေ နိုင်သော ကမ္ဘာကြီးပူနွေးလာမှုသည် အကြမ်းဖက်မှုများထက် ဩစတြေးလျကို နှစ်အတော်ကြာ ခြိမ်းခြောက်လျက်ရှိကြောင်း ဩစတြေးလျ စိမ်းလန်းရေးပါတီမှ ခေါင်းဆောင်ဖြစ်သူ ရစ်ချတ်ဒီနာတလေက ပြောကြားသည်။

လွန်ခဲ့သော ဆယ်စုနှစ်က လူထုကြား တွင်ခေတ်စား လာသော စိမ်းလန်းရေးပါတီသည် ပါတီခေါင်းဆောင်အဖြစ် ဒီနာတလေကို ပြီးခဲ့သောနှစ်က ရွေးချယ်တင်မြှောက်ခဲ့သည်။ ဒီနာတလေ၏ မိန့်ခွန်းတွင် ဩစတြေးလျသည် ယုံကြည်စိတ်ချပြီး ရဲရင့်သော နိုင်ငံတစ်ခုဖြစ်လာရန်လိုအပ်ကြောင်းနှင့် အမေရိကန်ကဲ့သို့ လွတ်လပ်သောနိုင်ငံခြားရေးမူဝါဒအခိုင်အမာဖွံ့ဖြိုးရန် လိုအပ်ကြောင်း ပြောကြားသည်။

မှတ်တမ်းများအရ စိမ်းလန်းရေးပါတီသည် ကမ္ဘာကြီးပူနွေးလာမှုကဲ့သို့ အမျိုးသားလုံခြုံရေးဆိုင်ရာ အရေးပေါ်ကိစ္စရပ်များကို ကောင်းစွာနားလည်သဘောပေါက်သော ပါတီတစ်ခုဖြစ်ပြီး ကြီးမားသောအခွင့်အရေးကို ဖြုန်းတီးနေသည့် ဩစတြေးလျ၏ အကန့်အသတ်မဲ့ စွမ်းအင်သစ်များကို သုံးစွဲခြင်းမပြုရန် ပြောခဲ့သည်။

ဒီနာတလေက သန့်ရှင်းပြီး စိမ်းလန်းသော အနာဂတ်စီးပွားရေးကို လက်ခံနားလည်မည့် အစိုးရ တစ်ရပ် လိုအပ်ကြောင်းပြောခဲ့သည်။ ထို့အပြင် ဩစတြေးလျသည် ကမ္ဘာ ပေါ်ရှိ နေရောင်နှင့်လေ ကောင်းစွာရရှိသော နိုင်ငံတစ်ခု ဖြစ်သည့်အားလျော်စွာ ဩစတြေးလျအတွက် အခွင့်အရေး များစွာရှိနေသေးသည်။ ထို့ကြောင့် အနာဂတ်တွင်သန့်ရှင်းသော စွမ်းအင်ထုတ်လုပ်မည့် အကူးအပြောင်းကာလတွင် ဩစတြေးလျအနေဖြင့် ကောင်းစွာဦးဆောင်နိုင်မည် ဖြစ်သည်။

စိမ်းလန်းရေးပါတီခေါင်းဆောင်သည် ဩစတြေးလျ၏ မြင့်တက်လာသော နိုင်ငံခြားအကူအညီများကို အမျိုးသားလုံခြုံရေးအတွက် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှုနှင့် အရှေ့အလယ်ပိုင်းနှင့် ပစိဖိတ်တို့ကဲ့သို့ ဆင်းရဲနွမ်းပါးမှုများအဆုံးသတ်ပြီး အကြမ်းဖက်မှုများနှင့် အစွန်းရောက်ဝါဒများကို အဆုံးသတ်ရန် အကူအညီပေးနိုင်မည်ဖြစ်သည်။
**(ဆင်ဟွာ)**

■



# ယူကရိန်း၌ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲမှုများပြုလုပ်

**ကီယက် မေ ၁၈**

အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော ယူကရိန်းရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအတူတွဲ၍ ရိုက်ထားသော ဓာတ်ပုံများ အင်တာနက်၌ ပျံ့နှံ့နေသည်။ ရဲတပ်ဖွဲ့ဝင်များအား ပြုပြင်ပြောင်းလဲပြီးနောက် ပြည်သူများကြားတွင် ကျော်ကြားလာရခြင်း မှာ ၎င်းတို့၏ ဝတ်စုံများကြောင့် မဟုတ်ဘဲ လာဘ်ပေးလာဘ်ယူမှု ပပျောက်သွားသည့် ၎င်းတို့၏ လုပ်ဆောင်ချက်ပုံရိပ်များကြောင့်ပင် ဖြစ်သည်။ ၂၀၁၄ ခုနှစ်ကစ၍ ထင်ရှားသော ပြုပြင်ပြောင်းလဲမှုများကို စတင်လုပ်ဆောင်ခဲ့ပြီး ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲမှုများက နိုင်ငံတွင် အမှန်တကယ် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ကြောင်း သိသာစေခဲ့သည်။

ပြုပြင်ပြောင်းလဲမှုများကြောင့် အမျိုးသားရဲတပ်ဖွဲ့အနေအထားသည် သီးခြားလွတ်လပ်ခွင့်ရပြီး တန်းတူညီမျှသည့် ဥပဒေအာဏာပိုင်ဆိုင်ခဲ့ပြီး အစိုးရရှေ့နေများက ယင်းအခြေအနေကို နှစ်သက်မှုမရှိကြောင်း ရဲအရာရှိတစ်ဦးဖြစ်သူ Vladyslav Vlasiuk ကပြောသည်။ ရဲတပ်ဖွဲ့ဝင်များအား ပြုပြင်ပြောင်းလဲမှုအပေါ် သံသယဖြင့် စောင့်ကြည့်နေကြသူများလည်း ရှိသည်။
**(ရိုက်တာ)**

# အမေရိကန် စပိဘုတ် ၁၇ စင်း ကျူးဘားနိုင်ငံ ဟာဗားနားပင်လယ်အော်သို့ရောက်ရှိ

**ဟာဗားနား မေ ၁၈**

ကျူးဘားနိုင်ငံ ဟာဗားနားပင်လယ်အော်သို့ အမေရိကန်စွမ်းအားမြင့် အမြန်ရေယာဉ်များ မေ ၁၇ ရက်က ရောက်ရှိခဲ့သည်။ ကျူးဘားရှိ နိုင်ငံတကာ အားနက်စ်ဟမ်မင်းဝေးအသင်းနှင့် အမေရိကန်ဖလော်ရီဒါရှိ အမေရိကန်စွမ်းအားမြင့် လှေအသင်းတို့ ပေါင်းစည်းရေးတစ်စိတ်တစ်ပိုင်းအဖြစ် အမေရိကန်စပိဘုတ် ၁၇ စင်း အင်္ဂါနေ့က မီယာမီမှ ကျူးဘားမြို့တော် ဟာဗားနားကမ်းခြေသို့ရောက်ရှိခဲ့ကြောင်း သိရသည်။
**(ဆင်ဟွာ)**



# စစ်ပွဲများကြားမှ မျှော်လင့်ချက်မဲ့နေသည့်ပြည်သူများ

**စုရည်**

**ကြီးစွာပျက်စီးနေသော စစ်ပွဲများကြား ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးစားရာတွင် လုံလောက်သော အကြောင်းပြချက်များစွာရှိသော်လည်း လက်တွေ့၌ မလွယ်ကူပေ။**



ဆီးရီးယား၌ သွေးပျက်ဖွယ်ရာ စစ်ပွဲများဖြစ်ပွားမှု၊ ထောင်ပေါင်းများစွာသော လူများသေဆုံး၊ ဒဏ်ရာရမှု၊ ဆေးရုံများ ဗုံးခွဲဖျက်ဆီးတိုက်ခိုက်ခြင်းခံနေရမှု၊ ဒုက္ခသည်အမြောက်အမြား နေရပ်မှစွန့်ခွာသွားရမှုများသည် မမြင်ချင်မှအဆုံး သာမန်လူတို့ခံစားနေရသည့် အရာများပင်ဖြစ်သည်။ အဖွဲ့အစည်းအသီးသီးကလည်း လူ့အသိုင်းအဝိုင်းကို ထိန်းသိမ်းရန်နှင့် အဆောက်အအုံများ တည်တံ့ရန် ကြိုးစားနေကြရသည်။ ထိုသို့သော မြေပြင်ကြိုးစားအားထုတ်မှုများသည် ဘတ်ရှာအယ်အာဆတ်၏ သနားညှာတာမှုကင်းမဲ့သော ဗုံးကြဲမှုများကို မရပ်တန့်နိုင်ခဲ့သည့် အပြင် စစ်ပွဲအတွက် လိုအပ်သောအရေးပေါ် နိုင်ငံရေးဖြေရှင်းမှုများကိုပင် လျှော့ချခဲ့ခြင်းမရှိပေ။

ယခုကဲ့သို့ကြိုးစားအားထုတ်မှုများတွင် အရေးကြီးသောအချက်မှာ ဆီးရီးယားရှိ လူငယ်များအနေဖြင့် မည်သည့်အကြောင်းများကြောင့် အစွန်းရောက်အဖွဲ့များသို့ ဝင်ရောက်ရခြင်းကို ဆီးရီးယား အခြေခံလူတန်းစားအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေသော ငြိမ်းချမ်းရေးအဖွဲ့အစည်း တစ်ခုဖြစ်သည့် International Alert က အစီရင်ခံစာတစ်စောင်ဖြင့် မကြာသေးမီက အလေးပေးဖော်ပြခဲ့သည်။

**စီးပွားရေးအခက်အခဲများ**

ကူညီရေးအသင်းအဖွဲ့၏ လေ့လာချက်အရ ဆီးရီးယား၊ တူရကီနှင့် လက်ဘနွန်ရှိ ဆီးရီးယားလူငယ် ၃၁၁ ဦးနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ အဖွဲ့ဝင်များကို တွေ့ဆုံမေးမြန်းရာ ၎င်းတို့သည် အစွန်းရောက်အယူအဆများနှင့် ဘာသာရေးအယူသီးမှုများကြောင့် အစွန်းရောက်အဖွဲ့များသို့ ဝင်ရောက်ခြင်း မဟုတ်ပေ။

အဓိကကျသောအချက်မှာ စီးပွားရေးအခက်အခဲကြောင့်ဖြစ်ပြီး ဆီးရီးယား အလုပ်အကိုင်၊ ဈေးကွက် ပြိုကွဲခြင်းသည် မိသားစုများကို အထောက်အပံ့ပေးနေသော ဆီးရီးယားလူငယ်များအနေဖြင့် မိသားစုကိုဆက်လက်ထောက်ပံ့နိုင်ရန် ငွေကြေးအမြောက်အမြားနှင့် ဆွဲဆောင်နေသော လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် အယ်နူဆရာတပ်ဦးသို့ ဆက်သွယ်ဝင်ရောက်ရခြင်း၏ အကြောင်းရင်းပင်ဖြစ်သည်။

စစ်ပွဲများ၏ဖျက်ဆီးမှုကြောင့် နိုင်ငံတွင်းစာသင်ကျောင်း လေးကျောင်းတွင် တစ်ကျောင်းပင်အသုံးပြုရန် မဖြစ်နိုင်သည့်အတွက် ပညာမသင်ကြားရခြင်းသည်လည်း ဒုတိယအရေးကြီးသောအချက်တစ်ချက်ဖြစ်သည်။ ထို့ကြောင့်ပင် အလုပ်လုပ်ရန်၊ ကျောင်းသွားရန်ဆန္ဒတို့ကို စွန့်လွှတ်၍ ပုံမှန်လုပ်ဆောင်နေကျအတိုင်း ဆီးရီးယားရှိ အစွန်းရောက်အဖွဲ့များသို့ ဝင်ရောက်ကြခြင်းဖြစ်သည်။

ဤသို့ဖြင့် ယင်းအဖွဲ့များ၏ တပ်သားစုဆောင်းရေးတွင် အသက် ၁၂ နှစ်နှင့် ၂၄နှစ်ကြားရှိ လူငယ်များပါဝင်လာခဲ့သည်။ အခြားအကြောင်းတစ်ချက်မှာ ချစ်ခင်သူတစ်ဦးအသတ်ခံရမှုအတွက် လက်စားချေရန် ဆန္ဒရှိခြင်းပင်ဖြစ်သည်။ လူမှုရေးဆိုင်ရာ အဆောက်အအုံများ ပြိုကွဲခြင်း၊ ဆုံးရှုံးခြင်းနှင့် အလွန်အမင်း စိတ်သောကရောက်ခြင်းများသည်လည်း ပတ်သက်ရောယှက်နေသော အကြောင်းအရာများဖြစ်သည်။

အောက်ခြေလူတန်းစားကွန်ရက်နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများတွင် အဆိုပါဖြစ်ရပ်မျိုး ထိုးဖောက်ဝင်ရောက်လာခြင်းကြောင့် ခံနိုင်စွမ်းလျော့နည်းလာကာ လူငယ်အများစုအနေဖြင့် ဂျီဟတ်အဖွဲ့များနှင့် ဆက်နွှယ်ပတ်သက်မှုကို အဆုံးမသတ်နိုင်ခြင်းဖြစ်သည်။ သို့သော်လည်း လူငယ်များ လွတ်လပ်စွာ အသက်မွေးနိုင်မှုကဲ့သို့ ကလေးသူငယ်များအတွက် လုံခြုံသောနေရာများနှင့် ပညာရေးကို ကူညီထောက်ပံ့ပေးမည့် ဒေသတွင်းလုပ်ဖော်ကိုင်ဖက်များပါဝင်သော ဆီးရီးယား သက်သာချောင်ချိရေးအဖွဲ့အစည်းများလည်းရှိသည်။

အဒ်လဘ်နှင့် အလက်ပိုတွင် ကြောက်မက်ဖွယ် ဗုံး၊ အမြောက်ပေါက်ကွဲမှုများ ဖြစ်နေစဉ်မှာပင် စိုက်ပျိုးရေးနှင့် ကိရိယာများလေ့ကျင့်ထောက်ပံ့ပေးမှုများရှိသည့် အပြင် ကျောင်းများဆက်လက်မဖွင့်လှစ်နိုင်အောင် တိုက်ခိုက်နေသည့်ကြားမှပင် ဆရာများကို တံခါးမရှိဓားမရှိ ပေးပို့စေလွှတ်ပေးခြင်းဖြင့် ယင်းအဖွဲ့က ကာကွယ်ပေးခဲ့သည်။

**သာမန်ဘဝ အမှတ်လက္ခဏာများ**

ကလေးသူငယ်များအတွက် လုံခြုံသောနေရာများသည် စစ်ပွဲကြောင့်ဖြစ်သော စိတ်အနာတရဖြစ်မှုများ၊ ပူဆွေးသောကများကို ဖယ်ရှားပေးနိုင်ရန် စိတ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုများလုပ်ဆောင်ပေးလျက်ရှိသည်။ စစ်ပွဲကာလအတွင်း အခြေအနေပေးခိုက်တွင် ဆယ်ကျော်သက်လူငယ်များအနေနှင့် ကလေးဘဝတစ်ဖန်ရရှိခဲ့မည်ဆိုလျှင် ပိုင်ဆိုင်ချင်သော စွမ်းရည်များအကြောင်း၊ ပဋိပက္ခများအကြောင်း၊ ကြောက်ရွံ့ထိတ်လန့်ဖွယ် စိတ်ခံစားမှုများအကြောင်း စသည့်ပြဿနာရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြသည်။

ဤလုပ်ရပ်သည် တန်ပြန်အကြမ်းဖက်တိုက်ဖျက်မှု သက်သက်သာမဟုတ်။ ထို့ထက်မက များစွာအဖိုးထိုက်တန်သည်။ ပုံမှန်လူမှုအသိုင်းအဝိုင်းကို တည်ဆောက်မှုနှင့် အောက်ခြေလူတန်းစားများ၏ အပြုအမူသည် စဉ်ဆက်မပြတ် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရာတွင် လူသားမျိုးဆက်များ၏ စွမ်းဆောင်နိုင်မှု တစ်ရပ်ပင်ဖြစ်သည်။

ဆီးရီးယားပြည်သူများသည် ဂုဏ်သိက္ခာ၊ ယုံကြည်မှုတို့ကို မျိုသိပ်ကာ ကြောက်စရာကောင်းလှသော ကံကြမ္မာကို ဆန့်ကျင်ပြီး နေ့စဉ်နှင့်အမျှ နယ်ပယ်အသီးသီးမှ လူများနှင့်ဆက်သွယ်မှုကို ထိန်းသိမ်း၍ အကြမ်းဖက်မဟုတ်သော အဖွဲ့အစည်းများအတွက် နေရာများဖန်တီးပေးခြင်း၊ စစ်ပွဲဖြစ်ပွားရခြင်းအကြောင်းအရင်းများနှင့်ပတ်သက်၍ ဆွေးနွေးဖော်ထုတ်မှုများကို လုပ်ဆောင်နေကြရသည်။ ဤနည်းလမ်းသည် စစ်ပွဲအတွက် နိုင်ငံရေးအဖြေရရှိရန် နိုင်ငံတကာမှ ကြိုးပမ်းနေသော်လည်း လူ့အဖွဲ့အစည်းအတွင်း ပြိုကွဲမှုများ၊ ပိုကြွေးမှုများဖြစ်ပေါ်စေသည့် ပြဿနာရပ်များမှာ ရှိနေဆဲပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ဘဝသစ်တစ်ဖန်ပြန်လည်တည်ဆောက်ရန် စီစဉ်နေသည့် ဆီးရီးယားပြည်သူများအနေနှင့် ဘဝတစ်ခုကို ကောင်းစွာရရှိရန် ငွေကြေးကူညီမှုများမှာ လိုအပ်လျက်ရှိသည်။

မြေပြင်ရှိ မရေမတွက်နိုင်သော ဆီးရီးယားပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် နေရပ်ကို စွန့်ခွာထွက်ပြေးခြင်းလည်းမရှိ၊ ပြန်လည်တိုက်ခိုက်ခြင်းလည်းမရှိဘဲ စစ်မြေပြင်၌ပင် အကူအညီအထောက်အပံ့များကို ရှာဖွေတောင့်တလျက်ရှိသည်။ ၎င်းတို့မှာ မိမိတို့လူမျိုး၊ မိမိတို့နိုင်ငံ ပြိုကွဲမှုကို ကာကွယ်နေကြခြင်းဖြစ်သည်။ ၎င်းတို့မှာ စစ်ပွဲကြောင့်ပျက်စီးသွားသော အရာအားလုံးကို ပြန်လည်တည်ဆောက်နိုင်ရန် အခွင့်အရေးတစ်ခုကို မျှော်လင့်စောင့်စားနေကြသူများလည်းဖြစ်သည်။

**ကိုးကား-အယ်လ်ဂျားဇီးရား**

**မည်သို့ပင်ဆိုစေကာမူ ဘဝသစ်တစ်ဖန်ပြန်လည်တည်ဆောက်ရန် စီစဉ်နေသည့် ဆီးရီးယားပြည်သူများအနေနှင့် ဘဝတစ်ခုကို ကောင်းစွာရရှိရန် ငွေရေးကူညီမှုများမှာ လိုအပ်လျက်ရှိ**

# ကင်တပ်ကီနှင့် အော်ရီဂွန်ပြည်နယ် ယှဉ်ပြိုင်မှု၌ ကလင်တန်နှင့် ဆန်းဒါး ကွဲကွဲပြားပြားအနိုင်ရ

**ဝါရှင်တန် မေ ၁၈**

နိုဝင်ဘာအထွေထွေရွေးကောက်ပွဲ အနိုင်ရရှိရေး နိုင်ငံတစ်ဝန်း ယှဉ်ပြိုင်မဲဆွယ်မှုများပြုလုပ်ရာ အင်္ဂါနေ့က ဒီမိုကရက်တစ် ကိုယ်စားပြု သမ္မတလောင်း ဟီလာရီကလင်တန်နှင့် ဘာနီဆန်းဒါးတို့သည် ၎င်းတို့၏ အကြိုရွေးကောက်ပွဲတို့တွင် အသီးသီးအနိုင်ရရှိကြသည်။

ဟီလာရီကလင်တန် အနိုင်ရဖွယ်မရှိသည့် ကင်တပ်ကီပြည်နယ်၌ ဆန်းဒါးကို ကပ်၍နိုင်ခဲ့ပြီး အော်ရီဂွန်ပြည်နယ်၌ ဆန်းဒါးက အနိုင်ရရှိခဲ့သည်။ ကင်တက်ကီပြည်နယ်၌ ယှဉ်ပြိုင်ဖက် နှစ်ဦးလုံးမှ အနိုင်ရရှိရန် ကိုယ်စားလှယ် ၅၅ ဦး ခွဲဝေယူနိုင်ဖွယ်ရှိပြီး အော်ရီဂွန်ပြည်နယ်၌ ဆန်းဒါးအနေနှင့် ကိုယ်စားလှယ်ပေါင်း ၆၁ ဦး ရယူသွားဖွယ်ရှိသည်။

ကလင်တန်၏ ရရှိထားသော ကိုယ်စားလှယ်အရေအတွက်သည် အဆုံးသတ်တွင် ပါတီအတွက် သမ္မတလောင်းဖြစ်လာနိုင်သော်လည်း ၎င်းအနေဖြင့် သေချာစေရန် ကိုယ်စားလှယ်အရေအတွက် ၁၀၀ ကျော် လိုအပ်နေသေးသည်။

ဒီမိုကရက်တစ် အကြိုလှုပ်ရှားမှုများကို နှစ်ပတ်ကြာ ခေတ္တရပ်စဲထားမည်ဖြစ်ပြီး ကယ်လီဖိုးနီးယားအပါအဝင် အဓိက ယှဉ်ပြိုင်ပွဲများကို ဇွန် ၇ ရက်တွင် ပြုလုပ်သွားဖွယ်ရှိသည်။

ကင်တပ်ကီပြည်နယ်၌ မဲဆွယ်စည်းရုံးပွဲအတွက်



အချိန်နှစ်ရက်ကြာခဲ့သော ကလင်တန်သည် နိုဝင်ဘာ ရွေးကောက်ပွဲနှင့် ရီပတ်ဘလစ်ကန် ကိုယ်စားပြုယှဉ်ပြိုင်သူ ဒေါ်နယ်ထရန့်ကို အာရုံစိုက်ဖွယ်ရှိနေသည်။ **(ရိုက်တာ)**

# မြန်မာ့သကြားဈေးကွက် ခိုင်မာစွာရရှိစေရန် သကြားနှင့် ကြံထွက်ပစ္စည်းထုတ်လုပ်မှုတွင် ဥပဒေတစ်ရပ် လိုအပ်

**မန္တလေး မေ ၁၈**

မြန်မာ့သကြားဈေးကွက် ခိုင်မာစွာရရှိစေရန်နှင့် ထုတ်လုပ်မှုမြှင့်တင်နိုင်ရန်အတွက် သကြားနှင့် ကြံထွက်ပစ္စည်း ထုတ်လုပ်မှုနှင့် ပတ်သက်သည့် ဥပဒေများ လိုအပ်နေပြီဖြစ်၍ လိုအပ်သည့် မူဝါဒသစ်ပေါ်ထွက်လာနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း မေ ၁၇ ရက်က မန္တလေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် ညီလာခံ ၂၀၁၆ တွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာထွန်းဝင်းက ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံရဲ့ ကြံစိုက်ပျိုးမှုအခြေအနေကို ကြည့်ရင် အတက်၊ အကျ များတယ်။ ဒါကလည်း Supply Chain, Service Provider , Input Supplier များနဲ့ သကြားကုန်ကြမ်း၊ အခြေခံစက်မှုလက်မှုလုပ်ငန်းရှင်များ၊ ရောင်းဝယ်ဖောက်ကားသူများ၊ စားသုံးသူများစတဲ့ ကဏ္ဍမျိုးစုံမှာ အပြန် အလှန်ဆွေးနွေးပြီး လိုအပ်တဲ့ မူဝါဒတစ်ရပ် ပေါ်ပေါက်လာ အောင်ဆောင်ရွက်ဖို့လိုတယ်"ဟု ၎င်းက ပြောသည်။

သကြားထုတ်လုပ်မှုဖြစ်စဉ်တွင် ကြံစိုက်ပျိုးရေး၊ ဝယ်ယူရေး၊ ကြိတ်ဝါးရေး၊ ထုတ်လုပ်ရေးဆိုသည့် ကဏ္ဍကြီးလေးခု ပါဝင်ပြီး တစ်ခုပြီးမှ တစ်ခုဆောင်ရွက်ရခြင်းမဟုတ်ဘဲ တစ်ခုနှင့် တစ်ခုအပြန်အလှန်ဆက်စပ်နေကြောင်း၊အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်မှ အဆင်ပြေမှာဖြစ်ပြီးစိုက်ကေကျဆင်းနေ သည့် ကြံသီးနှံအား ပြန်လည်တက်လိုပါက သုံးနှစ်ကျော်ကြာမြင့်မည်ဖြစ်သဖြင့် စိုက်ပျိုးလိုစိတ်ရှိအောင် တွန်းအားပေးရန် အရေးကြီးကြောင်း သိရသည်။

"၂၀၁၀-နောက်ပိုင်းသကြားနဲ့ပတ်သက်တဲ့ ဥပဒေမရှိခဲ့ပါဘူး။ အမိန့်ညွှန်ကြားချက်နဲ့ ကြံစိုက်ပျိုးထုတ်လုပ်မှုကို ညွှန်ကြားသွားတယ်။ ဒီနေ့မှာ လွတ်လပ်သောအာဆီယံစီးပွားရေးယှဉ်ပြိုင်မှုလာတော့မယ်ဆိုတော့ မြန်မာနိုင်ငံကြံနဲ့သကြားစက်လုပ်ငန်းရှင်များအသင်းနဲ့ အစိုးရအဖွဲ့အစည်းတွေအားလုံးပေါင်းပြီး ယှဉ်ပြိုင်မှုစွမ်းအားတိုးမြှင့်နိုင်ဖို့ နှစ်တိုင်း တစ်နှစ်နှစ်ကြိမ် ဆွေးနွေးပွဲတွေလုပ်ပြီး ဆော်ဩခဲ့တယ်" ဟု မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးစံသိန်းက ပြောသည်။

မြန်မာ့သကြားထုတ်လုပ်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်များနှင့် လုပ်ငန်းရှင်များက အလေးထားဆောင်ရွက်ခဲ့ခြင်းမရှိခဲ့သဖြင့် ထုတ်လုပ်မှုကျဆင်းခဲ့သည့်အပြင် ပြည်ပသကြားကို မယှဉ်ပြိုင်နိုင်ကြောင်း၊ WTO လက်မှတ်ထိုးထားသည့် ကတိကဝတ်နှင့် အာဆီယံဒေသတွင်း လွတ်လပ်စွာရောင်းဝယ်ခွင့် ကတိကဝတ်များရှိကြောင်းသိရသည်။

"အကောက်အခွန် ဆိုတဲ့ အုတ်တံတိုင်းနဲ့ ကာကွယ်ဖို့ဆိုတာ နည်းလမ်းကောင်း မဟုတ်တော့ဘူး။ ကိုယ့်အားကိုယ်ကိုးဝိုင်းဝန်းလုပ်ဆောင်ကြမယ်ဆိုရင် စည်းကမ်းဥပဒေလိုပါတယ်" ဟု ဒုတိယဥက္ကဋ္ဌက ဆက်လက်ပြောသည်။

ထို့အတွက် မူဝါဒ၊ ဥပဒေတစ်ရပ်ပေါ်ပေါက်လာစေရန်နှင့် တစ်နိုင်ငံလုံးခြုံငုံမိစေရန်အတွက် အသင်းဖွဲ့စည်းရာတွင်ကဏ္ဍပေါင်းစုံရှိ ပြည်သူများပါဝင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




# ကျောင်းအပ်နှံရေး သီတင်းပတ် ပိုစတာများစိုက်ထူ

**ထီးလင်း မေ ၁၈**

၂၀၁၆ ခုနှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ပိုစတာ၊ ဆိုင်းဘုတ်များကို ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် မြို့နယ်အခြေခံပညာဦးစီးဌာနက ကြီးမှူး၍မေ ၁၅ ရက်က မြို့နယ်ပညာရေးမှူးရုံးရှေ့ ဈေးလမ်းဆုံ အထကကျောင်းရှေ့နေရာများ၌ အများပြည်သူသိရှိနိုင်ရန် စိုက်ထူကြောင်း သိရသည်။

ထို့အပြင် မေလတတိယပတ်မှစတင်ကာ ကျောင်းအပ်လက်ခံဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## ပညာရေးဝန်ကြီးဌာန

## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ (၂၀၁၆-၂၀၁၇ ပညာသင်နှစ်)

**အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်အတွက် အခမဲ့ထောက်ပံ့မှုများ**

■ သူငယ်တန်း (KG) အတွက် ကျောင်းဝတ်စုံ (၁) စုံ **(အခမဲ့)**
■ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံ (၁) စုံ၊ ဗလာစာအုပ် (၆) အုပ်နှင့် ကျောင်းသုံး ပြဋ္ဌာန်းစာအုပ် (၁) စုံ **(အခမဲ့)**
■ အလယ်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် (၁) စုံ **(အခမဲ့)**
(ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေးကင်းလွတ်ခွင့်)
■ အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် (၁)စုံ **(အခမဲ့)**
(ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေးကင်းလွတ်ခွင့်)

**ပညာရေးဝန်ထမ်းများအားလုံး သိရှိလိုက်နာရမည့် အချက်များ**

❍ ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူအားလုံးကို မည်သည့် **အခကြေးငွေ**မှ ကောက်ခံခြင်းမပြုရ။
❍ ကျောင်းအပ်နှံခြင်းအတွက် **ငွေကြေး/လက်ဆောင်**ပစ္စည်း တစ်စုံတစ်ရာလက်ခံခြင်းမပြုရ။
❍ ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်**များ ရောင်းချခြင်းမပြုရ။
❍ အခြားမည်သည့် ပစ္စည်းကိုမှ ရောင်းချခြင်းမပြုရ။

**မိဘများသို့ မေတ္တာရပ်ခံချက်**

➢ မိမိတို့သက်ဆိုင်ရာ နယ်မြေများတွင်သာ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံကြပါရန်။
➢ ကျောင်းအပ်နှံခြင်းအတွက် မိဘပြည်သူများက **ငွေကြေးနှင့်လက်ဆောင်** ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများကို ပေးအပ်ခြင်းမပြုရန်။
➢ ထပ်ကျော့ကျောင်းအပ်နှံခြင်းကြောင့်လည်းကောင်း၊ ကျောင်းအပ်နှံနှုန်း မြင့်မားလာခြင်းကြောင့်လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ကို မျှဝေခြင်းအစီအစဉ်နှင့်လည်း ပူးပေါင်းပြီး လုံလောက်စွာဖြန့်ဝေပေးလိုပါသဖြင့် သတ်မှတ်မြို့နယ်အလိုက် ကျောင်းဝင်ခွင့်လျှောက်ထားမှုနှင့် ပတ်သက်၍ ပိုမိုချောမွေ့အဆင်ပြေစေမည့် နည်းလမ်းများကို အကြံပြုကြပါရန်။

**ပညာရေးဝန်ကြီးဌာန**



## ပျောက်ဆုံးကြောင်း

ကျွန်မ မခိုင်ဌေး ၇/တကန(နိုင်) ၂၀၆၉၉၃၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

## အမည်ပြောင်း

ဦးနော်တောင်၏သား တနိုင်းမြို့၊ ပုန်ခုန်းရပ်ကွက်၊ အမက (မူလွန်) ဒုတိယတန်းမှ မောင်မုန်အောန်းအား မောင်ရေမွှန်အင်ဖန်မုန် အောန်းဂမ်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရေမွှန်အင်ဖန်မုန်အောန်းဂမ်**

## အမည်ပြောင်း

ဦးထိန်နန်လဆိုင်း၏သား တနိုင်းမြို့၊ အထက အဋ္ဌမတန်း(C)မှ မောင်သက်ဦးအား မောင်ထိန်နန်သက်ဦးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထိန်နန်သက်ဦး**

## ဖခင်အမည်မှန်

တနိုင်းမြို့၊ အထက နဝမတန်း(B)မှ မောင်နိုင်မျိုးမင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဌေး ၁၄/အဂပ(နိုင်)၁၄၃၅၀၇ ဖြစ်ပါကြောင်း။

**ဦးကျော်ဌေး**

## မွေးသက္ကရာဇ်အမှန်

ဦးနော်ခရိုင်ဇော်အောန်၏ သမီး တနိုင်းမြို့ ဟူးကောင်းရပ်ကွက် အမက (မူလွန်) ဆဋ္ဌမတန်းမှ မဆိုင်းနန်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၂-၂၀၀၄ ဖြစ်ပါကြောင်း။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ချောင်း၊ မြောင်းတူးဖော်ခြင်းနှင့် တာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၃-၅-၂၀၁၆ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃၀-၅-၂၀၁၆ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ၁၁း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်၊ အချိန်၊ နေရာ** - ၃၀-၅-၂၀၁၆ရက် ၁၃း၀၀နာရီ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၃-၅-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၄၂-၂၉၀၀၄၊ ၀၄၂-၂၉၁၀၇**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့၊ မြို့မ (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (ရပ်-၁၀)၊ ဇာတ်ရုံရပ်၊ ဦးပိုင်အမှတ် (၉၉)၊ မြေကွက်အမှတ် (၅၉)၊ မြေချိန်ဧရိယာ ၀.၁၁၃မ၀၆၀၆ဧကခန့် ရှိသောမြေကို ဒေါ်ခင်ဝင်းနိုင် အမည်ဖြင့် အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယင်းမြေကွက်ကို မည်သည့်အတွက် မြေငှားဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူ မည်သူမဆို ညောင်လေးပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၇-၅-၂၀၁၆ရက် နောက်ဆုံးထားကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို အဆိုပါ ဒေါ်ခင်ဝင်းနိုင်အား မြေငှားဂရန် ထုတ်ပေးမည်ဖြစ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

## ရောင်းမည်/ ငှားမည်

## တိုက်ခန်းငှားမည်

(၃၈'×၂၇')၊ 1MB၊ 1BR၊ ပါကေးခင်း၊ ကြွေပြားခင်း၊ ကြွေပြားကပ်၊ မီးဖိုခုံပါ၊ 2 A/C၊ မြေညီထပ်၊ မြေပို(၁၅')ပါ၊ ကိုးသိန်း

**ဖုန်း-၀၉-၇၇၇၂၃၁၁၅၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ ထမုန်ကန်အုပ်စု အုတ်ကျင်းကျေးရွာနေ မချယ်ရီကျော်မိုး ၉/မထလ(နိုင်)၁၀၉၆၃၄၊ ချည်စက်၊ အထကတွဲ-၁၊ အဋ္ဌမတန်းမှ မနေခြည်ကျော်မိုး၏ဖခင် ဦးအောင်ကျော်မိုး ၉/သစန(နိုင်)၀၃၂၉၀၈နှင့်ဦးကျော်မိုးမှာ တစ်ဦးတည်းဖြစ်ပါသည်။

**ဦးအောင်ကျော်မိုး(ခ)ဦးကျော်မိုး**

## အမည်ပြောင်း

ဦးထွန်းလင်း ၉/ဇဗသ(နိုင်) ၀၀၂၉၇၈ ၏သား အလက-၁၊ ကန်နား၊ နဝမတန်း(B)မှ မောင်ဖြိုးသီဟအောင်အား မောင်ဟိန်းသက်ဆွေဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းသက်ဆွေ**

## "ကွန်ဒိုတိုက်ခန်းသုံးခန်းတွဲလျက်(သို့)တစ်ခန်းချင်း အမြန်ရောင်းမည်"

## ရန်ကုန်မြို့လယ် DownTown မြို့နယ်အတွင်း သက်သာသောဈေးနှုန်းဖြင့် နေထိုင်လိုသူများအတွက် အထူးအခွင့်အရေး

ဗိုလ်တထောင်မြို့နယ်၊ (၅၁)လမ်း၊ ကွန်ဒို၊ ဓာတ်လှေကားပါ၊ အခန်းတစ်ခန်း၊ sqft 600 ဈေးနှုန်း ကျပ်သိန်း ၉၀၀၊ သုံးခန်းတွဲလျက် sqft 1800၊ ဈေးနှုန်း ကျပ်သိန်း ၂၇၀၀၊ တစ်ခန်းချင်း(သို့)သုံးခန်းအတွဲလိုက်ရောင်းမည်။

သုံးခန်းတွဲလျက် ဝယ်လိုသူများအနေဖြင့် သိန်း(၁၈၀၀)တိတိကို ပထမဆုံးပေးချေ၍ အခန်းလက်ဝယ်ရယူကာ ကျန်ငွေကျပ်သိန်း ၉၀၀တိတိကို ခြောက်လအတွင်း နှစ်ကြိမ်ခွဲ၍ ပေးချေနိုင်ပါသည်။

တစ်ခန်းချင်း ဝယ်လိုသူများအတွက်လည်း ကျပ်သိန်း ၆၀၀တိတိကို ပထမဆုံးပေးချေ၍ အခန်းလက်ဝယ်ရယူကာ ကျန်ငွေ ကျပ်သိန်း ၃၀၀ တိတိကို ခြောက်လအတွင်း နှစ်ကြိမ်ခွဲ၍ ပေးချေနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈**

# KIA အဖွဲ့ထံမှ လက်နက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၈**

ကချင်ပြည်နယ် ဗားကန့်မြို့နယ် ကာမိုင်းမြို့နယ်နယ်ယားကျေးရွာအုပ်စု စတော့မော်ကျေးရွာမှ အပြစ်မဲ့ပြည်သူ ခုနစ်ဦးကို KIA အဖွဲ့က အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သွားပြီး ငါးဦးသာ ပြန်လည်စေလွှတ်ပေးခဲ့သဖြင့် ကျန်ရှိသူ နှစ်ဦးအား ကယ်ဆယ်နိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ပြည်သူ့စစ်(ဌာနေ) အဖွဲ့များနှင့် ပူးပေါင်း၍ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက် နံနက်ပိုင်းက ပွိုင့် ၆၄၆ ချန်ကာဘွမ်အနီး၌ KIA အဖွဲ့အင်အား ၃၀ ခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ ၎င်းတို့အဖွဲ့မှာ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။

ဆုတ်ခွာထွက်ပြေးသွားသော KIA အဖွဲ့နောက်သို့ လိုက်လံရှင်းလင်းခဲ့ရာမှ မြေစိုက်တဲတစ်လုံးကို တွေ့ရှိရသဖြင့် ဝင်ရောက်ရှင်းလင်းရာ လက်နက်ငယ် ၃၉ လက်၊ လက်နက်ကြီးသုံးလက် စုစုပေါင်း လက်နက်မျိုးစုံ ၄၂ လက်၊ ကျည်မျိုးစုံ ၂၀၅ တောင့်၊ ဗုံးသီးခြောက်လုံး၊ လက်ပစ်ဗုံးလေးလုံး၊ ကျည်အိမ်များ၊ မိုင်းထောင်ရာတွင် အသုံးပြုသော ယမ်းကြိုးများနှင့် ခါတ်ခဲများအား ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။ **(ယာပုံ)**

ထို့ပြင် မေ ၁၇ ရက် ညနေပိုင်းက ယင်းနေရာဝန်းကျင်၌ ကျည်မျိုးစုံ ၁၀၄၇၆ တောင့်၊ ဗုံးသီးမျိုးစုံ ၁၅ လုံး၊ စက်လတ်ကျည်ခါးပတ်တွဲ ခုနစ်တွဲ၊ လက်ပစ်ဗုံးအလုံး ၇၀၊ လက်နက်ငယ်ကျည်အိမ် ၂၆ ခု၊ ယမ်းကြိုးအရှည် ပေ(၅၀) ၁၅ ခွေ၊ ဒီတိုနေတာ အခု ၂၆၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။



အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည့် ပြည်သူများအား ကယ်ဆယ်ရေးနှင့် KIA အဖွဲ့ ခိုအောင်းနေထိုင်လှုပ်ရှားမှု မရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ကျွန်းသစ်ခွဲသားများ တရားမဝင်သယ်ဆောင်လာစဉ် ဖမ်းဆီးရမိ

**ထီးချိုင့် မေ ၁၈**

ကသာခရိုင် ထီးချိုင့်မြို့နယ် မဲဇာချောင်းအတွင်း ကျွန်းသစ်ခွဲသားများ တရားမဝင်သယ်ဆောင်လာသည့် စက်လှေတစ်စင်းကို မေ ၁၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မဲဇာချောင်းအတွင်း တရားမဝင်ကျွန်းသစ်များ သယ်ဆောင်နေကြောင်းသတင်းအရ သစ်တောဦးစီးဌာနမှ တောအုပ် ဦးအောင်မျိုးသန့်နှင့် တောခေါင်း ဦးဇော်လွင်တို့အဖွဲ့သည် ညောင်ပင်သာရဲကင်းမှူး ရဲအုပ်စောထူးဖောအဖွဲ့နှင့် ပူးပေါင်းပြီး သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် ည ၇ နာရီ ၄၅ မိနစ်တွင် မဲဇာချောင်းအတွင်း မောင်းနှင်လာသည့် စက်လှေတစ်စင်းကို စစ်ဆေးရာမှ စက်လှေပေါ်တွင် တရားမဝင်ကျွန်းခွဲသားအရွယ်စုံ ၂၈ ချောင်း(အလေးချိန် ၀ ဒသမ ၈၆၈ တန်) စုစုပေါင်းတန်ဖိုးကျပ် ၂၂၀၀၀၀ နီးပါးကို တွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကျွန်းခွဲသားများ တရားမဝင် သယ်ဆောင်လာသည့် အဆိုပါ KaWa အမျိုးအစား စက်လှေကို မောင်းနှင်လာသူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် လက်ဆောင်ယူကျေးရွာနေ သိန်းပိုက်(၃၂ နှစ်)အား အရေးယူပေးရန် တောအုပ် ဦးအောင်မျိုးသန့်က တိုင်တန်းခဲ့ပြီး ထီးချိုင့်မြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## လေပြင်းတိုက်သည့်ဒေသ အပျက်အစီးစာရင်းကောက်ရန်သွားသည့် ရဲတပ်သားနှင့် သူငယ်ချင်းတစ်ဦး အစာအဆိပ်သင့်သည့်လက္ခဏာဖြင့် အိပ်ရင်းသေဆုံး

**ကန့်ဘလူ မေ ၁၈**

ကန့်ဘလူမြို့နယ် မြေဒူးရဲကင်းအပိုင်နယ်မြေအတွင်းမှ ဝါးရုံကုန်း၊ မော်တော၊ ဆားကုန်းနှင့် ဆားကိုင်းကျေးရွာများတွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသောစာရင်းများကို ကောက်ယူရန် တာဝန်ထမ်းဆောင်နေသော မြေဒူးရဲကင်းမှ ရဲတပ်သားတစ်ဦးနှင့် ၎င်း၏သူငယ်ချင်းတို့မှာ အစာအဆိပ်သင့်သည့် လက္ခဏာများဖြင့် မေ ၁၆ ရက်က အိပ်ရင်းသေဆုံးနေမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် နေ့လယ်ပိုင်းက မြေဒူးရဲကင်းမှ ဒုရဲအုပ်ဇော်ဇော်အောင်က ရဲတပ်သားမျိုးမြင့်အောင်ကို ရဲကင်းအပိုင်နယ်မြေအတွင်းရှိ ဝါးရုံကုန်း၊ မော်တော၊ ဆားကုန်းနှင့်ဆားကိုင်းကျေးရွာများသို့ လေပြင်းကြောင့်ပျက်စီးသည့်အခြေအနေများ စာရင်းကောက်ယူရန် တာဝန်ပေးစေလွှတ်ခဲ့ကြောင်း၊ ရဲတပ်သားမျိုးမြင့်အောင်နှင့် သူငယ်ချင်းဖြစ်သူ မော်တောရွာနေ ဘဲဥ(ခ)ထွန်းလင်းတို့မှာ ရဲကင်းမှထွက်သွားကြပြီး မော်တောကျေးရွာနေ ဦးကိုရဲနေအိမ်သို့ ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် ရောက်ရှိကာ ခေတ္တအိပ်နေကြရာမှ ည ၁၀ နာရီမထိုးမီတွင် အိမ်ရှင်ဖြစ်သူ ဦးကိုရဲက ၎င်းတို့နှစ်ဦးကိုနှိုးရာ မရသည့်အတွက် ရဲကင်းသို့ ဖုန်းဆက်အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ဒုရဲအုပ်ဇော်ဇော်အောင်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရဲတပ်သားမျိုးမြင့်အောင်နှင့် ဘဲဥ(ခ)ထွန်းလင်းတို့၏ ခန္ဓာကိုယ်တွင် ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရဘဲ အစာအဆိပ်သင့်သည့် လက္ခဏာများဖြင့် သေဆုံးကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် စစ်ဆေးနိုင်ရန်အတွက် မေ ၁၇ ရက်တွင် ဒုရဲအုပ်ဇော်ဇော်အောင်က တရားလိုပြုလုပ်၍ ကန့်ဘလူမြို့မရဲစခန်း၌ အမှုဖွင့်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ကောလင်းမြို့နယ်တွင် လူသတ်မှုဖြစ်ပွား

**စစ်ကိုင်း မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ငပွေးလေးကျေးရွာ၌ မေ ၁၇ ရက်က လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ကောလင်းမြို့နယ် ငပွေးလေး ကျေးရွာနေ ဦးမြင့်ဝင်း၏ ဝက်ခုံလုပ်သားမျိုးကြီး(ခ)မျိုးမင်းထွန်းအား တစ်ရွာတည်း နေသူ ကျော်မင်းထွန်းက ဓားဖြင့်ထိုးကြောင်း သိရသဖြင့် ဦးမြင့်ဝင်းက သွားရောက် ကြည့်ရှုရာတွင် မျိုးမင်းထွန်းမှာ ညာဘက်ရင်အုံတွင် ဓားဦးချွန်ဖြင့် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး ပက်လက်အနေအထားဖြင့် သေဆုံးနေသည်ကို တွေ့ရ၍ ဥပဒေအရ အရေးယူပေးရန် ဦးမြင့်ဝင်းက တိုင်တန်းသဖြင့် ကျော်မင်းထွန်းအား ဖမ်းဆီးကာ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကရင်ပြည်နယ်-စိုက်ပျိုးရေးဦးစီးဌာန

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါလုပ်ငန်းများအတွက် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တည်နေရာ | အကြောင်းအရာ | လုပ်ငန်းအရေအတွက် |
|---|---|---|---|
| ၁။ | ပြည်နယ်ဦးစီးမှူးရုံး(စက်မှုသီးနှံ) | (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ(၄၀'×၂၈'×၁၂') | (၁)လုံး |
| ၂။ | ပြည်နယ်(စက်မှုသီးနှံ၊ လှိုင်းဘွဲ) | (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ(၄၀'×၂၈'×၁၂') | (၁)လုံး |
| ၃။ | ဖာပွန်ခရိုင်ဦးစီးမှူးရုံး | ရုံးဆောက်လုပ်ခြင်း(၆၀'×၃၀'×၁၂') | (၁)လုံး |
| ၄။ | သံတောင်ကြီးမြို့နယ်ဦးစီးမှူးရုံး | (၃)ခန်းတွဲဝန်ထမ်းအိမ်ရာ(၆၀'×၃၅'×၁၂') | (၁)လုံး |
| ၅။ | ကျိုက်ဒုံမြို့နယ်၊ မြို့ဦးစီးမှူးရုံး | (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ(၃၆'×၂၉'×၁၁') | (၁)လုံး |
| ၆။ | မြဝတီမြို့နယ်ဦးစီးမှူးရုံး | (၄)ခန်းတွဲဝန်ထမ်းအိမ်ရာ(၄၈'×၃၅'×၁၂') | (၁)လုံး |
| (က) | **တင်ဒါရောင်းချမည့်ရက်** | ၂၅-၅-၂၀၁၆ရက် | |
| (ခ) | **တင်ဒါတင်သွင်းရမည့်ရက်** | ၁၅-၆-၂၀၁၆ရက် နံနက် ၉နာရီ | |
| (ဂ) | **တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်** | ၁၅-၆-၂၀၁၆ရက် နံနက် ၁၀နာရီ | |
| (ဃ) | **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | ပြည်နယ်ဦးစီးမှူးရုံး၊စိုက်ပျိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဘားအံတက္ကသိုလ်အရှေ့။ | |

တင်ဒါပုံစံများကို ကရင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့တွင် ၂၅-၅-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၈-၂၂၀၆၅၊ ဖုန်း-၀၅၈-၂၁၀၇၁၊ ဖုန်း-၀၉-၈၇၃၀၆၃၁၊ ၀၉-၄၉၇၃၂၃၈၉တို့သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ကရင်ပြည်နယ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

### သတင်းကြေညာချက်

၁၃၇၈ခုနှစ် ကဆုန်လဆန်း (၁၃)ရက်
၂၀၁၆ ခုနှစ် မေ ၁၉ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၆ခုနှစ် ဇွန်၂၄ရက်မှ ဇူလိုင် ၆ရက်အထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ၂၀၁၆ခုနှစ် မေ ၁၉ရက်မှ ဇွန် ၁၀ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ရတနာပြပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ ၂၀၁၆ ခုနှစ် ဇွန် ၁ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မိုးကုတ်မြို့တို့တွင်လည်းကောင်း၊ ဇွန် ၃ရက်မှ ၅ရက်အထိ စစ်ကိုင်းမြို့တွင်လည်းကောင်း စီမံရေးရာလုပ်ငန်းကော်မတီရုံးခွဲများဖွင့်လှစ်၍ သက်ဆိုင်ရာမြို့နယ်များရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းနှင့်ပူးပေါင်း၍ ပြည်တွင်းရတနာကုန်သည်များကို ပြပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၆။ ၂၀၁၆ခုနှစ် ဇွန် ၁၃ရက်မှစတင်၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ပြပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၇။ ၂၀၁၆ခုနှစ် ဇွန် ၁ရက်မှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ပြပွဲဝင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေစေရေးတွက် ပြပွဲဝင်ခွင့်ပုံစံများကို www.mining. gov.mm နှင့် www.mge. gov.mm တို့မှတစ်ဆင့် Download ရယူ၍ ကြိုတင်ဖြည့်စွက်မှတ်ပုံ တင်နိုင်ပါသည်။ On-line မှတစ်ဆင့် လျှောက်ထားလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm, On- line Pre- Registration System တွင် ကြိုတင်မှတ်ပုံတင်၍ ပြပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၈။ ၂၀၁၆ခုနှစ် (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန (မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့်ကျောက်စိမ်းတူးဖော်ရေးဌာန (စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**



### ပျောက်ဆုံးကြောင်း

ကျွန်မ မဆန်ဒေယာကူမာရီ ၇/ဖမန(နိုင်)၁၉၇၂၉၅ ၏ Passport (No-မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၈၁၁၀၀၅၉**



### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းစိုးနိုင် ၁၀/ပမန(နိုင်) ၁၄၉၇၅၇၏ Passport (No-မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၆၁၉၅၈၇၉**



### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၆၊ မြေကွက်အမှတ် ၈၃၂၊ မြေကွက်တည်နေရာအမှတ် ၈၃၂/၄၆၊ ဗိုလ်ချုပ်လမ်း၊ ဒဂုံမြောက် (ဦးစိန်သန်း) ISN - ၀၈၃၉၆၉ အမည်ပေါက် နှစ်၆၀ ဂရန်ရှိ အမည်ပေါက် ဦးစိန်သန်း(ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်အုန်းရီ ၁၂/ဗဟန(နိုင်)၀၇၁၃၀၂က တရားဝင်တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်၍ မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# မေ ၁၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် မေ ၁၈ ရက် (ဗုဒ္ဓဟူးနေ့)ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၂၀၀၀ မှ ၄၃၀၀၀ |
| ၂။ | ဇီရာ/ညှော်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၄။ | မြီးတို(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၉၅၀၀ မှ ၃၂၀၀၀ |
| ၅။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄၀၀၀ မှ ၂၅၀၀၀ |
| ၆။ | နှမ်းထပ်(ရှယ်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၈၀၀ မှ ၁၉၂၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၇၂၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၃၅ မှ ၁၆၃၅ |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ မြစ်သား၊ အောင်လံ၊ မြင်းခြံ၊ ပခုက္ကူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၇၅ မှ ၆၀၀ |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၁၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | ရှမ်း၊ အောင်ပန်း၊ တောင်ကြီး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၃၃၀၀ |
| ၁၂။ | ငရုတ်ရှည် | ကျောက်ရဲ၊ ဝါးခယ်မ၊ ရွှေလောင်း၊ ပန်းတနော်၊ ဇီယက်နမ်၊ အိမ်မဲ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၅၀ မှ ၄၅၅၀ |
| ၁၃။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း၊ ကျောက်စိမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၀၀၀ |
| ၁၄။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀ မှ ၆၇၀ |
| ၁၅။ | သရက်သီး(စိန်တစ်လုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ မှ ၁၂၀၀၀ |
| ၁၆။ | သရက်သီး(မချစ်စု) | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၅၀၀၀ မှ ၂၂၀၀၀ |
| ၁၇။ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၄၀၀၀ မှ ၁၃၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

# မန်ယူတို့ ဘုန်းမောက်ကို နိုင်သော်လည်း ယူရိုပါလိဂ်သာ ဝင်ခွင့်ရ

ဥရောပလိဂ်ပွဲစဉ်များ ပြီးဆုံးပြီဖြစ်သော်လည်း ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်မှ မန်ယူနှင့် ဘုန်းမောက်ပွဲကို မေ ၁၈ ရက်နံနက်က ယှဉ်ပြိုင်ကစားရာ မန်ယူက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မန်ယူအတွက် ဂိုးကို ပွဲချိန် ၄၃ မိနစ်တွင် ရွန်းနီက သွင်းယူပေးပြီး ရက်ရှ်ဖို့ဒ်က ပွဲချိန် ၇၅ မိနစ်တွင် ဒုတိယဂိုး၊ အက်ရှ်လေယန်းက ပွဲချိန် ၈၇ မိနစ်တွင် တတိယဂိုးသွင်းယူပေးပြီး ပွဲပြီးခါနီးတွင် မန်ယူမှ စမောလင်းက ကိုယ့်ဂိုးကိုယ်သွင်းယူမိပြီး သုံးဂိုး-တစ်ဂိုးဖြင့် မန်ယူတို့ အနိုင်ရခဲ့သည်။

ယခုပွဲတွင် ရွန်းနီသည် မန်ယူကစားသမားဘဝတစ်လျှောက် အိုးထရက်ဖို့ဒ်ကွင်း၌ သွင်းဂိုး ၁၀၀ ပြည့် သွင်းယူနိုင်ခဲ့သည်။ ပရီမီယာလိဂ်ပွဲစဉ်များအပြီး မန်စီးတီးနှင့် မန်ယူမှာ ရမှတ် ၆၆ မှတ်စီ တူညီသော်လည်း မန်စီးတီးမှာ ဂိုးကွာခြားချက်အသာဖြင့် အဆင့် ၄ ရကာ ချန်ပီယံလိဂ်ဝင်ခွင့်ရပြီး မန်ယူမှာ အဆင့် ၅ ဖြင့် ယူရိုပါလိဂ်ဝင်ခွင့်နှင့်သာ ကျေနပ်ခဲ့ရသည်။

**သီဟ**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် မေ ၁၈**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ပထမအဆင့်(ပထမနေ့)ပွဲစဉ်များကို ယနေ့ညနေပိုင်းက စတင်ကျင်းပရာ ရခိုင်၊ မြဝတီနှင့် Southern အသင်းတို့ ဒုတိယအဆင့်တို့ တက်ရောက်သွားသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် မြဝတီအသင်းနှင့် GFA အသင်းတို့ မိနစ် ၁၂၀ ပြည့်သည်အထိ ဂိုးမရှိ သရေကျနေ၍ ပယ်နယ်တီအဖြစ် ဆုံးဖြတ်ရာ မြဝတီအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

နိုင်ငံခြားသားကစားသမား သုံးဦး ပါဝင်လာသည့် GFA အသင်းသည် ခြေစွမ်းပိုင်းတွင် အသာရခဲ့သော်လည်း ထိရောက်သည့်ဂိုးသွင်းခွင့် မဖန်တီးနိုင်၍ ပွဲပြီးချိန်အထိ ဂိုးမရခဲ့ပေ။ အခြားပွဲစဉ်များတွင် အောင်ဆန်းကွင်း၌ မျိုးဇော်ဦး၏ သွင်းဂိုးများဖြင့် ရခိုင်အသင်းက စီးတီးစတားအသင်းကို နှစ်ဂိုးပြတ် အနိုင်ရခဲ့သည်။ ပဒုမ္မာကွင်း၌ မိနစ် ၉၀ တွင် ဂိုးမရရှိသရေ၊ အချိန်ပို၌ နှစ်ဂိုးစီသရေကျခဲ့၍ ပယ်နယ်တီဖြင့်ဆုံးဖြတ်ရာ Southern အသင်းက မောရဝတီအသင်းကို သုံးဂိုး-နှစ်ဂိုး စုစုပေါင်း ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲအဖြစ် ပဒုမ္မာကွင်း၌ ဖုန်ဂန်နှင့် Horizon ၊ အောင်ဆန်းကွင်း၌ ငွေကြယ်ပွင့်လေးများနှင့် ချင်းယူနိုက်တက်၊ သုဝဏ္ဏကွင်း၌ တက္ကသိုလ်လက်ရွေးစင်နှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**



မြန်မာအမျိုးသမီးအသင်းအား Shizuoka တက္ကသိုလ်အသင်းနှင့် ခြေစမ်းပွဲမကစားမီ တွေ့ရစဉ်

# မြန်မာအမျိုးသမီးအသင်း ခြေစမ်းပွဲထပ်မံကစား

**ရန်ကုန် မေ ၁၈**

ဂျပန်နိုင်ငံ၌ လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် တတိယခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက Shizuoka တက္ကသိုလ်အသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး အထောင်တိုက်စစ်မှူးနေရာတွင် ခင်မိုးဝေ အစား လှယဉ်ဝင်းကို အသုံးပြုခဲ့သည်။ Shizuoka တက္ကသိုလ်အသင်းသည် ပယ်နယ်တီဂိုးအပါအဝင် နှစ်ဂိုးသွင်းယူခဲ့ပြီး မြန်မာအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို တိုက်စစ်မှူး ရီရီဦးက သွင်းယူပေးခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ဂျပန်ခရီးစဉ်တွင် နိုင်ပွဲမရသေးဘဲ တစ်ပွဲသရေ၊ နှစ်ပွဲ ရှုံးနိမ့်ထားသည်။ မြန်မာအမျိုးသမီးအသင်းသည် စတုတ္ထခြေစမ်းပွဲအဖြစ် မေ ၂၃ ရက်တွင် JEF ယူနိုက်တက်အသင်းနှင့် ကစားမည်ဖြစ်သည်။

**သတင်း - ဖိုးသော်ဇင်၊ ဓာတ်ပုံ - ဘောလုံးအဖွဲ့ချုပ်**


ကလေးများအတွက် တစ်နှစ်ပတ်လုံးဖွင့်မည့်
Regular English Courses For Young Learners
(၁)တန်းမှ (၉)တန်းကလေးများအတွက် Level-၅ ဆင့်ခွဲ၍ ထိရောက်စွာသင်ကြားမည့်
4-Skill English သင်တန်းများ
Sat+Sun(တစ်ပတ် ၂ ရက်)
9:30 to 11:30 a.m.
June 4 စပါမည်။
ဝင်ကြေး - ၅၀၀၀/-
လစဉ်ကြေး - ၂၀၀၀၀/-

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
1 - 2:30 (Mon~Thurs) 1 Jun
10-11:30 (Mon~Thurs) 13 Jun
3:30 - 5 (Mon~Thurs) 20 Jun
9 - 12:00 (Sat + Sun) 25 Jun
BASIC FOUR SKILLS ENGLISH
10-11:30 (Mon~Thurs) 23 May
3:30 - 5 (Mon~Thurs) 23 May
1 - 2:30 (Mon~Thurs) 30 May
6 - 7:30 (Mon~Thurs) 30 May
10-11:30 (Mon~Thurs) 1 Jun
1 - 4:00 (Sat + Sun) 12 Jun
BASIC WRITING
7:30 - 9 (Mon~Thurs) 6 Jun

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 4:00 (Sat + Sun) 22 May
10-11:30 (Mon~Thurs) 23 May
3:30 - 5 (Mon~Thurs) 30 May
10-11:30 (Mon~Thurs) 1 Jun
12 - 3:00 (Sat + Sun) 4 Jun
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 30 May
3:30 - 5 (Mon~Thurs) 6 Jun
VOCAB ENRICHMENT
10-11:30 (Mon~Thurs) 23 May
1 - 2:30 (Mon~Thurs) 30 May
BASIC GRAMMAR
9 - 12:00 (Sat + Sun) 14 May
INTERMEDIATE WRITING
10-11:30 (Mon~Thurs) 13 Jun

BASIC ENGLISH SPEAKING
12 - 3:00 (Sat + Sun) 22 May
3:30 - 5 (Mon~Thurs) 30 May
7:30-10:30 (Sat + Sun) 5 Jun
BASIC GRAMMAR
7:30-10:30 (Sat + Sun) 29 May
PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon~Thurs) 16 May
12 - 3:00 (Sat + Sun) 29 May
IELTS (Preparation)
1 - 3:30 (Mon~Thurs) 6 Jun
IELTS (Speaking)
7:30 - 9 (Mon~Thurs) 6 Jun
IELTS (Writing)
7:30 - 9 (Mon~Thurs) 16 May

BASIC FOUR SKILLS ENGLISH
4:30-7:30 (Sat + Sun) 28 May
7:30-10:30 (Sat + Sun) 4 Jun
1:30 - 4:30 (Sat + Sun) 5 Jun
3:30 - 5 (Mon~Thurs) 6 Jun
INTERMEDIATE (ACADEMIC ENGLISH)
4:30-7:30 (Sat + Sun) 18 Jun
IELTS (Preparation)
4:30-7:30 (Sat + Sun) 4 Jun
IELTS (Writing)
12:30-3:30 (Sat+Sun) 28 May
IELTS (Reading)
1 - 3:00 (Mon~Thurs) 6 Jun
IELTS (Grammar)
10-11:30 (Mon~Thurs) 20 Jun



PIONEER
မိုဘိုင်းဖုန်းသင်တန်းကျောင်း
HARDWARE=150000;SOFTWARE=150000
၆၀/အင်းစိန်လမ်းမ၊လှည်းတန်းစံရိပ်ငြိမ်၊ကမာရွတ်ရန်ကုန်
09788845507:095121467:0931452059


## အိတ်ဖွင့်လေလံတင်အရောင်းကြော်ငြာ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ အထူးအဖွဲ့/ခရိုင်/မြို့နယ်များမှ အသုံးပြုပြီးသော ကတ္တရာပီပါခွံ ၂၃၆၈၂ လုံးအား၃၁-၅-၂၀၁၆ရက် မွန်းလွဲ ၁ နာရီတွင် တွဲဖက်ပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၂။ လေလံအတွက် အာမခံကြေးများပေးသွင်းရမည်ဖြစ်ပြီး လျှောက်လွှာပုံစံများကို ၂၃-၅-၂၀၁၆ရက် မှ ၃၀-၅-၂၀၁၆ရက်အတွင်း ရုံးဖွင့်ရက်များတွင် ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တွဲဖက်ပြည်နယ် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လားရှိုးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**ဖုန်း-၀၈၂-၂၅၂၂၆၊ ၀၈၂-၂၃၈၇၄**




## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၄၊ မြေကွက်အမှတ် (၄၇/က)၊ မြေကွက်တည်နေရာအမှတ် (၁၃/က)၊ ပြည်တော်သာလမ်း၊(ခ)ရပ်ကွက်၊ သဃ်န်းကျွန်း၊ဒေါ်ခင်ခင်သိန်း၁၂/သဃက(နိုင်)၁၃၁၆၈၂ အမည်ပေါက်ဘီမြေအား အမည်ပေါက် ဒေါ်ခင်ခင်သိန်းနှင့် ခင်ပွန်း၊ ဦးသောင်းရှိန်ကွယ်လွန်သဖြင့် ကျန်ရှိသူသား/သမီးများဖြစ်သော ၁။ဦးကိုကိုကြီး ၁၂/သဃက(နိုင်)၁၃၂၆၉၃၊ ၂။ ဦးညီညီခိုင် ၁၂/သဃက(နိုင်)၁၃၁၆၈၃၊ ၃။ ဦးမြဝင်း ၁၂/သဃက(နိုင်)၁၃၁၆၈၄၊ ၄။ ဒေါ်သန်းသန်းဌေး၁၂/သဃက(နိုင်)၀၀၁၇၄၃ တို့မှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၁၅၇/၂၀၁၄ကို ပူးတွဲတင်ပြ၍ ၃(က)ဝန်ခံချက်လက်မှတ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## သထုံခရိုင်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**သထုံ မေ ၁၈**

သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်သူ့အတွက် ရက် ၁၀၀ အကျိုးပြုလုပ်ငန်းစီမံချက်ဖြင့် သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့် လုပ်ငန်းများကို ငွေကျပ် ၁၄၉ သန်းနီးပါးခန့်အသုံးပြုကာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များစွာရှိနေသော်လည်း ဦးစားပေးလုပ်ငန်းများအဖြစ် ရေတွင်းရေကန်တူးဖော်ရေးနှင့် တံတားဆောက်လုပ်ရေး လုပ်ငန်းများကိုသာ ရက်ပေါင်း ၁၀၀ အတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးဝင်းက ပြောသည်။

"ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်နေတဲ့ ရေ၊ မီး၊ လမ်း၊ တံတား စတဲ့လုပ်ငန်းတွေထဲက ရက်ပေါင်း ၁၀၀ အတွင်းမှာ ရေတွင်းရေကန်တူးဖော်ရေးနဲ့ တံတားပြုပြင်ရေးလုပ်ငန်းတွေကို ရတဲ့ဘတ်ဂျက်နဲ့ အပြီးဆောင်ရွက်ပေးသွားမယ်။ ဒီနှစ်မှာ ရေရှားပါးတဲ့အတွက် လာမယ့်နှစ်တွေမှာ ရေအခက်အခဲနည်းပါးအောင် ရေတွင်းရေကန် တူးပေးတာဖြစ်ပြီး တံတားတွေဆိုတာကလည်း သွားလာရေးအတွက် မရှိမဖြစ်လိုအပ်လို့ပါ" ဟု ၄င်းကပြောသည်။

သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၈ ဒသမ ၉၁၅ သန်းဖြင့် ကျိုက်ထိုမြို့နယ်တွင် ပေ ၃၀ တံတားနှစ်စင်း၊ ဘီးလင်းမြို့နယ်တွင် ပေ ၅၀ တံတားတစ်စင်းနှင့် မြေသားရေကန်နှစ်ကန်၊ လက်တူးတွင်းရေတွင်း ငါးတွင်း၊ သထုံမြို့နယ်တွင် ပေ ၂၀ တံတားတစ်စင်းနှင့် ၄၅ ပေ တံတားတစ်စင်း၊ ပေါင်မြို့နယ်တွင် မြေသားရေကန်တစ်ကန်၊ ၁၅ ပေ တံတားနှစ်စင်းနှင့် ၁၆ ပေ တံတားတစ်စင်းတို့ကို ရက် ၁၀၀ အတွင်း အပြီးသတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

## ကသာ-ဗန်းမော်အဝေးပြေးလမ်းပျက်စီးမှုများ ယာဉ်သွားလာမှုအဆင်ပြေစေရန်ဆောင်ရွက်

**ဗန်းမော် မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဗန်းမော်မြို့သွားရာ ကသာ-ဗန်းမော်လမ်းတံတားများ ပျက်စီးယိုယွင်းမှုများ အစားထိုးပြုပြင်လုပ်ငန်းကို မေ ၁၄ ရက်နေ့တွင် ဆောင်ရွက်နေလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်း၊ တံတားများကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးညီညီထွန်းနှင့်အဖွဲ့၊ ကသာမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အဖွဲ့၊ ဆောက်လုပ်ရေးအင်ဂျင်နီယာအရာရှိ ဦးသူရစိုးနှင့်အဖွဲ့တို့က ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန် လမ်းပိုင်းပေါက်ပြဲပျက်စီးနေမှုများနှင့် တံတားအတက်အဆင်းကောင်းမွန်စေရန် ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနေလျက်ရှိကြောင်း သိရသည်။

**ငွေအိုး (ကသာ)**



### ပြည်သူ့အတွက် ပထမ ရက် ၁၀၀ မြို့နယ်များ၌ ဆောင်ရွက်ချက်များ

**ရန်ကုန်**

ရက် ၁၀၀ စီမံချက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို မေလဒုတိယပတ်က ကော့မှူးမြို့နယ် ပြည်တော်သာရပ်ကွက်ရှိ ဇောတိကဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးမှူး ဦးကျော်ရွှေဦးဆောင်သောအဖွဲ့သည် ပထမ ရက် ၁၀၀ စီမံချက် ပြည်သူ့အကျိုးပြုယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောခဲ့ပြီး ကော့မှူးမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုရဲမှူးဇော်ဝင်းကယာဉ်အန္တရာယ်ကင်းရေးယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အလေးထားလိုက်နာရေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

**ကော့သောင်း**

ပြည်သူ့အတွက် ပထမ ရက် ၁၀၀စီမံချက်အဖြစ် ကော့သောင်းမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံ ဘော်လီဘော၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအား မေ ၁၅ ရက်က ခရိုင်အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း က အမှာစကားပြောကြားသည်။ ပြိုင်ပွဲတွင် ဘော်လီဘောပြိုင်ပွဲဝင် အသင်း ၁၆သင်းနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အသင်းရှစ်သင်း အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

**ကြာအင်းဆိပ်ကြီး**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ အတွင်း ဆောင်ရွက်နေသည့် လက်တူးတွင်းတူးဖော်နေသော တည်င်ကျေးရွာ၊ နန်းခွီးကျေးရွာ၊ တံတားဦးကျေးရွာ၊ ခနုံကျေးရွာ၊ လယ်တောကြီးကျေးရွာတို့တွင် လုပ်ငန်းဆောင်ရွက်နေမှုများကို မြို့နယ်ဦးစီးမှူး ဦးစောအောင်မျိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစောဟိန်းမင်းတို့က မေ ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ကော့မှူး**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မေ ၁၆ ရက်က ပထမရက် ၁၀၀ စီမံချက်အတွင်း ကျေးလက်ဒေသများတွင် နောင်နှစ်များ၌ သောက်သုံးရေရှားပါးမှုမရှိစေရေး၊ သောက်သုံးရေဖူလုံစေရေးအတွက် တိမ်ကောနေသော မြေသားရေကန်များအား တူးဖော်လျက်ရှိရာ မေ ၁၅ ရက်တွင် ပျားမွှတ်ကျေးရွာမြေသားရေကန်အပါအဝင်စုစုပေါင်း မြေသားရေကန်ခုနစ်ကန်အား ပြန်လည်တူးဖော်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

**နောင်ချို**

နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ မေလပထမပတ်က မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထွန်းဦးစီး၍ ဝန်ထမ်းများနှင့်အတူ နောင်ချိုမြို့နယ် ဝပုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာရှစ်ရွာသို့ သွားကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စီမံချက်ရေးဆွဲဆောင်ရွက်ကြသည်။ ထို့နောက် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ခြေမြစ်ပင်/နောင်သခေါ ကျောက်ခင်းလမ်းခင်းကျင်းမှုလုပ်ငန်းကို စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## ရေယာဉ်များ မိုးကြိုကာလမုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပညာပေး

**ပုသိမ် မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူး၍ရေယာဉ်များ မိုးကြိုကာလမုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ရက် ၁၀၀ စီမံချက်အရ အသိပညာပေးဆွေးနွေးပွဲကို မေ ၁၅ ရက်က ပုသိမ်မြို့ကမ်းနား လမ်းအမှတ် (၁) ဇောတံတားဆိပ်ရှိ တိုင်းဒေသကြီး ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် အောက်မြန်မာပြည်ညွှန်ကြားရေးမှူး ဦးသော်က ဧရာဝတီတိုင်းဒေသကြီးသည် ကမ်းရိုးတန်းသွားရေယာဉ်များနှင့် မြစ်ချောင်းသွား စက်တပ်ရေယာဉ်များပေါများသကဲ့သို့ ခရီးသွားပြည်သူများလည်း များပြားမှုရှိကြောင်း၊ ထို့ကြောင့် မိုးအကြိုကာလ ရေယာဉ်များ မုန်တိုင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်အတွက် စက်တပ်ရေယာဉ်များ ကြံ့ခိုင်မှု၊ ကျွမ်းကျင်ရေယာဉ်အုပ်၊ စက်ခန်းအုပ်များသည် စည်းမျဉ်း၊ စည်းကမ်းများ သိရှိထားပြီးသကဲ့သို့ ခရီးသွားပြည်သူများ အသက်အန္တရာယ်ကင်းဝေးစေရန် အသက်ကယ်အင်္ကျီများ အရန်သင့်ထားရှိရန်နှင့် မူးယစ်သောက်စားခြင်းများ ရှောင်ကြဉ်ရန်လိုအပ်ကြောင်း ပြောသည်။

ထို့နောက်(ရုံးချုပ်) အင်ဂျင်နီယာဌာနဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုးက စက်တပ်ရေယာဉ်အမျိုးအစားအားလုံးကို တိုင်းတာစစ်ဆေးပြီး မှတ်ပုံတင်ပေးထားသည့် စက်အမျိုးအစားနှင့် အသစ်တည်ဆောက်သည့် စက်လှေ၊ သင်္ဘော၊ ရေယာဉ်အသစ်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်းများမှာ ခရီးသွားပြည်သူများနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လွန်စွာအရေးပါ အရာရောက်ကြောင်း၊ ထို့ကြောင့် အလေးထား၍ စစ်ဆေးရခြင်းဖြစ်ပါကြောင်း၊ ကမ်းရိုးတန်းသွားနှင့် မြစ်တွင်းသွား စက်တပ်ရေယာဉ်များ၏ စည်းကမ်းကို ထိန်းသိမ်းလိုက်နာရန် လိုအပ်ကြောင်း ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဘေးကင်းလုံခြုံမှုဆိုင်ရာ အသိပညာပေး ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**ပုသိမ် - လှကြည်**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

"ပြောင်းလဲချိန်တန်ပြီ" ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏ တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ် လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ ပြည်သူက ကြည်ဖြူနေဆဲ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏ အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှစတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်း အလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူ စုစည်းဖော်ပြအပ်ပါသည်။

# သစ်တော၊ သတ္တုနှင့် ကျောက်စိမ်းသယံဇာတများထုတ်လုပ်မှု စည်းကမ်းရှိရှိထုတ်ရေးနှင့် တိုင်းပြည်အကျိုးရှိရေးဆောင်ရွက်မည်

## [သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ရက် ၁၀၀ စီမံချက်]

■ ရှင်မင်း၊ ဓာတ်ပုံ-ကိုအေးသန်း



**ဦးအုန်းဝင်း**
**ပြည်ထောင်စုဝန်ကြီး**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



**ဦးဝင်းထိန်**
**ညွှန်ကြား**
**ရေးမှူးချုပ်**
**သတ္တုတွင်း**
**ဦးစီးဌာန**



**ဦးလှမောင်သိန်း**
**ခေတ္တညွှန်ကြား**
**ရေးမှူးချုပ်**
**ပတ်ဝန်းကျင်**
**ထိန်းသိမ်းရေး**
**ဦးစီးဌာန**



**ဒေါက်တာ**
**ညီညီကျော်**
**ညွှန်ကြား**
**ရေးမှူးချုပ်**
**သစ်တောဦးစီး**
**ဌာန**

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝသည့်နိုင်ငံဟု ဆိုသော်လည်း သဘာဝသယံဇာတများကို စီမံအုပ်ချုပ်မှုနှင့် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်မှုမှာ အားနည်းခဲ့သည်။ ထို့ပြင် သဘာဝသယံဇာတအရင်းအမြစ် စီမံအုပ်ချုပ်မှုအခန်းကဏ္ဍတွင် ပြည်သူများ ပါဝင်နိုင်ခဲ့ခြင်းလည်း မရှိခဲ့ပေ။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ပြဿနာများစွာ နောက်ဆက်တွဲ ဖြစ်ပေါ် ခဲ့သည့်အတွက် ပြည်သူတို့၏ဝေဖန်သံများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်ခဲ့သည်။ အစိုးရသစ်က ရက်ပေါင်း ၁၀၀ မှ အစပြုကာ မည်သို့အကောင်အထည်ဖော်သွားမည်ဆိုသည်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများအား မေးမြန်းထားပါသည်။

**ဦးအုန်းဝင်း**
**ပြည်ထောင်စုဝန်ကြီး**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**မေး။ ။ ပထမဆုံးအနေနဲ့ ဝန်ကြီးဌာနက ဘယ်အပြောင်းအလဲတွေကို ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်သွားမှာတွေကို သိရှိလိုပါတယ်။**

ဖြေ။ ။ ခေတ်ကာလနဲ့ မညီတဲ့၊ အံ့ဝင်ခွင်ကျမှု နည်းတဲ့ လုပ်ထုံးလုပ်နည်း၊ နည်းစနစ်တွေကို အရင်ပြင်ရပါ့မယ်။ လက်ရှိ အခြေအနေနဲ့ ကိုက်ညီအောင် ပြုပြင်ပြောင်းလဲရမယ့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့ နည်းစနစ်တွေကို ရက်ပေါင်း ၁၀၀ အတွင်းမှာ ဦးစွာပြင်ဆင်ဖြည့်စွက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် လက်ရှိသစ်တောဖုံးလွှမ်းမှု၊ သစ်တောသယံဇာတ အခြေအနေ၊ ပြောင်းလဲလာတဲ့ ခေတ်စနစ်များနဲ့ လိုက်လျောညီထွေဖြစ်စေဖို့အတွက် ခရိုင် ၆၈ ခရိုင်မှာ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ၁၀ နှစ် စီမံကိန်းများကို ရေးဆွဲပြုစုခဲ့ပြီး အခု မေလဆန်းကနေစပြီး အကောင်အထည်ဖော်သွားမှာပါ။

နောက်တစ်ခုက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ဖို့၊ သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေဖို့၊ သစ်တောသစ်ပင်ကို ချစ်မြတ်နိုးစိတ်ရှင်သန်ဖြစ်ပေါ်စေဖို့ ရည်ရွယ်ချက်တွေနဲ့ လာမယ့် မိုးရာသီမှာ Green Environmental Campaign အစီအစဉ်နဲ့ ပျိုးပင် ၅၇ ဒသမ ၉၃ သန်းကို ဆေးရုံတွေ၊ ဆေးပေးခန်းတွေ၊ စာသင်ကျောင်းတွေ ဒီလိုအများ ပိုင်နေရာတွေ၊ သာသနာ့နယ်မြေတွေနဲ့ ရေဦးရေထွက် ရေဝေရေလဲဒေသတွေမှာ စိုက်ပျိုးသွားမယ်။

နိုင်ငံရဲ့ လောင်စာလိုအပ်ချက်ကို သစ်တောကဏ္ဍကနေ ထုတ်ယူသုံးစွဲမှု လျှော့နည်းစေဖို့ ဆောင်ရွက်သွားမယ်။ ပြီးတော့ dry zones ဒေသတွေဖြစ်တဲ့ စစ်ကိုင်း၊ မန္တလေးနဲ့ မကွေး အပူပိုင်းဒေသတွေက ရေရှားပါးတဲ့နေရာတွေမှာ ရေကန်ငယ် ၁၇ ကန်၊ နုန်းတားဆည် ၁၂၂ ခု၊ မြေအောက်ရေ အဝီစိတွင်း ၂တွင်း၊ မိုးရေစုကန် ၃ ကန်ကို ဒီရက်ပေါင်း ၁၀၀ အတွင်း တူးဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင်ကနေ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေဖို့နဲ့ လျော့နည်းစေဖို့အတွက် ကနဦးစီမံချက်ကို နေပြည်တော်မှာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါက တော့ ရက်ပေါင်း ၁၀၀ မကပါဘူး။ ဆက်ပြီးတော့ ဆောင်ရွက်ရမှာပါ။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေနဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေမှာ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေဖို့ အတွက် ရေအားလျှပ်စစ်ကဏ္ဍ ပတ်ဝန်းကျင်နဲ့ လူမှုရေးဆိုင်ရာ လမ်းညွှန်ချက် (မူကြမ်း)နဲ့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်တဲ့ လုပ်ငန်းအတွက် Third Parties တွေကို လုပ်ငန်းလိုင်စင် ထုတ်ပေးဖို့ စည်းမျဉ်းစည်းကမ်းတွေကို ဒီရက်ပေါင်း ၁၀၀ အတွင်းမှာ ရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သတ္တုကဏ္ဍမှာလည်း သယံဇာတတွေကို စည်းကမ်းရှိရှိ ထုတ်ဖို့၊ ကျောက်စိမ်းသယံဇာတကို စည်းကမ်းရှိရှိ ထုတ်ဖို့၊ တိုင်းပြည်ကို အကျိုးရှိအောင် အသုံးချဖို့၊ တစ်ဖက်ကကျတော့ တိုင်းပြည်ကို အကျိုးပြုပေမယ့် ပတ်ဝန်းကျင် ပျက်စီးတာတွေ ရှိပါတယ်။ ပျက်စီးတာတွေကို ပြန်လည်အစားထိုးနိုင်ဖို့ စီမံကိန်းတွေ ဆွဲနေပါတယ်။ ဒီဒေသတွေမှာ ဘယ်လို ပျက်စီးတာလဲ၊ ဘယ် အတိုင်းအတာထိ ပျက်စီးတာလဲ ဒါကို ရက်ပေါင်း ၁၀၀ အတွင်းမှာ ဆောင်ရွက်သွားမှာပါ။

**မေး။ ။ သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းမယ်လို့ သိရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး အသေးစိတ် ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကွန်တော်တို့က ကိုယ့်နိုင်ငံရဲ့သစ်တောသယံဇာတတွေ ရေရှည်တည်တံ့ဖို့နဲ့ နောင်သားစဉ်မြေးဆက်တွေကို လက်ဆင့်ကမ်း အမွေပေးနိုင်ဖို့ အထူးအလေးထား ဆောင်ရွက်သွားမယ်။ ဒီလိုဆောင်ရွက်ပေးနိုင်ဖို့ သစ်တောသယံဇာတတွေ အလေအလွင့် မဖြစ်စေဖို့ ထိထိရောက်ရောက် ဟန့်တားနိုင်မယ့် နည်းလမ်းတွေကို ဖော်ထုတ်ရမယ်။ ဒါ့ကြောင့် သက်ဆိုင်ရာ ပညာရှင်တွေနဲ့ ပတ်သက်ဆက်စပ်သူတွေ အားလုံးပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၄ ရက်နဲ့ ၁၅ ရက်မှာ ရန်ကုန်မှာ ကျင်းပခဲ့ပါတယ်။

ဒီအလုပ်ရုံဆွေးနွေးပွဲက တစ်ဆင့် သစ်ထုတ်လုပ်မှု ရပ်နားတာ၊ လျှော့ချတာနဲ့ ပတ်သက်လို့ ဖြစ်ပေါ်လာနိုင်တဲ့ အားနည်းချက်၊ အားသာချက်တွေကို social aspect ၊ economic aspect၊ environmental aspect ဒီလိုဘက်ပေါင်းစုံကနေကြည့်ပြီး ဆုံးဖြတ်သွားမှာပါ။ ရလာတဲ့ ဆွေးနွေးပွဲရလဒ်တွေကို အခြေခံပြီး သစ်ထုတ်လုပ်မှု ရပ်နားတာ၊ လျှော့ချတာနဲ့ သစ်တောသယံဇာတ စီမံတာတွေကို သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုအဖြစ် ရက် ၁၀၀ အတွင်းမှာ ဆောင်ရွက်သွားမယ်။ ဒီထဲက လုပ်ငန်းစဉ်အချို့က ရက် ၁၀၀ အတွင်း ထင်သာမြင်သာတဲ့ ရလဒ်တွေ ရရှိနိုင်မှာ ဖြစ်တယ်။ တချို့လုပ်ငန်းတွေကျတော့လည်း ဆက်ပြီး လုပ်ဆောင်သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။



သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်နေစဉ်

**မေး။ ။ ဝန်ကြီးဌာနအနေနဲ့ ၅ နှစ်တာကာလအတွင်း ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကရော။**

ဖြေ။ ။ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း ၂၀၀၀-၂၀၀၁ ခုနှစ်ကနေ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ နှစ် ၃၀ စီမံကိန်းကို အကောင်အထည်ဖော်သွားရမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းက ပညာရှင်တွေရော ဘက်ပေါင်းစုံ ပါဝင်ရေးဆွဲထားတဲ့ စီမံကိန်း ဖြစ်ပါတယ်။ သတ္တုကဏ္ဍမှာလည်း ငါးနှစ်ကာလအတွင်းမှာ ဘယ်အတိုင်းအတာအထိ ထုတ်မယ်။ ဘယ်လောက်ထိ လျှော့ထုတ်မယ်ဆိုတာကိုလည်း ဆောင်ရွက်သွားမှာပါ။ ကာဗွန် စုပ်ယူမှုကောင်းတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် အကျိုးကျေးဇူးအများကြီးဖြစ်စေတဲ့ ဒီရေတောထိန်းသိမ်းတာတွေကို လုပ်ဆောင်သွားမှာပါ။ ပူပြင်းခြောက်သွေ့တဲ့ဒေသတွေ စိမ်းလန်းစိုပြည်ဖို့ ဆောင်ရွက်သွားမယ်။ အမြဲတမ်းသစ်တော နယ်မြေတွေ တိုးချဲ့ဖွဲ့စည်းတာတွေ၊ သုတေသနလုပ်ငန်းတွေ၊ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်တာတွေ ဆောင်ရွက်သွားမှာဖြစ်သလို ဇီဝမျိုးစုံ မျိုးကွဲ၊ ဒီရေတော၊ ကမ်းရိုးတန်း ဂေဟစနစ်တွေ ရေရှည်တည်တံ့စေဖို့နဲ့ အခွန်ဘဏ္ဍာဝင်ငွေ ပိုမိုရရှိစေဖို့ လက်ရှိကျင့်သုံးနေတဲ့ အခွန်စနစ်တွေ ပြင်ဆင်ကောက်ခံဖို့၊ သစ်အခြေခံစက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးစေဖို့နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ဖို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနဲ့ လုပ်ငန်းစဉ်တွေကို နိုင်ငံတကာ စံချိန်စံညွှန်းနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ပြောကြားချင်တာတစ်ခုကတော့ ဒီလုပ်ငန်းတွေဟာ တခြားကဏ္ဍတွေနဲ့လည်း ဆက်စပ်နေတယ်။ ကျယ်ပြန့်ပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ ပြည်သူတွေက တက်ညီလက်ညီ ပူးပေါင်းပါဝင်ပြီး ထိန်းသိမ်းပေးပါလို့ ပြောကြားလိုပါတယ်။

**ဒေါက်တာညီညီကျော်**
**ညွှန်ကြားရေးမှူးချုပ်**
**သစ်တောဦးစီးဌာန**

**မေး။ ။ ရက် ၁၀၀ စီမံကိန်းအောက်မှာ သစ်တောဦးစီးဌာနက လုပ်ဆောင်သွားမယ့် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနဲ့ တရားမဝင် သစ်ခိုးထုတ်လုပ်မှုအပေါ် ဘယ်လိုအရေးယူမှာပါလဲ။**

ဖြေ။ ။ ခရိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု ၁၀ နှစ် စီမံကိန်းကို ဒီစီမံကိန်း ကာလအတိုင်း ၁၀ နှစ်တစ်ကြိမ်ရေးဆွဲပြီး ကျွန်းသစ်မာ ပင်ထောင်ရိုက်မှတ်တာ၊ စိုက်ခင်းတည်ထောင်တာတွေ ဒီလိုမျိုးသစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်း၊ သစ်တောလုပ်ငန်း ၁၆ မျိုးကို ဆောင်ရွက်ရပါတယ်။ အခုအစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ခုနှစ်ကနေ ၂၀၂၅-၂၀၂၆ခုနှစ် အထိ

*စာမျက်နှာ ၁၈ သို့*

> **နိုင်ငံရဲ့လောင်စာလိုအပ်ချက်ကို သစ်တောကဏ္ဍကနေ ထုတ်ယူသုံးစွဲမှု လျှော့နည်းစေဖို့ ဆောင်ရွက်သွားမယ်။ ပြီးတော့ dry zones ဒေသတွေဖြစ်တဲ့ စစ်ကိုင်း၊ မန္တလေးနဲ့မကွေး အပူပိုင်းဒေသတွေက ရေရှားပါးတဲ့နေရာတွေမှာ ရေကန်ငယ် ၁၇ ကန်၊ နုန်းတားဆည် ၁၂၂ ခု၊ မြေအောက်ရေ အဝီစိတွင်း ၂တွင်း၊ မိုးရေစုကန် ၃ ကန်ကို ဒီရက်ပေါင်း ၁၀၀ အတွင်း တူးဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သတ္တုကဏ္ဍမှာလည်း သယံဇာတတွေကို စည်းကမ်းရှိရှိထုတ်ဖို့၊ ကျောက်စိမ်းသယံဇာတကို စည်းကမ်းရှိရှိ ထုတ်ဖို့၊ တိုင်းပြည်ကို အကျိုးရှိအောင် အသုံးချဖို့၊ တစ်ဖက်ကကျတော့ တိုင်းပြည်ကိုအကျိုးပြုပေမယ့် ပတ်ဝန်းကျင်ပျက်စီးတာတွေ ရှိပါတယ်။ ပျက်စီးတာတွေကို ပြန်လည်အစားထိုးနိုင်ဖို့ စီမံကိန်းတွေ ဆွဲနေပါတယ်။**



သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ပြည်သူများ သစ်ပင်များကို ပြန်လည်စိုက်ပျိုးနေကြစဉ် ဓာတ်ပုံ-ကိုညီ

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

*စာမျက်နှာ ၁၇ မှ*

ကာလမှာ ခရိုင် ၆၈ ခရိုင်အတွက် ရေးဆွဲပြဋ္ဌာန်းပြီး ရက်ပေါင်း ၁၀၀ အတွင်း တစ်ခရိုင်ချင်းစီမှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တရားမဝင် သစ်ခိုးထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး ပြောရရင် ကွန်တော်တို့နိုင်ငံက သစ်တောသယံဇာတပေါတဲ့ နိုင်ငံ ဖြစ်ပေမယ့် ပြည်တွင်းလိုအပ်ချက်၊ အိမ်နီးချင်းနိုင်ငံတွေက တစ်နေ့ထက်တစ်နေ့ သစ်လိုအပ်ချက် ပိုများလာတာနဲ့ သစ်တောဝန်ထမ်း အင်အားနည်းပါးတာကြောင့် တရားမဝင် သစ်ခိုးထုတ်လုပ်တာတွေ ဖြစ်ပေါ်လာတယ်။ ဒါ့ကြောင့် သစ်တောသယံဇာတ ပျက်စီးဆုံးရှုံးမှုကို ရင်ဆိုင်တွေ့ကြုံ နေရတယ်။ ဒီအခက်အခဲကို သစ်တောဦးစီးဌာနတစ်ခုတည်း မဟုတ်ဘဲ ဆက်စပ်ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ၊ ဒေသခံပြည်သူတွေကလည်း ပူးပေါင်းပြီး ကာကွယ်တားဆီးမှ အောင်မြင်မှာဖြစ်ပါတယ်။

**မေး။ ။ သစ်တောဖုံးလွှမ်း ဧရိယာက လျော့ကျလာနေတယ်။ သစ်တောပြုန်းတီးမှုအခြေအနေနဲ့ သစ်တောကဏ္ဍက နိုင်ငံ့ လောင်စာလိုအပ်ချက် ဖြည့်ဆည်းမှုအပိုင်းကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းမှာ ၁၉၉၀ ပြည့်နှစ်မှာ ၅၇ ဒသမ ၉၇ ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်မှာ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်မှာ ၄၉ ဒသမ ၂၅ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်မှာ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းနဲ့ ၂၀၁၅ ခုနှစ်မှာ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းဖြစ်ပါတယ်။ သစ်တောပြုန်းတီးမှုကတော့ ၁၉၉၀ ကနေ ၂၀၁၀ ပြည့်နှစ်အတွင်း သစ်တောပြုန်းတီးမှု ရာခိုင်နှုန်း ၀ ဒသမ ၅၅ ရာခိုင်နှုန်းနဲ့ ၂၀၁၀ ကနေ ၂၀၁၅ ခုနှစ်အထိက ၁ ဒသမ ၇၃ ရာခိုင်နှုန်းရှိပါတယ်။

စွမ်းအင်နဲ့ပတ်သက်ပြီးပြောရရင် သန်းခေါင်စာရင်းအရ လူဦးရေ ၅၁ ဒသမ ၄ သန်း၊ အိမ်ထောင်စု ၁၀ ဒသမ ၈၈ သန်းရှိတယ်။ ဒီအတွက် လျှပ်စစ်ကဏ္ဍက ၁၆ ဒသမ ၄ ရာခိုင်နှုန်း၊ ရေနံသဘာဝဓာတ်ငွေ့ ၀ ဒသမ ၈ ရာခိုင်နှုန်း၊ ရေနံဆီနှင့် အခြား ၁ ဒသမ ၈ ရာခိုင်နှုန်း၊ မီးသွေး၊ လောင်စာတောင့် ၁၁ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ထင်းလောင်စာ ၆၉ ဒသမ ၂ ရာခိုင်နှုန်း စွမ်းအင်သုံးစွဲမှု ရှိတယ်။

ဒါကြောင့် မြို့ပြတစ်အိမ်ထောင် ထင်းသုံးစွဲမှုက ၁ ဒသမ ၄ တန်၊ ကျေးလက်တစ်အိမ်ထောင် ထင်းသုံးစွဲမှုက ၂ ဒသမ ၅ တန်နှုန်းနဲ့တွက်တဲ့အခါ သစ်တောကဏ္ဍက ထင်း၊ မီးသွေး လောင်စာ ကုဗတန် ၁၈ ဒသမ ၉၅ သန်းကို မဖြစ်မနေ ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။

ဒီလိုအပ်ချက်ကို လျှော့ချနိုင်ဖို့ တခြားစွမ်းအင်ကဏ္ဍက နေ ဖြည့်ဆည်းမှုမြင့်မားတာနဲ့ လျော့ကျသွားမှာဖြစ်သလို ကျွန်တော်တို့ဝန်ကြီးဌာနက သဘာဝတောတွေအပေါ် လောင်စာ မှီခိုအားထားရတာကို လျှော့ကျဖို့ စွမ်းအားမြင့်မီးဖိုသုံးစွဲဖို့၊ လောင်စာတောင့်သုံးစွဲဖို့နဲ့ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းတွေ သုံးစွဲဖို့ အသိပညာပေး ဟောပြောပွဲတွေ၊ တိုးချဲ့ပေးစခန်းတွေဖွင့်တယ်။ ပြီးတော့ ကျေးလက်အိမ်ရာ စိုက်ခင်းတွေ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် စိုက်ခင်းတွေ တည်ထောင်တဲ့ လုပ်ငန်းတွေကို လည်း အကောင်အထည်ဖော်လျက်ရှိပါတယ်။

**ဦးလှမောင်သိန်း**
**ခေတ္တညွှန်ကြားရေးမှူးချုပ်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**မေး။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေနဲ့ ဒီရက် ၁၀၀ မှာ ဘာတွေဆောင်ရွက်သွားမှာပါလဲ။**

ဖြေ။ ။ လက်ရှိအခြေအနေနဲ့ ကိုက်ညီအောင် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မှုတွေ လုပ်ဆောင်သွားမယ်။ ရာသီဥတုပြောင်းလဲမှုဟာ အဓိကပြဿနာဖြစ်နေပြီး ကျွန်တော်တို့ နိုင်ငံမှာလည်း ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားကြရတယ်။ ရာသီဥတုဒဏ်ကို ခံစားရလွယ်ကူတဲ့ အဆိုးရွားဆုံးနိုင်ငံ စာရင်းထဲမှာလည်း ပါဝင်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှုကို ပဓာနကျတဲ့ ရည်မှန်းချက်ထားရမယ်ဆိုတဲ့ မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒရှိပါတယ်။ ဒီမူဝါဒကို ၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်က နိုင်ငံတော်အစိုးရ အမိန့် ကြော်ငြာစာအမှတ်နဲ့ ထုတ်ပြန်ခဲ့တာဖြစ်ပြီးတော့ Policy Statement အနေနဲ့သာ ဖြစ်တဲ့အတွက် အကောင်အထည် ဖော်ရေးအတွက် မဟာဗျူဟာ၊ လုပ်ငန်းအစီအစဉ်တွေ လိုအပ် နေပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဒီဟာတွေကို စတင်ရေးဆွဲခဲ့ပြီး အခုမူကြမ်းအဆင့်ရောက်နေပါပြီ။ မကြာခင် အတည်ပြု သွားနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်တစ်ခုက သယံဇာတ ထုတ်ယူသုံးစွဲမှု အနည်းဆုံး၊ ကာဗွန်ထုတ်လုပ်မှု အနည်းဆုံးနဲ့ ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေတဲ့ အစိမ်းရောင်ဖွံ့ဖြိုးမှုမူဝါဒ ရေးဆွဲနိုင်ဖို့အတွက် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့နဲ့ညှိနှိုင်းဆောင်ရွက်နေ ပါတယ်။

**မေး။ ။ နိုင်ငံဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းတွေ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေမှာ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်စေဖို့ လုပ်ဆောင်ဖို့ရော မလိုဘူးလား။**

ဖြေ။ ။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းနဲ့ အမျိုးသားအဆင့်ပတ်ဝန်းကျင် အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်တွေကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ထုတ်ပြန်ခဲ့ပြီးတော့ ဒီလုပ်ထုံး လုပ်နည်းအရ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination-IEE)၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)တွေကို ရေးဆွဲဖို့ သတ်မှတ်ထားပြီးဖြစ်ပါတယ်။ IEE၊ EIA၊ EMP ရေးသားပြုစုမယ့် တတိယအဖွဲ့အစည်းတွေ (Third Parties) အနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှာ မှတ်ပုံတင်နိုင် ရေးအတွက် အကြံပေးလုပ်ကိုင်သူတွေကို လုပ်ငန်းလိုင်စင် ထုတ်ပေးဖို့ စည်းမျဉ်းစည်းကမ်းတွေကို JICA အကူအညီနဲ့ ရေးဆွဲနေပြီး လုပ်ငန်းလိုင်စင်တွေကို မကြာခင်ထုတ်ပေးမှာ ဖြစ်ပါတယ်။

**မေး။ ။ ပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့ကျရေးနဲ့ ပတ်သက်ပြီး နေပြည်တော်မှာ လုပ်ဖို့ရှိတယ်ဆိုတဲ့ ကနဦးစီမံချက်နဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေရေးနဲ့ လျော့ကျ ရေးအတွက် အခြေခံအချက်အလက်တွေရရှိနိုင်ဖို့ ရည်ရွယ်ပါတယ်။ ကနဦးဆောင်ရွက်မှုအဖြစ် နေပြည်တော် အနီးတစ်ဝိုက် လူထုထပ်တဲ့နေရာ၊ ယာဉ်အသွားအလာများတဲ့ နေရာနဲ့ ပြည်သူတွေ အသုံးပြုနေတဲ့ မြစ်ချောင်းတွေမှာ လေနဲ့ရေ အရည်အသွေးတိုင်း စက်ကိရိယာတွေနဲ့ တိုင်းတာရေး လုပ်ငန်းတွေကို တစ်လမှာလေးကြိမ် တိုင်းတာမှာဖြစ်ပြီးတော့ မေလကနေ ဒီဇင်ဘာလအထိ ဆောင်ရွက်သွားမှာပါ။

**ဦးဝင်းထိန်**
**ညွှန်ကြားရေးမှူးချုပ်**
**သတ္တုတွင်းဦးစီးဌာန**

**မေး။ ။ ဖားကန့်က မြေစာပုံ ပြိုကျတဲ့ ဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး နောင်မဖြစ်အောင် ဘယ်လိုတွေ ဖြေရှင်းဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလကစပြီး အခုနှစ် မေလ ၅ ရက်အထိပြိုကျတဲ့ ဖြစ်ပွားမှု ၁၃ ကြိမ်ရှိခဲ့တယ်။ အဲဒီကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကိုယ်တိုင်သွားရောက်ခဲ့ပါ တယ်။ ပြီးတော့ ဥရုချောင်း ရေစီးရေလာကောင်းမွန်အောင်၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုတွေကို အမြန်ဖြစ် အပင်တွေ စိုက်ပျိုးပြီး တောဖုံးလွှမ်းတဲ့အထိ အဆင့်ဆင့် ဆောင်ရွက်နိုင် အောင် ညွှန်ကြားထားပါတယ်။

လက်ရှိအနေနဲ့ကတော့ လုပ်ကွက်အသစ်တွေ ချထားမှုကို ပိတ်ပင်ထားပါတယ်။ တူးဖော်ဆဲလုပ်ကွက်တွေကို ပိုပြီးစနစ် ကျတဲ့ တူးဖော်မှုစနစ်တွေ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမယ်။ EIA၊ SIA တွေ ရေးဆွဲတာမျိုး မရှိခဲ့တဲ့အတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို မော်အလိုက် ရေးဆွဲနိုင်ဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိ ပါတယ်။

ပြီးတော့ လုံခြုံရေးအဖွဲ့အစည်းတွေ၊ လုပ်ငန်းဆောင်ရွက်တဲ့ ကုမ္ပဏီတွေ၊ ဒေသခံပြည်သူ၊ ရပ်မိရပ်ဖ၊ အစိုးရအဖွဲ့တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးအဖြေရှာ ဖြေရှင်းရမှာဖြစ်ပါတယ်။ ဒေသတွင်း တရားဥပဒေစိုးမိုးရေး အားနည်းချက်ကြောင့် ရေ မဆေးကျောက် ရှာဖွေသူတွေဟာ ၂၀၁၂ ကနေ ၂၀၁၅ ခုနှစ်အတွင်း လူဦးရေနှစ်သောင်းကနေ သုံးသိန်းနီးပါးအထိ တိုးပွားလာတယ်။ ဒီအပေါ်မှာ စနစ်တကျကိုင်တွယ်ဆောင်ရွက် နိုင်ခဲ့ခြင်းမရှိဘူး။ တရားဥပဒေစိုးမိုးရေးကိစ္စအပြင် လူမျိုးရေး၊ နိုင်ငံရေးတို့နဲ့လည်း ဆက်နွှယ်နေတဲ့အတွက် နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့လုပ်ဆောင်ရမယ်။

ပြည်နယ်အစိုးရက ဖွဲ့စည်းပေးထားတဲ့ မြို့နယ်မြေစာ စွန့်ပစ်မှု ကြီးကြပ်စစ်ဆေးရေးအဖွဲ့နဲ့ ကွင်းဆင်းကြီးကြပ် ရေးအဖွဲ့က လုံးခင်း၊ ဖားကန့်ရတနာနယ်မြေ ကျောက်စိမ်း တူးဖော်တဲ့ လုပ်ငန်းတွေကထွက်ရှိတဲ့ မြေစာတွေကို သတ်မှတ်ထားတဲ့ စွန့်ပစ်မြေစာပုံမှာ စနစ်တကျပုံစေဖို့နဲ့ မြေစာပုံနဲ့ပတ်သက်တဲ့ အခြေအနေကို ကြီးကြပ်စစ်ဆေး လျက်ရှိပါတယ်။

**မေး။ ။ ဆက်လက်ပြီးတော့ သတ္တုကဏ္ဍအနေနဲ့ ရက် ၁၀၀ အစပြုလုပ်ဆောင်သွားမှာတွေကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ။ လုပ်မယ့်လုပ်ငန်းကဏ္ဍတွေကတော့ အများကြီး ရှိပါ တယ်။ ဒီထဲကမှ ပြည်သူတွေအတွက် ကဏ္ဍအချို့ကို ပြောပြချင်ပါတယ်။ နိုင်ငံတော်အတွက် ဝင်ငွေရရှိအောင် ဆောင် ရွက်ပေးတဲ့ ဌာနတစ်ခုအဖြစ် အရင်တုန်းက ဆောင်ရွက်ခဲ့တယ်။ အခုတော့ သတ္တုတူးဖော်မှုတွေမှာ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေဖို့ ရည်ရွယ်ချက်ထားပြီး ဆောင်ရွက်သွား မှာဖြစ်ပြီးတော့ နိုင်ငံတော်ဝင်ငွေရရှိဖို့ရော ပတ်ဝန်းကျင် မထိ ခိုက်ဖို့ကိုပါ ဟန်ချက်ညီညီနဲ့ ဆောင်ရွက်သွားမယ်။

လုပ်ဆောင်နေတဲ့ လုပ်ငန်းတွေကနေ ပထမဆုံးတစ်ခုကို ပြောရရင် မြန်မာ့သတ္တုတွင်းဥပဒေ ပြင်ဆင်ဖြည့်စွက်တာကို ပြည်ထောင်စုလွှတ်တော်မှာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာ ၂၄ ရက်က ဆောင်ရွက်ခဲ့တယ်။ ပြင်ဆင်ဖြည့်စွက်ထားတဲ့ ဥပဒေနဲ့ လိုက်လျောညီထွေတဲ့ နည်းဥပဒေတွေ ပြင်ဆင်ဖြည့်စွက်နိုင်ဖို့ ဆောင်ရွက်နေတယ်။ ပြည်သူတွေကို ချပြနိုင်ဖို့ ဆက်လက် ဆောင်ရွက်သွားမယ်။

Mining Cadastre ထူထောင်ပြီး Mining Data တွေကို Website မှာ ဖော်ပြနိုင်ဖို့ EITI ကရတဲ့ ဒေါ်လာ တစ်သန်းနဲ့ စတင်လုပ်ဆောင်သွားမယ်။ Mining ပါမစ်တွေ ရထားတဲ့ ကုမ္ပဏီတွေကို www.mining.gov.mm မှာ ဖော်ပြနိုင်ရေး ဆောင်ရွက်သွားမယ်။

သတ္တုကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖင်လန်နိုင်ငံနဲ့ ပူးပေါင်းပြီး ဓာတ်သတ္တုဖြစ်ထွန်းမှုစနစ် တည် ဆောက်တာ၊ ကိုရီးယားနိုင်ငံနဲ့ ပူးပေါင်းပြီး ချင်းပြည်နယ်မှာ ခရိုမိုက်သတ္တုဖြစ်ထွန်းမှုတွေ၊ လေ့လာသုတေသနလုပ်ငန်းတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အာရှနဲ့ အရှေ့တောင်အာရှ နိုင်ငံတွေက ဘူမိသိပ္ပံဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ (CCOP)နဲ့ JICA တို့နဲ့ ပူးပေါင်းပြီး ဓာတ်သတ္တု သတင်းအချက် အလက် မှတ်တမ်းပြုစုနိုင်ဖို့ လေ့လာရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြီးတော့ တရားမဝင် သတ္တု တူးဖော်တာ၊ သယ်ဆောင် ရောင်းဝယ်တာတွေကိုလည်း စစ်ဆေး ကြပ်မတ်သွားပါ့မယ်။



ကချင်ပြည်နယ် ဖားကန့်ရတနာနယ်မြေ၏ မြင်ကွင်း။ ဓာတ်ပုံ-ဇော်မိုးထက်

**အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း ၂၀၀၀-၂၀၀၁ ခုနှစ်ကနေ ၂၀၃၀-၂၀၃၁ ခုနှစ် အထိ နှစ် ၃၀ စီမံကိန်းကို အကောင်အထည်ဖော်သွားရမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းက ပညာရှင်တွေရော ဘက်ပေါင်းစုံ ပါဝင်ရေးဆွဲထားတဲ့ စီမံကိန်းဖြစ်ပါတယ်။ သတ္တုကဏ္ဍ မှာလည်း ငါးနှစ်ကာလအတွင်းမှာ ဘယ်အတိုင်းအတာအထိ ထုတ်မယ်။ ဘယ်လောက်ထိ လျှော့ထုတ်မယ်ဆိုတာကိုလည်း ဆောင်ရွက်သွားမှာပါ။ ကာဗွန်စုပ်ယူမှုကောင်းတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် အကျိုးကျေးဇူး အများကြီးဖြစ်စေတဲ့ ဒီရေတော ထိန်းသိမ်းတာတွေကို လုပ်ဆောင်သွားမှာပါ။ ပူပြင်းခြောက်သွေ့တဲ့ ဒေသတွေ စိမ်းလန်းစိုပြည် ဖို့ ဆောင်ရွက်သွားမယ်။**

# မခေါ်ချင်ထားခဲ့လေ အမြော်အမြင်တရားနဲ့ပေ

အင်း.... ပြောင်းမယ့်ပြောင်းတော့လည်း ပြောင်းချက်ကတော့ ကမ်းကုန်ပါပဲ။ တစ်သက်လုံး မပြောင်းလဲခဲ့တဲ့ သတင်းစာတွေတောင် ပြောင်းသလားမမေးနဲ့။ အရင်ခေတ်အဆက်ဆက်က သတင်းစာတွေဟာ 'အစိုးရသတင်းစာ' လို့ ခေါ်ရလောက်အောင် အစိုးရပေါ်လစီတွေကိုသာ အဓိကထားပြီး ရေးသားခဲ့ကြရတာကိုး။ အယ်ဒီတာ့အာဘော်တွေကလည်း တကယ်တော့ 'အစိုးရအာဘော်' တွေချည်းပါပဲ။

အခုလို အစိုးရအာဘော်ဖြစ်တဲ့ အစိုးရသတင်းစာကနေ 'ပြည်သူ့အာဘော်'ဖြစ်တဲ့ နိုင်ငံပိုင်သတင်းစာတွေဖြစ်လာတာကိုတော့ ကြိုက်တယ်ဗျာ။ အခုဆိုရင် နိုင်ငံပိုင်သတင်းစာတွေမှာ အယ်ဒီတာ့အာဘော်အစစ်တွေကို ဖတ်လာရပြီဖြစ်သလို ပြည်သူ့ခံစားချက်တွေကို ရဲရဲဝံ့ဝံ့ တင်ပြလို့ရတော့မယ့် 'ပြည်သူ့သဘောထားစင်မြင့်' ကဏ္ဍတစ်ခု ပေါ်ပေါက်လာတာကိုလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြရမှာပါ။

ဒါပေမယ့် တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ရှုထောင့်စုံက သဘောထားအမြင်စုံကို တင်ပြတဲ့နေရာမှာ ကြမ်းတမ်းပြင်းထန်တဲ့ အယူအဆ၊ အရေးအသားတွေကိုတော့ တတ်နိုင်သလောက် ရှောင်ကြဉ်ကြရမှာပေါ့။ ကဲ.... အစိုးရသစ်ကို အားကိုးတကြီးနဲ့ ရင်ဖွင့်လိုက်ပါဦးမယ်။

မြန်မာနိုင်ငံမှာ အရင်ခေတ်အဆက်ဆက်က နိုင်ငံ့ဝန်ထမ်း အငြိမ်းစားတွေနဲ့ နိုင်ငံရေးအငြိမ်းစားတွေရဲ့ ပင်စင်လစာတွေကို နည်းမျိုးစုံနဲ့ အဆင့်ဆင့်တိုးပေးခဲ့တယ်ဆိုပေမယ့် အလွန်ဆုံးတိုးမှ နှစ်ဆဟာ အများဆုံးပါပဲ။

ပထမဆုံးအကြိမ် ပေါ်ပေါက်လာတဲ့ ဒီမိုကရေစီအစိုးရဟာ ပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးကိစ္စအဝဝကို နေ့မအား ညမနား အားသွန်ခွန်စိုက် ဆောင်ရွက်နေသလို ၂၀၁၁ ဇွန် ၃၀ ရက်က ပင်စင်လစာနှုန်းတွေကို အံ့မခန်းတိုးမြှင့်ခံစားခွင့်ပြုခဲ့တဲ့အတွက် ပင်စင်စားတွေရဲ့ အပျော်မျက်လုံး အပြုံးမျက်နှာတွေကို ထပ်ကာထပ်ကာ မြင်ယောင်မိရင်း ပီတိဖြစ်ခဲ့မိတာ အမှန်ပါ။

အဲဒီလို ပင်စင်လစာတွေကို မတိုးပေးခင်ကဆိုရင် နိုင်ငံ့ဝန်ထမ်းလစာနှုန်းတွေက တဖြည်းဖြည်း ပြောင်းလဲနေတာမို့ ဝန်ထမ်းနှစ်ယောက်ဟာ ရာထူးတူ၊ လုပ်သက်တူဖြစ်ပေမယ့် ဝန်ထမ်းလစာနှုန်းနိမ့်တုန်းက ပင်စင်ယူခဲ့တဲ့သူနဲ့ ဝန်ထမ်းလစာနှုန်းမြင့်မှ ပင်စင်ယူတဲ့သူဟာ နောက်ဆုံးထုတ်လစာချင်း မတူညီကြတဲ့အတွက် မြန်မာနိုင်ငံ ပင်စင်နည်းဥပဒေအရ တွက်ချက်လိုက်တဲ့အခါ ရရှိတဲ့ပင်စင်လစာချင်း မိုးနဲ့မြေလို ကွာခြားခဲ့ရတယ်။

ဒါပေမယ့် ၂၀၁၁ ဇွန် ၃၀ ရက်က ကြေညာခဲ့တဲ့ ပင်စင်တိုးမြှင့်နှုန်းအတိုင်းဆိုရင် ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်မတိုင်မီက ပင်စင်ယူခဲ့တဲ့ ပင်စင်စားတွေကို လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ အငြိမ်းစားယူတဲ့အခါ ရရှိလာမယ့် ပင်စင်ခံစားခွင့်အတိုင်း နောက်ဆုံးရာထူး၊ နောက်ဆုံးထုတ်ချိန်နှုန်းလစာနဲ့ကိုက်ညီတဲ့ ပင်စင်နှုန်းတွေနဲ့ပေးမှာဖြစ်တာကြောင့် ဥပမာအားဖြင့် လွန်ခဲ့တဲ့ နှစ် ၄၀ လောက်က ပင်စင်ယူခဲ့တဲ့သူနဲ့ အခုလောလောဆယ်မှ ပင်စင်ယူတဲ့ ဝန်ထမ်းနှစ်ယောက်ဟာ ရာထူးတူ၊ လုပ်သက်တူဖြစ်ခဲ့မယ်ဆိုရင် နောက်ဆုံးထုတ်လစာချင်း မတူညီကြပေမယ့် ပင်စင်လစာချင်း အတူတူရကြမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့။ အဲဒီလိုနည်းနဲ့ ပင်စင်တိုးပေးတာဟာ ရေလည်းမြင့်၊ ကြာလည်းမြင့်ဆိုတဲ့ သဘောမို့လို့ ကမ္ဘာကျော်လောက်အောင် ကောင်းတဲ့စနစ်တစ်ခုပါပဲ။

အဲဒီကနေပြီး နိုင်ငံ့ဝန်ထမ်းတွေကို ၂၀၁၃ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်တွေမှာ အဆင့်မရွေး၊ ရာထူးမရွေးဘဲ လစာနှုန်းငွေကျပ် ၂၀၀၀၀ စီ တစ်ပြေးညီတိုးပေးခဲ့တုန်းက ကျွန်တော်တို့ပင်စင်စားတွေကိုလည်း အဲဒီ ကျပ် ၂၀၀၀၀ အပေါ်မှာပဲ တိုးမြှင့်လစာ တွက်ချက်ပေးခဲ့တာဟာ သဘာဝကျပါတယ်။

ဒါပေမယ့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အပိုထောက်ပံ့ကြေးငွေကို ပယ်ဖျက်ပြီး တိုးမြှင့်သတ်မှတ်ပေးခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းလစာနှုန်းတွေကို လေ့လာကြည့်မယ်ဆိုရင် အနိမ့်ဆုံး အဆင့်(၁)မှာ တိုးမြှင့်လစာနှုန်း ငွေကျပ် ၄၅၀၀၀၊ အဆင့်(၂)မှာငွေကျပ် ၅၄၀၀၀၊ အဆင့်(၃)မှာငွေကျပ် ၆၃၀၀၀ စသည်ဖြင့် တိုးလာကြပြီး အမြင့်ဆုံးအဆင့်(၁၃)မှာကျတော့ ငွေကျပ် ၂၅၀၀၀၀ တိုးလာတာကို တွေ့ရှိရတဲ့အတွက် အဆင့်မတူရင် တိုးမြှင့်လစာနှုန်း မတူညီကြောင်း သိလိုက်ရပါတယ်။

အဲ့ဒီတော့ အရင်က နိုင်ငံ့ဝန်ထမ်းတွေကို အဆင့်မရွေး၊ ရာထူးမရွေးဘဲ ငွေကျပ် ၂၀၀၀၀ စီ တစ်ပြေးညီတိုးပေးခဲ့တုန်းက ကျွန်တော်တို့ ပင်စင်စားတွေကိုလည်း အဲဒီ ငွေကျပ် ၂၀၀၀၀ အပေါ်မှာပဲ တွက်ချက်ပြီး တိုးမြှင့်ပေးခဲ့တာဟာ သဘာဝကျပေမယ့် အခုတစ်ခါ နိုင်ငံ့ဝန်ထမ်းတွေကို အဆင့်လိုက်အဆင့်လိုက် မတူညီတဲ့လစာနှုန်းတွေ တိုးမြှင့်ပေးပြီး ကျွန်တော်တို့ ပင်စင်စားတွေကိုကျမှ ငွေကျပ် ၄၅၀၀၀ အပေါ်မှာ တစ်ပြေးညီတွက်ချက်တိုးမြှင့်ပေးတာကတော့ မနှိုင်းကောင်းနှိုင်းကောင်းနှိုင်းရရင် "နွားထီး ငါးကျပ်၊ နွားမ ငါးကျပ်" ဆိုသလိုမျိုး ဖြစ်နေတဲ့အပြင် ၃၀-၆-၂၀၁၁ ရက်နေ့က သတ်မှတ်ခဲ့တဲ့ ပင်စင်တိုးမြှင့်နှုန်းနဲ့ နှိုင်းယှဉ်လိုက်ရင် တခြားစီ ဖြစ်မနေပေဘူးလား။

ဒီလိုဆိုရင် ဒီမိုကရေစီအစိုးရရဲ့ပထမငါးနှစ်သက်တမ်းအစမှာ သတ်မှတ်ခဲ့တဲ့ ပင်စင်တိုးမြှင့်နှုန်းနဲ့ သက်တမ်းကုန်ခါနီးမှာ သတ်မှတ်လိုက်တဲ့ ပင်စင်တိုးမြှင့်နှုန်းဟာ မတူညီကြတော့ဘဲ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ဖြစ်နေလေတော့ အမှန်အတိုင်းပြောရရင် "အခုစာကလေးကြော်၊ အခုဆီထမင်း" ဆိုသလိုမျိုးရော ဖြစ်မနေပေဘူးလား။

အဲဒီတော့ အဆင့်တူ၊ ရာထူးတူ၊ လုပ်သက်တူတဲ့ နိုင်ငံ့ဝန်ထမ်းနှစ်ယောက်မှာ ပင်စင်ယူတဲ့ အချိန်ချင်း မတူခဲ့ရင် တစ်ယောက်သောသူက ပင်စင်လစာတစ်မျိုး၊ နောက်တစ်ယောက်က ပင်စာလစာတစ်မျိုး ဖြစ်နေမှာပေါ့။

ဒါကြောင့်မို့လို့ တစ်ချိန်က နိုင်ငံ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြတဲ့ 'ပင်စင်စား အိုပယ်ကြီး' တွေအပေါ်မှာ ကိုယ်ချင်းစာသောအားဖြင့် ၃၀-၆-၂၀၁၁ ရက်နေ့ကကြေညာခဲ့တဲ့ ယခင်ပင်စင်တိုးမြှင့်နှုန်းအတိုင်း ၁-၄-၂၀၁၅ ရက်နေ့မတိုင်မီက ပင်စင်ယူခဲ့တဲ့ ပင်စင်စားတွေကို လက်ရှိတာဝန်ထမ်းဆောင်နေပြီး တိုးမြှင့်ဝန်ထမ်းလစာတွေ ခံစားနေကြရတဲ့ နိုင်ငံ့ဝန်ထမ်းတွေ အငြိမ်းစားယူတဲ့အခါ ရရှိလာမယ့် ပင်စင်ခံစားခွင့်အတိုင်း နောက်ဆုံးရာထူး၊ နောက်ဆုံးထုတ်ချိန်လစာနှုန်းနှင့် ကိုက်ညီတဲ့ ပင်စင်နှုန်းတွေပေးပြီး "အဆင့်တူ၊ ရာထူးတူ၊ လုပ်သက်တူတဲ့ နိုင်ငံ့ဝန်ထမ်းနှစ်ယောက်ဟာ ဘယ်အချိန်၊ ဘယ်ကာလမှာဖြစ်ဖြစ် ပင်စင်ယူတဲ့အခါ ပင်စင်လစာချင်း တူညီအောင် အမြန်ဆုံးဆောင်ရွက်ပေးဖို့" ပင်စင်စားများအားလုံးကိုယ်စား မေတ္တာရပ်ခံ ရေးသားတင်ပြလိုက်ရကြောင်းပါ။

အစိုးရသစ်အနေနဲ့ "ပြောင်းလဲချိန်တန်ပြီ" ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ အစစအရာရာ ပြောင်းလဲပေးနေတာတောင်မှ 'ပင်စင်စားတွေကို အရင်တိုးမြှင့်နှုန်းအတိုင်း တိုးပေးချင်ပါသော်လည်း ဘတ်ဂျက်မရှိသေးလို့ပါ' လို့ပြောခဲ့တဲ့ အရင်အစိုးရလိုပဲ အစိုးရအသစ်အနေနဲ့ ပင်စင်စားအိုပယ်ကြီးတွေကို အရေးအကြီးဆုံး ရက် ၁၀၀ စီမံကိန်းထဲမှာ မထည့်ဘဲ ပစ်ထားခဲ့ဦးမယ်ဆိုရင်တော့ "မခေါ်ချင်ထားခဲ့လေ...အမြော်အမြင်တရားနဲ့ပေ..." လို့သာ ငိုညည်းရုံမှတစ်ပါး အခြားမရှိတော့ပါပြီတည်း။

**ဆရာသောင်း(ရမည်းသင်း)**

---

## မနုဖြူမြို့အဝင်မှ အမှိုက်များ စုပေါင်းရှင်းလင်း

**မနုဖြူ မေ ၁၈**

မနုဖြူမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ရက် ၁၀၀ စီမံကိန်းဆောင်ရွက်မှုတစ်ရပ်အဖြစ် မြို့အဝင် ဆိုင်းဘုတ်အနီးရှိ ဆည်မြောင်းတာပေါင်ဘေးတစ်လျှောက်တွင် စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးကော်မတီက ဦးဆောင်၍ မေ ၁၄ ရက်က ရှင်းလင်းခဲ့ကြောင်း သိရသည်။ ၏

မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း အင်အား ၂၅၀ ခန့်ဖြင့် ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

## ဆိုင်ကယ်စီးသူများ သတိပြုလိုက်နာရမည့် အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**ဆိပ်ဖြူ မေ ၁၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရဲတပ်ဖွဲ့၏ ရက် ၁၀၀ စီမံချက်ဆောင်ရွက်မှုအဖြစ် ဆိုင်ကယ်စီးနင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး သတိပြုလိုက်နာရမည့် အချက်(၉)ချက်ပါရှိသည့် အသိပညာပေးဆိုင်းဘုတ်များကို ဆိပ်ဖြူမြို့ လူစည်ကားရာနေရာနှစ်ခု၌ မေ ၁၆ ရက်က စိုက်ထူခဲ့သည်။

ဆိုင်းဘုတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ တပ်ကြပ်ကြီး ဌေးတင့်နှင့် တပ်ဖွဲ့ဝင်များ ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ဇံတို့က ဆိပ်ဖြူမြို့ အဝင် အနော်ရထာတံတားထိပ်၌လည်းကောင်း၊ မြို့နယ် စည်ပင်သာရေးအဖွဲ့ပိုင် ပတ္တမြားဈေး၌လည်းကောင်း စိုက်ထူခဲ့ခြင်းဖြစ်သည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**



## လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်

**ထီးလင်း မေ ၁၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၌မေ ၁ ရက်က ဖြစ်ပွားခဲ့သော မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခဲ့သည့် ဆင်ထိုးရွာမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများကို မေ ၁၅ ရက်က သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။ ထီးလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသက်မောင်နှင့် စီမံကိန်းဦးစီးမှူး ဒေါ်စန်းစန်းလှဲတို့က လေဘေးသင့်အိမ်ထောင်စု ၂၂ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ စီနှင့် အမျိုးသား၊ အမျိုးသမီး အဝတ်အထည်များ၊ ဆပ်ပြာနှင့် စောင်များကို ထောက်ပံ့ပေးခဲ့ကြခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

## မြန်မာ- အိန္ဒိယ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် မေ ၁၈**

အိန္ဒိယစက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်သော အိန္ဒိယနှင့် မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်မည့် မြန်မာ- အိန္ဒိယ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲကို ရန်ကုန်မြို့ Park Royal Hotel ၌ မေ ၁၉ရက်တွင် ကျင်းပမည် ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စွမ်းအင်နှင့် အဝတ်အထည်ချုပ်လုပ်ငန်းအပါအဝင် အသေးစား စက်မှုလက်မှုလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအား၊ ဆောက်လုပ်ရေး၊ ဘဏ်နှင့်ငွေရေးကြေးရေး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

---

## မြန်မာနိုင်ငံသို့ ဂျပန်စီးပွားရေးကုမ္ပဏီများ လာရောက်မှုတိုးလာ၊ အလုပ်အကိုင်အခွင့်အလမ်းအတွက် ဂျပန်ဘာသာ ပညာဒါနသင်ကြားပေးမည်

**ရန်ကုန် မေ ၁၈**

မြန်မာနိုင်ငံတွင် သီလဝါအထူးစီးပွားရေးဇုန် ဖွင့်လှစ်ပြီးနောက် ဂျပန်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံမှု များပြားလာနေကြောင်း၊ မြန်မာလူငယ်အများအပြား အလုပ်အကိုင် အခွင့်အလမ်းရရှိမှု တိုးပွားလာမည်ဖြစ်ကြောင်း မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar-Japan-SEDA) ဥက္ကဋ္ဌ ဦးအေးကိုကိုက ပြောသည်။

"မြန်မာနိုင်ငံမှာ ဂျပန်ကုမ္ပဏီတွေ အများအပြား ဝင်ရောက်လာနေပါပြီ။ ဒီလိုဝင်ရောက်လာတဲ့နေရာမှာ ဂျပန်ကုမ္ပဏီတွေလည်း အဆင်ပြေ မြန်မာလူငယ်တွေလည်း အလုပ်အကိုင် အခွင့်အလမ်းရဆိုတဲ့ရည်ရွယ်ချက်နဲ့ အကျိုးအမြတ်မယူတဲ့ ကျွန်တော်တို့အသင်းကြီးက ဂျပန်ဘာသာစကား သင်တန်းကို အထူးအလေးထားသင်ကြားပေးနေပါတယ်" ဟု ဦးအေးကိုကိုက ပြောသည်။



မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်သော ဂျပန်ကုမ္ပဏီများအနေဖြင့် အဓိကရင်ဆိုင်ရသော ပြဿနာတစ်ရပ်မှာ ဘာသာစကားဖြစ်သည်။ ဂျပန်ဘာသာစကား ကျွမ်းကျင်သူများဖြင့်သာ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်စွမ်းရှိသည်။

"မြန်မာပြည်မှာရှိတဲ့ ကလေးတွေအနေနဲ့ ဂျပန်စကားတတ်ထားမယ်ဆိုရင် အလုံးအရင်းနဲ့ဝင်ရောက်လာနေပြီဖြစ်တဲ့ ဂျပန်ကုမ္ပဏီတွေမှာ အလုပ်ဝင်ဖို့မခက်ပါဘူး။ ကျွန်မတို့အနေနဲ့ ပညာဒါနအဖြစ် လေးလသင်တန်းတွေအဖြစ် အဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ ဂျပန်စကားကို တတ်မြောက်လိုသူတွေအနေနဲ့ အသက်အရွယ် ကန့်သတ်ချက်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိဘဲ သင်ကြားပေးနေပါ တယ်" ဟု မြန်မာ-ဂျပန်အသင်းမှ ဂျပန်ဘာသာစကားသင်ကျောင်းအုပ် ဒေါ်စန်းစန်းလွင်က ပြောသည်။ ဂျပန်ဘာသာစကားတတ်မြောက်လိုသူများအနေဖြင့် အမှတ် (၂၄) ယောမင်းကြီးလမ်း ဒဂုံမြို့နယ်၌ ပညာဒါနအဖြစ် အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိဘဲ 4 skills သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ ယခုအခါ မြန်မာ-ဂျပန် အသင်းမှ ဂျပန်စကားတတ်မြောက်မှု သင်တန်းအောင်မြင်သူ သင်တန်းသား ၈၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း လစဉ်သင်တန်းများ ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းကို ထူထောင်ထားသည်မှာ သက်တမ်းအားဖြင့် သုံးနှစ်ရှိပြီဖြစ်ရာ အကျိုးအမြတ်တစ်ခုရရှိစေရန် ထူထောင်ထားခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံရှိ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးရေးအတွက်ဖြစ်ကြောင်း သိရသည်။ ယခုအခါ မြန်မာ-ဂျပန်အသင်းအနေဖြင့် ကလေးများအား ဂျပန်စကားသင်ကြားပေးနေသည့်အပြင် လူမှုရေးလုပ်ငန်းအဖြစ် သွေးလှူဒါန်းခြင်းလုပ်ငန်းစဉ်ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဘာကြောင့်ယာဉ်ကြောကျပ်ပြီး အဘယ်ကြောင့်ယာဉ်ကြောပိတ်ဆို့နေသလဲ

**— သိပ္ပံစာရေးဆရာကိုကိုအောင် —**



ယာဉ်ကြောပိတ်ဆို့နေသော မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တစ်နေရာ

ကမ္ဘာ့နိုင်ငံအသီးသီးရှိ အချို့သော မြို့ကြီးပြကြီးများတွင် ယာဉ်ကြောကျပ်သည့် ပြဿနာနှင့် ရင်ဆိုင်နေကြရပြီး အချို့သော မြို့ပြများ၌မူ ယာဉ်ကြောပိတ်ဆို့သည့် ပြဿနာကို ရင်ဆိုင်နေကြရလျက်ရှိသည်။ ယင်းကဲ့သို့ ယာဉ်ကြောစီးဆင်းမှုဆိုင်ရာ ပြဿနာအသီးသီးကို ရင်ဆိုင်နေရလျက်ရှိကြရာတွင် ပြဿနာ၏ဇာစ်မြစ်ကို ရှာဖွေဖော်ထုတ်နိုင်ပြီး တုံ့ပြန်ဆောင်ရွက်မှု ထိရောက်ကောင်းမွန်သောမြို့ပြများ၌ အတော်အတန် ပြေလည်မှုများရရှိကြသော်လည်း ပြဿနာဖြစ်ရသည့် အကြောင်းရင်းခံကို ရှာဖွေဖော်ထုတ်မှုမပြုနိုင်ခြင်း သို့တည်းမဟုတ် အကြောင်းရင်းကိုသိသော်လည်း တုံ့ပြန်ဆောင်ရွက်မှုအားနည်းသောကြောင့် ထိရောက်မှုမရှိခြင်း စသည့် အကြောင်းများကြောင့် ပြေလည်မှုမရရှိသေးသော မြို့ပြအချို့ကလည်း ရှိနေဆဲဖြစ်သည်။

ယာဉ်ကြောကျပ်ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့ခြင်းဟူသော ဝေါဟာရများသည် သာမန်အားဖြင့် ဆင်တူသယောင်ရှိသော်လည်း အဓိပ္ပာယ်အားဖြင့် မတူညီသလို ဖြစ်တည်လာရသည့် အခြေခံအကြောင်းရင်းများကလည်း ကွဲပြားခြားနားလျက်ရှိသည်။ ယာဉ်ကြောကျပ်ခြင်း (Traffic Jam) သည် မြို့ပြလမ်းကွန်ရက်နှင့် ကားရပ်နားရန်နေရာများ အလုံအလောက်မရှိခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ယာဉ်ကြောပိတ်ဆို့ခြင်း(Traffic Blockage) ကမူ ယာဉ်လမ်းကြောင်းထိန်းသိမ်းရေးတွင် အားနည်းချက်များရှိနေသောကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

မြို့တစ်မြို့တွင် အသုံးပြုမောင်းနှင်လျက်ရှိသော မော်တော်ကားအစီးရေပမာဏသည် ထိုမြို့တွင်ရှိသည့် လမ်းကွန်ရက်များနှင့် သဟဇာတမဖြစ်ခဲ့လျှင် တစ်နည်းဆိုရသော် ထိုမြို့ရှိ လမ်းကွန်ရက်စုစုပေါင်းအရှည်သည် မောင်းနှင်ပြေးဆွဲနေသော မော်တော်ကားအစီးရေအတွက် ပြည့်စုံလုံလောက်ခြင်း မရှိခဲ့လျှင် ယာဉ်ကြောကျပ်ခြင်း ဖြစ်ပေါ်လာလိမ့်မည်ဖြစ်သည်။ အလားတူပင် မောင်းနှင်အသုံးပြုနေသော မော်တော်ကားများအတွက် လုံလောက်သည့် ကားရပ်နားရန်နေရာများ မရှိလျှင်လည်း ယာဉ်ကြောကျပ်ခြင်း ဖြစ်ပေါ်လာလိမ့်မည် ဖြစ်သည်။

မြို့တစ်မြို့၏ လမ်းကွန်ရက်အရှည်ကို တွက်ချက်ရာတွင် အဆိုပါမြို့၏ မြို့အဝင်ဂိတ်နှင့် မြို့အထွက်ဂိတ်တို့အကြားရှိ လမ်းမကြီးများ၊ လမ်းသွယ်များ၊ ဖြတ်လမ်းများ၊ ဉမင်လမ်းများ၊ မြေအောက်လမ်းများ၊ မြို့ပတ်လမ်းများနှင့် မြို့ရှောင်လမ်းများ အားလုံးကို ထည့်သွင်းရေတွက်ရမည် ဖြစ်သည်။ မြို့လမ်းကွန်ရက်တွင်ပါဝင်သော လမ်းများအားလုံးသည် နှစ်လမ်းမောင်း (Two Way) ဖြစ်စေ...တစ်လမ်းမောင်း (One Way) ဖြစ်စေ...အရှေ့မှအနောက်၊ တောင်မှမြောက်စသည်ဖြင့် လိုသလို တိုးလျှိုးပေါက်မောင်းနှင်သွားလာနိုင်သောလမ်းများဖြစ်ရန် လိုအပ်သည်။ သို့ဖြစ်၍ တစ်ဖက်ပိတ်လမ်းများနှင့် ကိုယ်ပိုင်လမ်းများကို မြို့၏ လမ်းကွန်ရက်စာရင်းတွင် ထည့်သွင်းရေတွက်ရန် မလိုအပ်ပေ။

မြို့ပြသယ်ယူပို့ဆောင်ရေးအတွက် အများပြည်သူသုံးဘတ်စ်ကားများ၊ ကုန်တင်ထရပ်ကားကြီးများ၊ အပေ့ါစား ကုန်တင်ကားငယ်များ၊ လုပ်ငန်းသုံးကားများ၊ စက်ရုံအလုပ်ရုံသုံးကားများ၊ ကိုယ်ပိုင်ကားများ စသည်တို့ကို တိုးချဲ့တင်သွင်း ပြေးဆွဲမောင်းနှင်စေရာ၌ လက်ရှိမော်တော်ကားအစီးရေနှင့် ထပ်မံတိုးချဲ့ တင်သွင်း၊ ထုတ်လုပ်၊ ပြေးဆွဲ၊ မောင်းနှင်မည့် မော်တော်ကားအစီးရေစုစုပေါင်းသည် မြို့၏ လမ်းကွန်ရက် စုစုပေါင်းအရှည်နှင့် သဟဇာတဖြစ်ရန် အလွန်အရေးကြီးသည်။

အကယ်၍ လမ်းကွန်ရက်နှင့် လိုက်လျောညီထွေမဖြစ်ဘဲ မော်တော်ကားများကို ထပ်မံတိုးချဲ့တင်သွင်းကာ ပြေးဆွဲမောင်းနှင်စေမည်ဆိုလျှင် ကာလတိုအတွင်း၌ပင် ယာဉ်ကြောကျပ်ခြင်းပြဿနာ ပေါ်ပေါက်လာလိမ့်မည် ဖြစ်သည်။ မောင်းနှင်အသုံးပြုနေသော မော်တော်ကားအစီးရေနှင့် လမ်းကွန်ရက်တို့ သဟဇာတဖြစ်လျှင် ယာဉ်ကြောကျပ်ခြင်းမဖြစ်ပေါ်ဘဲ ယာဉ်ကြောစီးဆင်းမှုကို သွက်လက်မြန်ဆန်စေလိမ့်မည် ဖြစ်သည်။

အလားတူပင် မြို့တစ်မြို့ရှိ မော်တော်ကားအစီးရေအားလုံးအတွက် ကားရပ်နားနိုင်သည့်ဧရိယာ လုံလုံလောက်လောက်မရှိလျှင်လည်း ယာဉ်ကြောကျပ်ခြင်းဖြစ်ပေါ်လာနိုင်သည်။ လူနေထူထပ်ပြီး မော်တော်ကားအစီးရေပမာဏ အလွန်များပြားသည့် မြို့ကြီးပြကြီးများတွင် မြေပေါ်ကားရပ်နားရန်နေရာ၊ မြေအောက် ကားရပ်နားရန်နေရာ၊ အထပ်မြင့်ကားရပ်နားရန်နေရာများ၏ ဧရိယာစုစုပေါင်းသည် ထိုမြို့ရှိ မော်တော်ကားအစီးရေနှင့် လိုက်လျောညီထွေ ပြည့်စုံလုံလောက်ရန် လိုအပ်သည်။

ကားလမ်းဘေးဝဲယာရှိ ကားရပ်နားရန် နေရာများ၊ ဘုရားကျောင်းကန်များ၏ ပရိဝုဏ်အတွင်းရှိ ကားရပ်နားရန်နေရာများ၊ အုပ်ချုပ်ရေးဆိုင်ရာရုံးများနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ရုံး၊ စက်ရုံ၊ အလုပ်ရုံများ၏ ပရိဝုဏ်အတွင်းရှိ ကားရပ်နားရန်နေရာများ၊ လေဆိပ်၊ ဘူတာရုံနှင့် သင်္ဘောဆိပ်များရှိ ကားရပ်နားရန်နေရာများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းဝင်းများထဲရှိ ကားရပ်နားရန်နေရာများ၊ ဆေးရုံနှင့် ဆေးခန်းများ၏ ကားရပ်နားရန် နေရာများ၊ ဈေးနှင့် စူပါမားကက်များ၏ ကားရပ်နားရန်နေရာများ၊ ခရီးသည်ပို့ဆောင်ရေး အခြေစိုက်စခန်းများနှင့် ကုန်တင်ယာဉ်စခန်းများထဲရှိ ကားရပ်နားရန်နေရာများ၊ အထပ်မြင့်အဆောက်အအုံများရှိ မြေပေါ်မြေအောက်နှင့် အထပ်မြင့် ကားရပ်နားရန်နေရာများအားလုံး၏ ဧရိယာစုစုပေါင်းသည် မောင်းနှင်အသုံးပြုနေသော မော်တော်ကားအစီးရေနှင့် လိုက်လျောညီထွေ ဖြစ်နေမှသာလျှင် ယာဉ်ကြောကျပ်ခြင်းမဖြစ်အောင် အထောက်အပံ့ပြုပေးနိုင်မည်ဖြစ်သည်။

**ကားရပ်နားရန်နေရာများအားလုံး၏ ဧရိယာစုစုပေါင်းသည် မောင်းနှင်အသုံးပြုနေသော မော်တော်ကားအစီးရေနှင့် လိုက်လျောညီထွေ ဖြစ်နေမှသာလျှင် ယာဉ်ကြောကျပ်ခြင်းမဖြစ်အောင် အထောက်အပံ့ပြုပေးနိုင်မည်ဖြစ်သည်။ ကားရပ်နားရန်ဧရိယာများကို တွက်ချက်ရာ၌မူ အများပြည်သူသုံး ကားရပ်နားရန် နေရာများအပြင် ကိုယ်ပိုင်ကားရပ်နားရန်နေရာများ အားလုံးကိုပါ ထည့်သွင်းတွက်ချက်ရမည် ဖြစ်သည်။ အကယ်၍ ကားရပ်နားနိုင်သည့် ဧရိယာစုစုပေါင်းနှင့် မော်တော်ကားအစီးရေပမာဏတို့ သဟဇာတမဖြစ်ဘဲ ကားအစီးရေပမာဏက ပိုမိုလွန်ကဲများပြားလာမည်ဆိုလျှင် ယာဉ်ကြောကျပ်တည်းမှုဆီသို့ ဦးတည်သွားလိမ့်မည်ဖြစ်သည်**

ကားရပ်နားရန်ဧရိယာများကို တွက်ချက်ရာ၌မူ အများပြည်သူသုံး ကားရပ်နားရန်နေရာများအပြင် ကိုယ်ပိုင်ကားရပ်နားရန်နေရာများ အားလုံးကိုပါ ထည့်သွင်းတွက်ချက်ရမည် ဖြစ်သည်။ အကယ်၍ ကားရပ်နားနိုင်သည့် ဧရိယာစုစုပေါင်းနှင့် မော်တော်ကားအစီးရေပမာဏတို့ သဟဇာတမဖြစ်ဘဲ ကားအစီးရေပမာဏက ပိုမိုလွန်ကဲများပြားလာမည်ဆိုလျှင် ယာဉ်ကြောကျပ်တည်းမှုဆီသို့ ဦးတည်သွားလိမ့်မည်ဖြစ်သည်။

ယာဉ်ကြောပိတ်ဆို့ခြင်းဖြစ်စဉ်ကမူ ယာဉ်ကြောကျပ်ခြင်းနှင့် ကွဲပြားခြားနားပြီး ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးအပိုင်း၌ လိုအပ်ချက်များ ရှိနေသောကြောင့်သာလျှင် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ သို့ရာတွင် ယာဉ်ကြောပိတ်ဆို့ခြင်း မဖြစ်ပေါ်စေရန်အတွက် ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးကို စီမံဆောင်ရွက်ကြရာတွင် ယာဉ်လမ်းကြောင်းထိန်းသိမ်းရေးကို ကောင်းစွာ အထောက်အကူပြုပေးနိုင်ရေးအတွက် ပြီးပြည့်စုံသော ကနဦးတည်ဆောက်မှုများကလည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသည်။

ဥပမာအားဖြင့် ယာဉ်ဖြတ်သန်းသွားလာမှုများပြားသော လမ်းဆုံလမ်းခွများ၌ မီးပွိုင့်တပ်ဆင်မထားခြင်း၊ တပ်ဆင်ထားသော်လည်း မီးပွိုင့်များ မကြာခဏ ချွတ်ယွင်းနေခြင်း၊ လူကူးမျဉ်းကျားများနှင့် လူကူးမျဉ်းကျား သတိပေးအချက်ပြမီးများကို လုံလုံလောက်လောက် ပြုလုပ်တပ်ဆင်မထားခြင်း၊ လမ်းဆုံလမ်းခွများ၌ မြင်ကွင်းကိုကွယ်စေသည့် သစ်ပင်၊ အဆောက်အအုံ၊ ဈေးဆိုင်၊ စက်ပျက်ယာဉ် စသည်တို့ ရှိနေခြင်း၊ လူစည်ကားများပြားလွန်းသောနေရာများ၌ လူကူးခုံးကျော်တံတားများ တည်ဆောက်ထားမှုမရှိခြင်း စသည်တို့သည် ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်ပေါ်လာစေနိုင်သော အခြေခံအကြောင်းရင်းများ ဖြစ်ကြသည်။

အလားတူပင် ယာဉ်ကြောနှစ်ကြောတည်းသာရှိသော နှစ်လမ်းမောင်းလမ်း (2-Way / 2-Lane) ဖြစ်စေကာမူ ကားနှင့် စက်တပ်ယာဉ်အမျိုးမျိုးတို့ အန္တရာယ်ကင်းစွာဖြင့် ရှောင်တိမ်းမောင်းနှင်နိုင်အောင် လုံလောက်သည့်အကျယ်အဝန်းရှိရန် လိုအပ်သည်။ ထိုနည်းတူစွာပင် ယာဉ်ကြောလေးကြော၊ ယာဉ်ကြောခြောက်ကြော၊ ယာဉ်ကြောရှစ်ကြောရှိသော လမ်းအမျိုးမျိုးတို့သည်လည်း ယာဉ်ကြောတစ်ကြောချင်းစီအနေဖြင့် လုံလောက်သည့် အကျယ်အဝန်း ရှိနေရမည်ဖြစ်သည်။

မြို့တွင်းလမ်းများကို ချဲ့ထွင်ဖောက်လုပ်ရာ၌လည်း ယာဉ်ကြောတစ်ကြောချင်းစီသည် အကျယ် အဝန်းအားဖြင့် မော်တော်ကားအရွယ်အစား အမျိုးမျိုးတို့အတွက် လုံလုံလောက်လောက်ရှိနေရန် လိုအပ်သည်။ မူလက နှစ်လမ်းမောင်း ယာဉ်ကြောလေးကြောရှိသည့်လမ်းကို လုံလောက်အောင် တိုးချဲ့ဖောက်လုပ်ခြင်းမပြုဘဲ ယာဉ်ကြောခြောက်ကြောအဖြစ် စီမံဖန်တီးခြင်းမျိုးသည် ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် ယာဉ်အန္တရာယ်တို့ကို ဖြစ်ပေါ်လာစေနိုင်သည်။

**(နောက်တစ်ပတ် ဆက်လက်ဖော်ပြပါမည်)**

## မီးဘေးသင့် အိမ်ထောင်စုခြောက်စုအား ထောက်ပံ့ငွေများလှူဒါန်း

**မော်လမြိုင် မေ ၁၈**

မော်လမြိုင်မြို့ ကွင်းရပ်ရပ်ကွက် ဇင်ယော်လမ်းတွင် မေ ၃ ရက်က မီးလောင်မှုကြောင့် မီးဘေးသင့်ခဲ့သော အိမ်ထောင်စုခြောက်စုအား မော်လမြိုင်မြို့ ရှင်သန်ခြင်းကရုဏာ သွေးလှူရှင်အသင်းကြီးမှ ထောက်ပံ့ငွေ ကျပ် ၁၄ သိန်းကျော်ကို မေ ၁၅ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မီးလောင်ခဲ့သည့် နေအိမ်နှစ်လုံးမှ အိမ်ထောင်စုခြောက်စုအတွက် ထောက်ပံ့ပေးခဲ့ရာတွင် အိမ်ထောင်စုလေးစုအတွက် ငွေကျပ်ရှစ်သိန်းနှင့် ကျန်အိမ်ထောင်စုနှစ်စုအတွက် ထောက်ပံ့ငွေကျပ်ခြောက်သိန်းကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရှင်သန်ခြင်းကရုဏာ သွေးလှူရှင်အသင်းကြီးအနေဖြင့် ပြည်သူများအတွက် သွေးလှူရုံသာမက မီးဘေး၊ ရေဘေး၊ သဘာဝဘေးစသည်တို့ ကြုံတွေ့၍ ဒုက္ခရောက်နေသူများကိုလည်း တတ်စွမ်းသမျှ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသင်းဘဏ္ဍာရေးမှူး ဦးထွန်းမင်းက ပြောသည်။

ရှင်သန်ခြင်းကရုဏာသွေးလှူရှင်အသင်းကြီးသည် အရေးပေါ်သွေးလိုအပ်လျက်ရှိသော လူနာများကို လူမျိုးဘာသာမရွေး အခမဲ့သွေးလှူဒါန်းခဲ့သည်မှာ အသင်းကြီးစတင်တည်ထောင်သည်မှ ယခုအချိန်အထိ သွေးပုလင်းပေါင်း ၂၄၀၀ ခန့် လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

## ပတူကောင် ၅၀၀ ခန့် အုံဖွဲ့နေ၍ မီးသတ်တပ်ဖွဲ့က ရှင်းပေးရ

**မြောက်ဥက္ကလာပ မေ ၁၈**

မေ ၁၆ ရက် ညနေ ၅နာရီ ခန့်က မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံရပ်ကွက် ရာဇာဓိရာဇ် (၄)လမ်း ခြံအမှတ် (၁၁၄၀) အတွင်းရှိ သစ်သားသေတ္တာပျက်တစ်လုံး အတွင်း၌ ပတူကောင် အကောင်ရေ ၅၀၀ ခန့် လာရောက်၍ အုံဖွဲ့နေသဖြင့် အိမ်ရှင် ဦးဟန်ဌေးက မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံနယ်မြေ မီးသတ်စခန်းသို့ အကူညီတောင်းခံခဲ့ပြီး ရွှေပေါက်ကံနယ်မြေ မီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးဇင်မင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးဝတ်စုံ နှင့် မီးကာဝတ်စုံများ အသုံးပြု၍ လာရောက်ရှင်းလင်းပေးခဲ့ရကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)မှ လက်ကျန်ငွေပေးသွင်းရန် ပျက်ကွက်သူများသိစေရန်

လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)မှ (၄)လ (၄)ရစ်စနစ်ဖြင့် တိုက်ခန်းဝယ်ယူထားသူ အောက်ဖော်ပြပါ (၄)ဦးသည် လက်ကျန်ငွေများပေးသွင်းရန် ပျက်ကွက်နေပါ၍ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၁-၂၄၅၆၈၄ သို့ ၃-၆-၂၀၁၆ရက် နောက်ဆုံးထား လာရောက်ဆက်သွယ်ပေးသွင်းပါရန်နှင့် ပျက်ကွက်ပါက အိမ်ခန်းအား ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

| စဉ် | အမည် | တိုက် | အခန်း |
|---|---|---|---|
| ၁ | ဒေါ်ကြည်မာအေး | ၁ | ၁၀၁ |
| ၂ | ဦးသန့်ဇင် | ၃၀ | ၂၀၂ |
| ၃ | ဦးဇော်နိုင်ဦး | ၁၉ | ၂၀၁ |
| ၄ | ဦးမောင်မြင့် | ၃၀ | ၂၀၁ |

**ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ စာရင်းစစ်ချုပ်ရုံး၊ တောင်ကြီးမြို့အတွက် Computer (၁၀)လုံး၊ Copier (A3 Size)(၁၃)လုံး၊ Toyota Caldina Sloon (၆)စီး၊ Light Truck (၁)စီးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

**တင်ဒါအဆိုပြုလွှာပုံစံရောင်းချမည့်ရက်** - ၂-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၆-၂၀၁၆ရက် ၁၆း၃၀နာရီ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၁-၆-၂၀၁၆ရက် ၁၀း၀၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး
**ဆက်သွယ်ရန်ဖုန်း** - ၀၈၁-၂၁၂၃၆၈၆

---

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်လျက်ရှိသော ကတ္တရာ (၇၃၆ဒသမ ၅၃)တန်ကို ဝယ်ယူလိုသဖြင့် အောက်ပါအရည်အသွေးရှိသော ကတ္တရာကို အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

| CHARACTERISTICS | SPECIFICATION | TESTMETHOD |
|---|---|---|
| Specific Gravity@25/27.C | 1.001/1.05 | D-70 |
| Penetration@25.C | 80/100 | D-5 |
| Softening Point.C | 45/52 | D-36 |
| Ductility@25.C | 100 min | D-113 |
| Loss on HEATING (wt)% | 0.5max | D-6 |
| Drop in Peneration after Heating% | 20 max | D-6 &D-5 |
| Flash Point.C | 225 min | D-92 |
| Solubility in CS 2 (wt)% | 99.05 min | D-4 |
| Spot test | Negative | A.A.S.H.OT.102 |

၂။ တင်ဒါလျှောက်လွှာများကို ကြော်ငြာပါရှိသည့်ရက်မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်တွင်း ဝယ်ယူနိုင်ပြီး အဆိုပြုပုံစံတင်ဒါများကို ၁၀-၆-၂၀၁၆ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ဖုန်း-၀၇၄-၂၆၀၆၂၊ ၀၇၄-၂၆၀၆၄

**ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ မြစ်ကြီးနားမြို့**

---

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၁)
### (၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၁)၊ ရန်ကုန်မြို့ရှိ အောက်ဖော်ပြပါစက်/ယာဉ်နှင့် ရုံးသုံးပစ္စည်းများ ပြင်ဆင်ခြင်းဆိုင်ရာ စက်အရန်ပစ္စည်း၊ သံထည်ပစ္စည်းများနှင့် အဆောက်အအုံပြင်ဆင်ထိန်းသိမ်းခြင်းဆိုင်ရာပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။
(၁) သောင်တူးစက်၊ ပွန်တူးနှင့်ရေယာဉ်များပြင်ဆင်ရန် စက်ပစ္စည်းနှင့်သံထည်ပစ္စည်း
(၂) မြေထိုးစက်၊ မြေသယ်ယာဉ်၊ မြေတူးစက် (SE-210, EX-220, ZX-230, PC-220, MA-145)များ၊ Minor Plants များပြင်ဆင်ရန် စက်အရန်ပစ္စည်းများ
(၃) ဝန်ချီစက်နှင့်လေမှုတ်စက်အသေးပြုပြင်ရန် ဟိုက်ဒရာလစ်နှင့် ကိုယ်ထည်ပစ္စည်းများ
(၄) အုပ်ချုပ်မှုသုံးယာဉ်နှင့် ဝန်ထမ်းဖယ်ရီယာဉ်ပြင်ဆင်ရန် အင်ဂျင်နှင့်ကိုယ်ထည်ပစ္စည်းများ
(၅) ရုံး၊ သင်တန်းကျောင်းနှင့် ဝန်ထမ်းလိုင်း ပြုပြင်ထိန်းသိမ်းရန် (အုတ်၊ သဲ၊ ကျောက်နှင့် နံရံပစ္စည်းများ)

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၆ခုနှစ် ဇွန် ၁ရက်ဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**စက်မှုတိုင်း(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**(၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၃၃၀၄**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများအသစ်တိုးချဲ့တည်ဆောက်ခြင်း၊ ထရန်စဖော်မာများနှင့် ဓာတ်အား လိုင်း/ခွဲရုံဆက်စပ်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။
(က) ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၁၁/၀.၄ ကေဗွီထရန်စဖော်မာများနှင့် ၄၀၀ ဗို့လိုင်းများ အသစ်တိုးချဲ့တည်ဆောက်ခြင်း။ (Turnkey)
(ခ) ကွန်ကရစ်တိုင်များ ဝယ်ယူခြင်းလုပ်ငန်း
(ဂ) ထရန်စဖော်မာနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၅-၂၀၁၆ရက်မှ ၃၀-၅-၂၀၁၆ ရက် ၁၆း၀၀ နာရီအထိ နောက်ဆုံးထား၍ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတွင် တင်ဒါဖောင်များအား ရောင်းချပေးသွားမည်ဖြစ်ပြီး ၇-၆-၂၀၁၆ရက်တွင် တင်ဒါလျှောက်လွှာများအား နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များ စုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာ ဝယ်ယူခြင်းများကို ရုံးချိန်အတွင်းသာ အင်ဂျင်နီယာဌာနသို့ လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်။ **ဖုန်း-၀၆၃-၂၅၈၀၉**

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## ကချင်ပြည်နယ်အတွင်းရှိ မြို့များတွင် အဝေးပြေးယာဉ်ရပ်နားစခန်းများ ဆောက်လုပ်ရန်
## တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ အောက်ပါမြို့များတွင် အဝေးပြေးယာဉ်ရပ်နားစခန်းများ တည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုတင်ပြရန် တင်ဒါခေါ်ယူအပ်ပါသည်-

| | | | | | | |
|---|---|---|---|---|---|---|
| **မြို့အမည်-** | ဗန်းမော်၊ | မိုးညှင်း၊ | မိုးကောင်း၊ | တနိုင်း၊ | ဟိုပင်၊ | ရွှေကူ |
| **အကျယ်အဝန်း(ဧက)-** | ၂၀.၄၅၊ | ၁၀.၅၊ | ၆.၀၁၊ | ၂၀.၀၁၊ | ၁.၁၄၈၊ | ၆.၆၂ |

၂။ အဝေးပြေးယာဉ်ရပ်နားစခန်းအား ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကာ ဆောင်ရွက်လိုသူများအနေဖြင့် မိမိတို့နှစ်သက်ရာမြို့တွင် ဆောင်ရွက်နိုင်ပြီး အဆိုပြုတင်ဒါလျှောက်လွှာများကို ကြော်ငြာသည့်ရက်မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူ၍ ၁၀-၆-၂၀၁၆ ရက် ညနေ ၃း၀၀ နာရီ နောက်ဆုံးထား၍ အဆိုပြုတင်ဒါများကို တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **ဖုန်း-၀၇၄-၂၆၀၆၂၊ ၀၇၄-၂၆၀၆၄**

**ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ မြစ်ကြီးနားမြို့**

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပြည်ထဲရေးဝန်ကြီးဌာန
### အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ချင်းပြည်နယ်ရုံး၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာအတွင်း၌ ဝန်ထမ်းများနေထိုင်နိုင်ရန် (၂)ခန်းတွဲ (၃)ထပ် သံကူကွန်ကရစ်အမျိုးအစား အခန်း(၆)ခန်းပါ ရေ၊ မီး၊ မိလ္လာ၊ လျှပ်စစ်အပါအဝင် ဝန်ထမ်းနေအိမ်(၁)လုံး တည်ဆောက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
(က) **မြေနေရာအကျယ်အဝန်း** - အလျား ၆၀ပေ×အနံ ၄၈ပေ
(ခ) **အဆောက်အအုံအကျယ်အဝန်း** - အလျား ၅၆ပေ ၆လက်မ× အနံ ၃၇ပေ×အမြင့် ၃၂ပေ
(ဂ) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၅-၂၀၁၆ ရက်
(ဃ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၆-၆-၂၀၁၆ ရက်
(င) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၁၄-၆-၂၀၁၆ ရက် ၁၆း၀၀ နာရီ
(စ) **တင်ဒါဖွင့်မည့်ရက်** - ၁၇-၆-၂၀၁၆ ရက်
**အချိန်** - ၁၄း၀၀ နာရီ
**နေရာ** - ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၃-၅-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ချင်းပြည်နယ်၊ ဟားခါးမြို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် စတင်ရောင်းချမည်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင်စုံစမ်းနိုင်ပါသည်-
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**
**ချင်းပြည်နယ်၊ ဟားခါးမြို့၊**
**ဖုန်း-၀၇၀-၂၁၈၄၂၊ ၀၇၀-၂၂၀၀၇**

---

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း(မေတ္တာမွန်)၊ သိုလှောင်ရုံဝင်းအတွင်းရှိ ပျက်စီးနေသော သိုလှောင်ရုံ (၆)လုံး (သိုလှောင်ရုံအမှတ်၊ ၄၈၊ ၅၂၊ ၅၃၊ ၇၀၊ ၇၁ နှင့် ၈၃) စုစုပေါင်း (1) Lot အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ဖျက်သိမ်းရောင်းချမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၅-၂၀၁၆ ရက်မှ ၃၁-၅-၂၀၁၆ရက်အထိ(ရုံးချိန်အတွင်း)
၃။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန်** - ၁၆-၆-၂၀၁၆ရက် (ကြာသပတေးနေ့) - ၁၂း၀၀ နာရီ
၄။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၆-၆-၂၀၁၆ရက် (ကြာသပတေးနေ့) ၁၃း၀၀ နာရီ
၅။ **တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်းနှင့်ဖွင့်လှစ်ခြင်း ပြုလုပ်မည့်နေရာ** - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်းသစ်၊ (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်။
၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့သို့ စုံစမ်းနိုင်ပါသည်။

**သိုလှောင်ရုံများဖျက်သိမ်းရောင်းချရေးကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ညွှန်ကြားရေးမှူး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မုံရွာခရိုင် ချင်းတွင်းမြစ် ရေဘေးကာကွယ်ရေးတာ (တောင်ပိုင်း) HFL အထက် ၃ ပေမြှင့်တင်ခြင်း(မြေကြီး)လုပ်ငန်းနှင့် တည်ဆောက်ရေးပစ္စည်းများအတွက် အောက်ပါအတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့
**တင်ဒါလျှောက်လွှာပိတ်ရက်** - ၁-၆-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)၊ ၁၆း၀၀ နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ၁၈-၅-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၇၁-၂၃၆၂၅၊ ၀၇၁-၂၃၆၂၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ငွေအကျေပေးသွင်းရန်အသိပေးကြေညာချက်

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချခဲ့သော အောက်ဖော်ပြပါ အိမ်ရာစီမံကိန်းများရှိ တိုက်ခန်း၊ ShopHouse လုံးချင်းတိုက်များကို ဝယ်ယူခွင့်ရထားသူ ပုဂ္ဂိုလ်များသည် ငွေပေးသွင်းရမည့်ကာလထက် များစွာကျော်လွန်နေပါသောကြောင့် ကြော်ငြာပါသည့်ရက်မှစ၍ ၄၅ရက်အတွင်း နောက်ဆုံးထား ငွေအကျေပေးသွင်းပါရန်နှင့် သတ်မှတ်ရက်အတွင်း ငွေအကျေပေးသွင်းခြင်း မရှိပါက ဝယ်ယူခွင့်ရရှိမှုကိုလည်းဖျက်သိမ်း၍ အခြားဝယ်ယူခွင့်ရရှိသူ ပုဂ္ဂိုလ်များအား ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အင်းဝအိမ်ရာ**
(၂/၂၀၃)(၇/၀၀၄)(၈/၂၀၁)(၁၁/၃၀၁)(၂၀/၀၀၁)(၂၃/၀၀၃)
(၂၃/၁၀၄) (၃၀/၀၀၄)(၃၃/၂၀၂)(၃၄/၄၀၁)(၄၀/၀၀၁)(၄၀/၁၀၂)
(၄၀/၃၀၃)(၄၁/၁၀၄)(၄၁/၂၀၁)(၄၃/၁၀၃)(၄၃/၃၀၂)(၄၅/၀၀၂)
(၄၅/၀၀၄)(၄၅/၂၀၁)(၄၇/၀၀၂)(၄၇/၁၀၂)(၄၇/၁၀၄)(၄၇/၂၀၂)
(၄၈/၂၀၁)(A/၂၀၅)(B/၁၀၅)(B/၂၀၄)(C/၀၀၁)
(ခ) **သာကေတမြို့နယ်၊ WaterFront Villa(3) လုံးချင်း**
(၂၆-B)
(ဂ) **လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန် (Shop House)**
(၃/၀၀၁)(၃/၀၀၂)(၃/၂၀၁)(၄/၁၀၂)(၅/၁၀၁)(၅/၂၀၂)(၆/၀၀၁)
(၆/၃၀၁)(၆/၃၀၂)(၇/၂၀၁)(၁၃/၀၀၁)(၁၃/၂၀၁)(၁၃/၂၀၂)
(၁၃/၃၀၂)(၁၄/၀၀၁)(၁၄/၂၀၂)(၁၄/၃၀၂)(၁၆/၁၀၁)(၁၆/၂၀၁)
(၁၆/၂၀၂)(၁၆/၃၀၁)(၁၆/၃၀၂)(၁၇/၀၀၁)(၁၇/၂၀၂)(၁၇/၃၀၁)
(၁၇/၃၀၂)(၁၈/၀၀၁)(၂၂/၂၀၁)(၂၂/၃၀၁)(၂၂/၃၀၂)
(ဃ) **ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၃) (Shop House)**
(၄/၀၀၄)၊ (၅/၁၀၂)၊(၇/၂၀၂)

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ဖုန်း-၀၆၇-၄၀၇၇၀၁**

---

### စက်မှုဝန်ကြီးဌာန
### အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
### စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ(သန်လျင်) ဆပ်ပြာမှုန့်စက်ရုံ(ရန်ကုန်) ဖိနပ်စက်ရုံခွဲ(ဖော့ကန်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ(သန်လျင်)၊ ဆပ်ပြာမှုန့်စက်ရုံ(ရန်ကုန်)၊ ဖိနပ်စက်ရုံခွဲ (ဖော့ကန်) အသုံးမလိုပိုလျှံနေသော Generator စက်နှင့်စက်ပစ္စည်းများအုပ်စု (၃)မျိုးတို့အား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါရောင်းချမည်ဖြစ်ပါသည်-
၁။ **တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ** - ၂၀-၅-၂၀၁၆ ရက်
**ရောင်းချမည့်ရက်၊ အချိန်၊ နေရာ** - ၁၀း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း နည်းပညာဖွံ့ဖြိုးရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်
၂။ **တင်ဒါတင်သွင်းမည့် ရက်၊ အချိန်၊ နေရာ** - ၂၀-၅-၂၀၁၆ ရက် ဦးဆောင်ညွှန်ကြားရေးမှူးရုံးအဖွဲ့ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၃၇)၊ နေပြည်တော်
၃။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၀-၆-၂၀၁၆ ရက် ၁၆း၀၀ နာရီ
၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၃၂၊ ၄၀၈၁၉၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံရောင်းချရေးအဖွဲ့**
**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၀၀၉၀)၊ ဧရိယာ ၀ဒသမ ၁၁၀ဧက၏ အမည်ပေါက် ဦးတင်ထွန်းအောင် (လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစား) ကွယ်လွန်သွားပါသဖြင့် ၎င်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အောင်(ခ)ရီရီအောင် ၉/ပမန(နိုင်)၁၂၅၈၀၁ (ဘ) ဦးအောင်ရွှေမှ အမွေခံဇနီးဖြစ်ကြောင်း စာရွက်စာတမ်းအထောက်များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အပိုပစ္စည်းများရောင်းရန်၊ ဂိုဒေါင်ရှင်း

စက်ယန္တရားနှင့် ကားအပိုပစ္စည်းများ
ပုတ်ပြတ်ရောင်း ရှိသည်။
**ဆက်သွယ်ရန် ဖုန်း-၀၉-၇၈၅၀၈၄၂၁၅**

---

## အများသိစေရန် သတိပေးကြေညာချက်

ပေါင်မြို့နယ်၊ မုတ္တမကျေးရွာ၊ အမှတ်(၂)၊ ဇက်ဆိပ်ရပ်ကွက်ရှိ ဆီဆုံကုလားစုတောင်၊ ကွင်းအမှတ်(၆)၊ ဦးပိုင်အမှတ်(၁/N)၊ မြေဧရိယာ ၀ဒသမ ၀၅၄ဧကရှိ ဒေါ်နန်း အမည်ပေါက်ခြံမြေနှင့် ယင်းခြံမြေပေါ်ရှိ နေအိမ်တစ်လုံးအား ဒေါ်နန်း၏ အမွေဆက်ခံသူ မြေးဖြစ်သူ ဒေါ်အိသဲ ၁၀/ပမန(နိုင်)၂၀၁၁၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မိုးနှင်းဝေ PAG-၂၁၆၆၂၇ က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအိမ်ခြံမြေနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ဝင်း**
**အထက်တန်းရှေ့နေ (စဉ်-၃၆၅၈၉)**
**အမှတ် ၂၊ ဇက်ဆိပ်ရပ်ကွက်၊ မုတ္တမကျေးရွာ၊**
**ပေါင်မြို့နယ်၊ မွန်ပြည်နယ်**

---

### ရွှေဥက္ကလာရေသန့်စက်ရုံမှ
## အလိုရှိသည်

ယာဉ်မောင်း (၂)ဦး
ဝန်ထမ်း ကျား(၅)ဦး မ(၅)ဦး
ညစောင့် (၁)ဦး
နယ်ဝန်ထမ်း ဦးစားပေးမည်။
နေရန်၊ စားရန် စီစဉ်ပေးမည်။
**အမှတ်(၁၉)**
**သုနန္ဒာလမ်းနှင့်ဘုမ္မာလမ်းထိပ်**
**မြောက်ဥက္ကလာပ၊ ရန်ကုန်**
**ဖုန်း-၀၉-၅၁၆၂၅၀၆၊**
**၀၉-၄၄၈၀၀၂၆၂၄**

---

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၅၈၀၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**



# သင့်သီရိဂေဟာ အတွက် ဖုန်းရွှေမင်္ဂလာ

ဝင်းဇော် (သစ်တော)

**မင်္ဂလာရှိအောင် အိမ်ဆောက်ပါ။ မင်္ဂလာရှိသော အိမ်ကိုဝယ်ပါ။**

- မြေ၊ ခြံစည်းရိုး၊ သစ်ပင်၊ ခြံလမ်း၊ အိမ် ရွေးချယ်ပြုပြင်နည်း
- အိမ်တံခါးမကြီး၊ ဘုရားစင်၊ ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုချောင် ဖုန်းရွှေ
- ရေချိုးခန်း၊ ကြမ်းခင်းမျက်နှာကျက်၊ လှေခါး၊ ထမင်းစားပွဲဝိုင်း ဖုန်းရွှေ
- လာဘ်လာဘ ဖုန်းရွှေနှင့် ယတြာဖုန်းရွှေ များပါဝင်တယ်။



# ဆရာကြီး မင်းသိင်္ခ ၏ မနောမယ ဂမ္ဘီရကျင့်စဉ်များ

စုဆောင်းဖော်ထုတ်ရေးသားသူ ဝင်းဇော် (သစ်တော)

သိဒ္ဓိဓာတ်ကို ရင့်ကျက်အောင်လုပ်တဲ့နေရာမှာ အကောင်းဆုံး အမြင့်ဆုံး ကတော့ မေတ္တာဓာတ်ပဲ။ ဝေဒနာဓာတ်နဲ့ မေတ္တာဓာတ်ပေါင်းစပ်လိုက်ရင် အလွန်ကြီးမားတဲ့ ဓာတ်ကြီး ဖြစ်သွားတယ်။
စိတ်ဓာတ်ဟာ ဘာလဲဆို . . .
သူများက ကိုယ့်ကိုချစ်ဖို့ကြိုးစားတာထက် . . .
ကိုယ်ကနေ သူများကို ချစ်နိုင်အောင် ကြိုးစားရတယ်။
လူမှုဘဝတိုးတက်အောင်မြင်မှုအတွက် လွယ်ကူ ထူးခြားတဲ့ ကျင့်စဉ်များ။



# မရမ်းတလင်းအယူတော်မင်္ဂလာ ကောင်းကျိုးပေးစေသော နာမည်မှည့်ခေါ်နည်းများ

ဆရာကြီးမင်းသိင်္ခ ၏ သင်ကြားပို့ချချက်များစုစည်းမှု ဝင်းဇော်(သစ်တော)

မြန်မာလူမျိုးမှန်ရင် မြန်မာနာမည်ရှိရမယ် ...
ရုပ်ရှင်ဂီတ၊ သဘင်စသည့်အနုပညာလုပ်ငန်းများစွာ အောင်မြင် ဖို့အတွက် ...
နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး စသည့်လူမှုဘဝတွေမှာ ထူးချွန်စေဖို့အတွက် ...
အရောင်းဆိုင်၊ ကုမ္ပဏီလုပ်ငန်းတွေ အမည်ပေးမယ်ဆိုရင် ...

**မရမ်းတလင်းစာပေ - ဖုန်း - 09 7300 2965 ၊ 01 543297**

# မင်းသိင်္ခ မိုး နဲ့ မြေ

ငရုပ်သီးစားရင်စပ်တယ်ဆိုတာ သိဖို့ တစ်တောင့်လုံးကုန်အောင် စားဖို့မလိုပါဘူး၊ တစ်တောင့်မကုန်ခင်သိနိုင်တဲ့ ကိစ္စပါ။
မိုးကို မျှော်မှန်းတဲ့လူပါ... ဒါပေမယ့် မိုးကို မရောက်ရှာဘူး...
ဒါကြောင့် သူ့ဂူမှာ "မိုးနဲ့မြေ" လို့ပဲ ကဗ္ဗည်းတပ်လိုက်ရတော့တယ်...

# မင်းသိင်္ခ ပတ္တမြားမိုး

၁၉၃၀ ဧပြီလ (၁၄) ရက် သင်္ကြန်တွင်းကာလက ရန်ကုန်မြို့နှင့် ရွှေတိဂုံဘုရားပေါ်တွင် ပတ္တမြားမိုးရွာသွန်းကြဖြန်းခဲ့သည့် သမိုင်း အထောက်အထားနောက်ခံဝတ္ထုကြီး . . .
ပတ္တမြားမိုးကြောင့် သူဌေးကြီးဖြစ်ခဲ့ရပြီးနောက် ထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းလိုက်လံကျင့်ကြံခဲ့တဲ့ ဆရာမှတ်ကြီးဆိုသူအကြောင်း . . .

# မင်းသိင်္ခ မိုး နဲ့ အတူ

လုပ်ငန်းတစ်ခုလုပ်တဲ့နေရာမှာ ခက်တဲ့နေရာ နှစ်နေရာရှိတယ် . . . အဲဒါကတော့ အစနဲ့ အဆုံးပဲ၊
ကိုယ်လိုချင်တာကို ရအောင်လုပ်နိုင်တဲ့အဖြစ်ဟာ အောင်မြင်ခြင်း ပေါ့ကွာ။

(၁၃၅၂/က)၊ ဘုမ္မာလမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Tel : 09 25 22 99 559 , 09 31058 787 https://www.facebook.com/bommarwaddy.books


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/6480 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၈၃၈၅ Honda C90 Custom MV M/C KB 110 ယာဉ်လက်ဝယ်ရှိသူ ဒေါက်တာခင်မောင်ဦး ၈/မကန(နိုင်)၀၀၈၂၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/4592 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများ၏ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြော်ငြာချက်

အမှတ် (၁၇၉)၊ တွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်း၊ စက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကုမ္ပဏီရုံးခန်း ဖွင့်လှစ်ထားသော ကျွန်ုပ်၏အမှုသည်ဖြစ်သူ UNITED BEAUTY PALACE MYANMAR COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-၁၀၂၇ အက်ဖ်စီ/ ၂၀၁၄-၂၀၁၅) ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြော်ငြာအပ်ပါသည်။

ကျွန်ုပ်အမှုသည် သည် အောက်တွင်ဖော်ပြထားသော ActivFresh, NeoClean, CavitEx, Deep Clean, Fresh Action, Cavity Care စသည့် ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများဖြင့် သွားတိုက်ဆေး၊ သွားတိုက်တံအမျိုးမျိုး၊ ဆပ်ပြာအမွှေးခဲ၊ ဆေးဆပ်ပြာ၊ ဆပ်ပြာခရင်မ်၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာအရည်၊ ခံတွင်းသန့်စင်ဆေးရည်၊ ခံတွင်းသန့်စင်စပရေး၊ ခေါင်းလျှော်ရည်၊ ခေါင်းလိမ်းဆီ၊ Hair Gel, Hair Coat, Body Lotion လက်သန့်စင်ဆေးရည်နှင့် Gel အမျိုးမျိုး၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် မိမိတစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲအသုံးပြုရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ActivFresh | NeoClean | CavitEx | Deep Clean | Fresh Action | Cavity Care |

ကျွန်ုပ်အမှုသည်က အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများကို မိမိတစ်ဦးတည်း မူပိုင်အဖြစ် အသုံးပြု၍ အထက်ဖော်ပြပါ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရာ၌ တရားဝင် သုံးစွဲလျက်ရှိပါသည်။ နောင်တွင်လည်း ဆက်လက် သုံးစွဲသွားမည် ဖြစ်ပါသည်။

ထို့ပြင် ယင်းကုန်တံဆိပ် အမည်အမှတ်အသားများကို လူသုံးကုန်များနှင့် အလှကုန်ပစ္စည်းများနှင့် ယင်းပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်း၊ ထုပ်ပိုးချည်နှောင်သည့် ဗူး၊ အိတ်၊ ပုလင်း၊ အထုပ်၊ ပါဆယ်ထုပ်၊ သေတ္တာ အစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ စာရွက်စာတမ်း၊ ခါတ်ပုံ၊ ပလာစတာ၊ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ စာနယ်ဇင်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး၊ ရုပ်ရှင်၊ တီဗွီ၊ မဂ္ဂဇင်း၊ ငွေပြေစာဖြတ်ပိုင်း Letter Head, Internet, Website အစရှိသည်တို့အပေါ်တွင်လည်းကောင်း အရောင်၊ အရွယ်အစား၊ ပုံသဏ္ဌာန် အမျိုးမျိုးတို့ဖြင့် ရိုက်နှိပ်၊ ကပ်နှိပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများကို ကျွန်ုပ်အမှုသည်မှလွဲ၍ အခြားသူ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အများကဖြစ်စေ၊ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆင်တူယိုးမှားသော်လည်းကောင်း၊ ပုံတူ ထင်ယောင်ထင်မှားသော်လည်းကောင်း တုပပြုလုပ် သုံးစွဲအသုံးပြုပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဦးတင်ယု၊ တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၉၈)**
**အမှတ်-၂၉ (တတိယထပ်)၊ (၃၅)လမ်း၊ အောက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၅၃၂၆၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၅၈၈၈၆ Kenbo KB 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိမိကြွယ် ၉/အမဇ(နိုင်)၀၀၁၃၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၆၆၃၁၉ Honda Dream C 100 M M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင် ၉/မရတ(နိုင်) ၀၇၁၂၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/1517 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G-9511 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/8909 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/7878 Toyota Landcruiser, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသောင်း(ခ)ရွှေဘို ၁၂/သဃက(နိုင်)၀၉၅၆၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တိုးချဲ့၊ မြေကွက်အမှတ် ၈၀၃၊ မြေကွက်တည်နေရာအမှတ် ၈၀၃၊ စပါယ်(၅)လမ်း၊ (ဦးသာထွန်း)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးသာထွန်းထံမှ အရပ်စာချုပ်(၁)ဆင့်ဖြင့် ရရှိသူ ဦးအောင်ခင်ကျော် ၁၂/ဥကမ(နိုင်) ၀၉၄၁၅၂ မှ ပါမစ်မူရင်း(မပြည့်စုံ) (ရွှေ့ပြောင်းသူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်)တို့ တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြေကွက်အမှတ် ၁၀၁၃/က၊ မြေကွက်တည်နေရာအမှတ် ၁၀၁၃/က၊ ဝဇီယာ(၇)လမ်း၊ ဦးထွန်းရီ အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးထွန်းရီထံမှ အရပ်စာချုပ်(၁)ဆင့်ဖြင့်ရရှိသူ ဦးကျော်လင်း ၁၂/အစန(နိုင်)၀၂၃၈၀၈ မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ သုဝဏ္ဏ(ရွှေဝါဆန်)၊ မြေကွက်အမှတ် ၇၆၊ မြေကွက်တည်နေရာအမှတ် ၇၆၊ သစ္စာပန်းလမ်း၊ (၂၉)ရပ်ကွက်၊ သင်္ဃန်းကျွန်း ဦးကျော်ဖူး (ခ)ဦးအုံးမြင့် (ZLN-၀၂၁၄၉၂) အမည်ပေါက်ပါမစ်မြေကွက်အား အမည်ပေါက် ဦးကျော်ဖူး(ခ)ဦးအုံးမြင့်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် (၂)ဆက်မြောက် ဝယ်ယူထားသူ အောင်ကင်တီး(ခ) အင်ကင်တီး(ခ)ဒေါ်အေးခိုင် ၁၂/ပဘတ(နိုင်) ၀၂၃၂၈၃ မှ ပါမစ်မူရင်းနှင့်အရောင်းအဝယ်ကတိစာချုပ်တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်လှ(ဖောင်ကြီး)
## အသက် (၈၇)နှစ်

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ စိုးနိုင်၏ချစ်လှစွာသော ဖခင်ဦးမောင်လှသည် ၁၃-၅-၂၀၁၆ရက်(သောကြာနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစောဒိုစီး-ဒေါ်နီလာစော**
**ကမ္ဘာ့သိန်းဆောက်လုပ်ရေး သထုံမြို့ နှင့်**
**Win Excellent Co.,Ltd.**
**Stylish Myanmar Co.,Ltd.**
**Ruby weighing & trading Co.,Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဇော်ထွန်း
## Chairman
## (Pinlon Group of Hospitals)
## အသက်(၅၅)နှစ်

ဒေါက်တာဒေါ်ငွေးငွေးကြည်၏ခင်ပွန်း၊ မောင်ကောင်းမြတ်၊ မစိမ်းလဲ့ရည်တို့၏ ဖခင်၊ ပင်လုံဆေးရုံ၊ ရွှေဂုံတိုင်ဆေးရုံ၊ ဥတ္တရသီရိဆေးရုံ-နေပြည်တော် ၊ Universal Medical Centre Co., Ltd. ၏ ဥက္ကဋ္ဌ ဒေါက်တာဇော်ထွန်းသည် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၁၅နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်အက်စ်ခေါင်နန်း**
**May & Mark Gems**
**Palm Spring Group**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမောင်လှ(ဖောင်ကြီး)
## အသက် (၈၇)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ မြရည်နန္ဒာလမ်း၊ အမှတ် (C537-A)နေ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်၏ ဖခင် ဦးမောင်လှသည် ၁၃-၅-၂၀၁၆ရက်(သောကြာနေ့)နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စက်ရုံမှူးနှင့်ဝန်ထမ်းများ**
**အမှတ်(၄)အထည်စက်ရုံ(ပွင့်ဖြူ)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်စာရေးဂန်ဒီး ၁၂/အစန(နိုင်)၁၇၆၃၁၅၏ နိုင်ငံကူးလက်မှတ် MA-388670 သည်ပြည်တွင်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ စာရေးဂန်ဒီး

ဖုန်း-၀၉-၂၅၄၀၀၅၇၂၇

## ၁နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## ရဲမှူးကြီး အောင်ထွန်းထွန်းလွင်

**'မောင်'**

ခွဲခွာသွားတာ (၁)နှစ်ပြည့်သွားပြီဖြစ်သော်လည်း ရင်ထဲမှာ ထာဝရအမှတ်ရနေဆဲ‥

**ဘေဘီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆၀)၊ မြေကွက်အမှတ်(၂၁၀၅)အား အမည်ပေါက် ဦးစံတင် AF-၀၅၅၉၇၅ ထံမှဝယ်ယူထားသူ ဒေါ်သီသီဦး ၁၂/ဒဂတ(နိုင်)၀၀၃၄၂၄မှ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရင်ရင်မော် (ကြံခင်း)
## ရင်ရင်မော် (အာမခံ)
## ကန်တော့ခံသက်ကြီးစာပေပညာရှင်
## အသက်(၉၄)နှစ်

ကြံခင်းမြို့နေ (အငြိမ်းစားရှေ့နေကြီးဦးစံဘ-ဒေါ်ဒေါ်ဆင့်)တို့၏သမီး၊ (ဒေါ်တင်မော်)၊(ဦးမောင်ကို)၊ (ကိုစိန်ဝင်း)၊(ဦးဘာဘာ-ဒေါ်လှစိန်)၊ (ဦးခင်လှိုင်-ဒေါ်တင်ကြည်)တို့၏ညီမ၊ တူ/တူမ ၁၇ယောက်တို့၏ဒေါ်လေး၊ မြေး ၂၅ယောက်တို့၏ ဘွားလေး၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၅-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် အမှတ် ၉၆၂၊ ဗိုလ်ဖိုးစောလမ်း၊ (၂၈) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဦးအောင်ခိုင်-ဒေါ်မာမာချိုတို့၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍၂၃-၅-၂၀၁၆ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူ တူ၊ တူမများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရင်ရင်မော် (ကြံခင်း)
## ရင်ရင်မော် (အာမခံ)
## ကန်တော့ခံသက်ကြီးစာပေပညာရှင်
## အသက်(၉၄)နှစ်

ကြံခင်းမြို့နေ (အငြိမ်းစားရှေ့နေကြီး ဦးစံဘ-ဒေါ်ဒေါ်ဆင့်)တို့၏သမီး၊ (ဒေါ်တင် မော်)၊ (ဦးမောင်ကို)၊ (ကိုစိန်ဝင်း)၊(ဦးဘာဘာ-ဒေါ်လှစိန်)၊ (ဦးခင်လှိုင်-ဒေါ်တင်ကြည်)တို့၏ညီမ၊ တူ/တူမ ၁၇ယောက်တို့၏ဒေါ်လေး၊မြေး၂၅ယောက်တို့၏ဘွားလေး၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် အမှတ် ၉၆၂၊ ဗိုလ်ဖိုးစောလမ်း၊ (၂၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဦးအောင်ခိုင်-ဒေါ်မာမာချိုတို့၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင်ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၆ရက်(တနင်္လာနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကြံခင်းမြို့နယ်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)
## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
## ဦးပီတာသောင်းစိန်
## အသက်(၅၉)နှစ်

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးပီတာသောင်းစိန်သည် ၁၁-၅-၂၀၁၆ရက် နံနက် ၈း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုးကန့်ဒေသလွှတ်တော်ကိုယ်စားလှယ်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းစိန် အသက်(၆၅)နှစ်
## ခရိုင်စာရင်းစစ်မှူး(ငြိမ်း) တာချီလိတ်မြို့

ဦးမောင်မောင်စိန်-ပါမောက္ခဒေါက်တာ ရင်ရင်စိန် [သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်]တို့၏အစ်ကိုကြီး ဦးမင်းစိန်သည် ၁၁-၅-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းစိန် အသက်(၆၅)နှစ်
## ခရိုင်စာရင်းစစ်မှူး(ငြိမ်း) တာချီလိတ်မြို့

ဦးမောင်မောင်စိန်-ပါမောက္ခဒေါက်တာ ရင်ရင်စိန်[သားဖွား မီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်]တို့၏အစ်ကိုကြီး ဦးမင်းစိန်သည် ၁၁-၅-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခများနှင့်**
**သားဖွားမီးယပ်အထူးကုဆရာဝန်များ**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဇော်ထွန်း
## အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဓမ္မစကြာကျောင်းနေ ဦးဇောတိကနှင့် မရမ်းကုန်းမြို့နယ် မေခလမ်း၊ အမှတ် ၁၄(စီ)နေ ဒေါ်ခင်သန်းမြင့်တို့၏သား၊ ဒေါက်တာဒေါ်ငွေးငွေးကြည် ၏ချစ်လှစွာသောခင်ပွန်း ဒေါက်တာဇော်ထွန်းသည် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၀၀း၁၅နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်ဝင်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)နှင့် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဇော်ထွန်း (ရွှေဂုံတိုင် SSC)နှင့် ပင်လုံဆေးရုံ
## ဥတ္တရသီရိဆေးရုံ(နေပြည်တော်)
## Chairman (Universal Medical Centre Co.,Ltd.)
## အသက်(၅၅)နှစ်

ဒေါက်တာဦးဇော်ထွန်းသည် ၁၅-၅-၂၀၁၆ရက် နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မောင်ပြည့်စုံနိုင်နှင့် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးဇော်ထွန်း
## Chairman
## Pinlon Group of Hospitals
## အသက်(၅၅)နှစ်

ဒေါက်တာဒေါ်ငွေးငွေးကြည်၏ ချစ်လှစွာသော ခင်ပွန်း ဒေါက်တာ ဦးဇော်ထွန်းသည် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၁၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးယောဆက်မိသားစုနှင့်**
**ဟိုတယ်ဝန်ထမ်းများအားလုံး**
**ရွှေလိပ်ပြာဟိုတယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဇော်ထွန်း
## Chairman
## (Pinlon Group of Hospitals)
## ပင်လုံဆေးရုံ၊ ရွှေဂုံတိုင်ဆေးရုံ၊ ဥတ္တရသီရိဆေးရုံ နေပြည်တော်
## Universal Medical Centre Co., Ltd.
## အသက်(၅၅)နှစ်

ပင်လုံဆေးရုံအုပ်စု၏ Chairman ဖြစ်သော ဒေါက်တာ ဇော်ထွန်း အသက် (၅၅)နှစ်သည် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခ ဦးမြင့်သိန်း(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်အထူးကုဆရာဝန်ကြီး)နှင့်**
**ပါမောက္ခ ဒေါ်မိမိချို(ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီး)**

## မြိတ်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးကန်တော့ခံ
## ဒေါ်ကျင်ဝါ(မြိတ်) အသင်းဝင်အမှတ်(၅၄၇) အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက် မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်၂လမ်း၊ အမှတ်၄/မြေညီထပ်၊ ခြေရင်းခန်းနေ(ဦးဘမောင်)၏ဇနီးသည် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

## ရဟန်းဒါယိကာမကြီး
## ဒေါ်တင်တင်ရီ(ခ) DAISY အသက်(၈၃)နှစ်
## တောတိုက်ယောဂီ
## တရားရုံးချုပ်(ငြိမ်း)

ရန်ကင်းမြို့နယ်နေ(ဦးထွန်း-ဒေါ်အုန်း)တို့၏သမီး၊ ဖျာပုံမြို့နေ (ဦးစစ်အေး-ဒေါ်စိန်မှုန်)တို့၏သမီးချွေးမ၊ (ဦးအေး ကျော်)၏ဇနီး၊ (ဦးဇော်မင်း)၊ (ဦးရဲမင်း)၊ ဦးဝင်းသိန်း-ဒေါ်နွယ်နွယ်အောင်၊ ဒေါ်သဇင်အေး၊ ဦးမြင့်ကျော်-ဒေါ်သီဂီအေး၊ ဦးကျော်လင်း-ဒေါ်ဥမ္မာအေးတို့၏မိခင်၊ ဗိုလ်ကြီးကြည်ဦး(ရေ) ငြိမ်း-ဒေါ်ယဉ်ယဉ်သက်၊ ဒေါ်ရီရီသိန်း (Tun Foundation Bank)တို့၏အစ်မ၊ တူ၊ တူမလေးယောက်တို့၏ကြီးကြီး၊ မောင်အောင်ပြည့်ဖြိုး၊ မနှင်းဝေဖြိုး၊ မောင်အောင်အောင်သန့်၊ မယဉ်ချောချစ်၊ မောင်မိုးမြင့်ကျော်(ခ)Marlin Kyaw တို့၏အဘွားသည် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက်၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၆ရက် (တနင်္လာနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ ရပ်ကွက်၊ သုမနလမ်း၊ အမှတ်၅၆၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်မြင့်မြင့်စိန် (လတ်လတ်) အသက်(၆၉)နှစ်
## စိန်မီးမီးစားသောက်ဆိုင်၊ တည်းခိုခန်း
## (ချောင်းသာ၊ နေပြည်တော်)
## နတ်မော်ကျေးရွာ၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်

ချောင်းဆုံမြို့နယ်၊ ဘီလူးကျွန်း၊ နတ်မော်ကျေးရွာနေ (ဦးသိန်းဟံ-ဒေါ်မေဒီ)တို့၏သမီး၊ (ဦးစံမြ)-ဒေါ်ခင်လှ၊ ဒေါ်ခင်အေး(ဒေါ်ကြီး)တို့၏ညီမ၊ ဦးတင်လှိုင်(ကချင်ပြည်နယ်စာရင်းစစ်ချုပ်)-ဒေါ်ခင်ဥ(ငယ်ငယ်)တို့၏အစ်မ၊ ဒေါ်စံစပယ်ဦး(မီးမီး)၊ ဦးမင်းသန်းထိုက်စိုး၊ ဦးအောင်မြင့်မိုး-ဒေါ်မိမိစံ၊ မအိအိစံ၊ မောင်သိန်းထွဋ်စံ(ဝေကြီး)တို့၏အဒေါ်၊ မမိုးပွင့်စံ၊မောင်ဘုန်းပြည့်မိုးတို့၏အဘွားသည် ၁၆-၅-၂၀၁၆ရက် (တနင်္လာနေ့) ညနေ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် နေပြည်တော် ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မောင်လှိုင်မျိုးဦး(ခ)ဖားကြီး အသက်(၃၈)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက် ၁၄၂၊ ၁၇လမ်းနှင့်၁၈လမ်းကြား၊ ၈၃လမ်း၊ ကသဲဝင်းနေ (ဦးစောနိုင်-ဒေါ်ကြူကြူ)တို့၏သား၊ မနှင်းနှင်းရီ၊ မနုနုလွင်တို့၏မောင်၊ မောင်သန့်စင်နိုင်၏ညီသည် ၁၆-၅-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက်၁၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ မောင်လှိုင်မျိုးဦး(ခ)ဖားကြီး၏ နာရေးကိစ္စအဝဝတွင် လိုအပ်ချက်မရှိအောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော ဆရာ၊ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ၊ သူငယ်ချင်းများ၊မိတ်ဆွေအပေါင်းအသင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ဇာခြည် BE.Chemical အသက်(၃၁)နှစ်
## (သန်လျင်)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စ/သုမင်္ဂလာအိမ်ရာ၊တိုက် (၂၆/၄)၊ အခန်း၃၀၁နေဦးခင်မောင်ဦး-ဒေါ်ကြူကြူထွန်းတို့၏သမီး၊ ဦးတင်စိုး-ဒေါ်ခင်အုန်းငွေတို့၏သမီးချွေးမ၊ ဗိုလ်ကြီးနေမင်းစိုး(နေပြည်တော်)၏ ချစ်လှစွာသော ဇနီး၊မခင်ကြည်သာခန့်၏မိခင်၊ ဗိုလ်ကြီးကျော်စွာဝင်း-ဒေါ်ခင်သစ္စာ (နည်းပညာတက္ကသိုလ်၊ ပုသိမ်)တို့၏ညီမ၊ မောင်ကျော်ဇင်ဝင်း၏အဒေါ်သည် ၁၆-၅-၂၀၁၆ ရက်ည ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးကြိုင်အေး(ငြိမ်း)
## အသက် (၇၆)နှစ်

သူငယ်ချင်း ဗိုလ်မှူးလှဘုန်း(ငြိမ်း)-ဒေါ်နီလာသွယ်တို့၏ ဖခင်သည် ၁၀-၅-၂၀၁၆ရက်(အင်္ဂါနေ့) ည၁၁း၄၀နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၈၈)မှသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဖိုးချို (ညောင်ဦးဖိုးချို)
## ဥက္ကဋ္ဌ၊ ပုဂံညောင်ဦးမြို့နယ်အသင်း
## အသက် (၇၂)နှစ်

ညောင်ဦးမြို့၊ ထွန်းဘရားသားဓာတ်ပုံတိုက်(ဦးထွန်းသီ-ဒေါ်လေး)တို့၏ သား၊ (ဦးသိန်းမောင်-ဒေါ်မြခင်)တို့၏သားသမက်၊ ဒေါ်ခင်ငွေး(အသောက၊ ကျောက်မြောင်း)၏ ခင်ပွန်းသည် ၁၅-၅-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အမှုဆောင်အဖွဲ့**

**ပုဂံညောင်ဦးမြို့နယ်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးဇော်ထွန်း
## Chairman
## (Pinlon Group of Hospitals)
## ပင်လုံဆေးရုံ၊ ရွှေဂုံတိုင်ဆေးရုံ၊ ဥတ္တရသီရိဆေးရုံ နေပြည်တော်
## Universal Medical Centre Co., Ltd.
## အသက်(၅၅)နှစ်

ဒေါက်တာဒေါ်ငွေးငွေးကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကောင်းမြတ်၊ မစိမ်းလဲ့ရည်တို့၏ ဖခင် ဒေါက်တာဦးဇော်ထွန်းသည် ၁၅-၅-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်း)**
**ဒေါက်တာ ဒေါ်ခင်လေးရီ**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဇော်ထွန်း(ပင်လုံဆေးရုံ)
## အသက် (၅၅)နှစ်

ဒေါက်တာဇော်ထွန်း အသက် (၅၅)နှစ် (ပင်လုံဆေးရုံ) သည် ၁၅-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စင်ရော်မောင်မောင်နှင့် အဖွဲ့သားများ**

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
## ဒေါ်လီလီခင်(ခ)မိုရင်းခင်
## (၁၉-၄-၂၀၁၆- ၁၉-၅-၂၀၁၆)

ငွေရတု၊ ရွှေရတုအပါအဝင် ၅၂ နှစ်တာ ဘဝခရီးတစ်လျှောက်လုံး ချစ်ခင်ကြင်နာမှု၊ နားလည်ခွင့်လွှတ်မှုများစွာဖြင့် မိသားစုနှင့်အတူ လက်တွဲ၍ အေးအတူ၊ ပူအမျှပါရမီဖြည့်ပေးခဲ့တာတွေကို နေ့စဉ်အချိန်အခါမလပ် အောက်မေ့သတိရနေခဲ့တာ ဒီနေ့ဆိုလျှင် တစ်လတိတိပြည့်ခဲ့ပါပြီ။

လွန်ခဲ့ပြီးသော နှစ်များနှင့် ယနေ့ယခုထိ နေ့စဉ်ပြုအပ်သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်အစုစုတို့အပြင် ၁၉-၅-၂၀၁၆ရက်(တစ်လပြည့်)တွင် မေကြီးတွက် အထူးရည်စူး၍ ပြုအပ်သော ပါရမီရိပ်သာ ဝိဇ္ဇောတာရုံစာသင်တိုက်တွင် သံဃာကုန်အရဏ်ဆွမ်းကပ်လှူရသောကုသိုလ်၊ USAတွင် သံဃာအား ဆွမ်း၊ သင်္ကန်းကပ်လှူရသော ကုသိုလ်အရပ်ရပ်တို့အတွက် အမျှ-အမျှ-အမျှ ပေးဝေပါတယ်။

**ချစ်မေမေကြီး မြင့်မြတ်သော ဘုံဘဝမှ အမျှရ၍ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုပြီးလျှင် နိဗ္ဗာန်ဆုကို အမြန်ဆုံးရရှိနိုင်ပါစေ။**

**ချစ်ခင်ပွန်း** - ဦးဝင်းအောင်-ညွှန်မှူး(ငြိမ်း) သိပ္ပံနည်းပညာဝန်ကြီးဌာန၊
**မောင်လေး** - ဦးမောင်မောင်မြင့်
**သားကြီး** - ဦးထွန်းအောင်ငွေ(ခေတ္တ USA)
**သမီးလေး** - ဒေါ်သန်းသစ်ရှိန် (USA)

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအကျုံး
**အသက်(၉၂)နှစ်**

ရှမ်းပြည်နယ် ရွှေနေများအသင်း၏ဥက္ကဋ္ဌ ဦးစိန်ဝင်းချမ်း (တရားလွှတ်တော်ရှေ့နေ၊ တောင်ကြီး)-ဒေါ်ရိမ်ကြည်(လယ်ပြ၊ ငြိမ်း၊ အထက-၃၊ တောင်ကြီး)တို့၏ဖခင် ဦးအကျုံး အသက်(၉၂)နှစ်သည် ၁၄-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရှမ်းပြည်နယ်ရှေ့နေများအသင်း**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဇေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)
**အသက်(၉၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ အမှတ် ၂၄နေ ဒုတိယဗိုလ်မှူးကြီးဘုန်းမြင့်(ငြိမ်း)-ဒေါ်ခင်မွေးတို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)သည် ၁၂-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)မှ သူငယ်ချင်းများနှင့်**
**မိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးထွန်းကြည်(ပခုက္ကူ) အသက်(၈၆)နှစ်
**ကျောင်းအုပ်(ငြိမ်း)**

ဦးစံမြင့်(လ/ထအထွေထွေမန်နေဂျာ၊ မြန်မာ့မီးရထား)-ဒေါက်တာမြင့်မြင့်သန်း(အရှေ့ပိုင်းခရိုင်ဦးစီးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)တို့၏ဖခင်ကြီး ဦးထွန်းကြည်သည် ၁၈-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**ရန်ကုန်အရှေ့ပိုင်းခရိုင်မှဝန်ထမ်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးစံရွှေ
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သစ်ယာလမ်း၊ အမှတ် ၁၈/က၊ လေးလွှာနေ စီးပွားရေးတက္ကသိုလ်၊ မေခဆောင်ကျောင်းသားဟောင်း ဦးရန်နိုင်၏ဖခင် ဦးစံရွှေ အသက်(၈၃)နှစ်သည် ၁၅-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မေခဆောင်ဖောင်ဒေးရှင်း**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါက်တာဇော်ထွန်း (Chairman)
**Pinlon Group of Hospitals**
**အသက်(၅၅)နှစ်**

Pinlon Group of Hospitalsမှ ဒေါက်တာဇော်ထွန်းသည် ၁၅-၅-၂၀၁၆ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာခိုင်ယဉ်မေသန်း၊ မအိသက်မွန်**
**(Meditech Co.,Ltd. မိသားစု)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဒေါက်တာဦးဇော်ထွန်း အသက်(၅၅)နှစ်

Chairman(Pinlon Group of Hospitals) ပင်လုံဆေးရုံ၊ ရွှေဂုံတိုင်ဆေးရုံ၊ ဥတ္တရသီရိဆေးရုံ(နေပြည်တော်)Universal Medical Centre Co.,Ltd. သည် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ဝ၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဦးခင်မောင်ဝင်း-**
**ဒေါက်တာဒေါ်ခင်လေးရီနှင့် WIN SAMMERING**
**Specialist Clinic & Medical Check-up Centre မှ ဝန်ထမ်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါက်တာဦးဇော်ထွန်း
**Chairman (Pinlon Group of Hospitals)**
**Universal Medical Centre Co., Ltd.**
**အသက် (၅၅)နှစ်**

မငွေး၏ချစ်ခင်ပွန်း ကိုဇော်ကြီးအတွက် မိသားစုနဲ့ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အသေစော၍ နမြောမိပါသည်။ စိတ်ကောင်းရှိသည့် ကိုဇော်ကြီး ကောင်းရာသုဂတိလားပါစေ။

**နေစိုး-စန္ဒာ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်ကြီးထွန်းသူရဇော်
**ကြည်း-၄၇၈၀၀၊ DSA (49)**
**အသက်(၃၀)**

၁၁-၅-၂၀၁၆ရက် ညနေ ၆နာရီအချိန်မှာ ရုတ်တရက် မင်း ငါတို့ကို ခွဲခွာသွားတာ အရမ်းစောလွန်းတယ်ကွာ။ ငါတို့ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါတယ်။ သူငယ်ချင်း ဗိုလ်ကြီးထွန်းသူရဇော် ကောင်းရာသုဂတိလားပါစေကွာ။

**စစ်တက္ကသိုလ် အမှတ်စဉ်(၄၉) ဗိုလ်လောင်းသင်တန်း**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်ကြီးသန်းထွဋ်
**ကြည်း-၄၆၃၄၅၊ DSA (49)**
**အသက်(၃၀)**

လာချိန်ရှိသလို ပြန်ချိန်ရှိတယ်ဆိုပေမယ့် ၁၂-၅-၂၀၁၆ရက်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်း အစောကြီးထွက်သွားတဲ့ သူငယ်ချင်းကို နမြောစွာနဲ့ ငါတို့ရင်ထဲက အမြဲတမ်းအမှတ်ရနေမှာပါ။ သူငယ်ချင်း ဗိုလ်ကြီးသန်းထွဋ် ကောင်းရာသုဂတိလားပါစေကွာ။

**စစ်တက္ကသိုလ် အမှတ်စဉ်(၄၉) ဗိုလ်လောင်းသင်တန်း**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

---

## ဒေါ်သိန်းခင် (ပျော်ဘွယ်)
**အသက်(၁၀၉)နှစ်**

ပျော်ဘွယ်မြို့၊ မန္တလေးတန်းရပ်နေ (ဦးထွန်းလှိုင်-ဒေါ်တွဲ)တို့၏သမီး၊ (ဦးခဲပိန်)၏ဇနီး၊ရန်ကုန်မြို့နေ ဦးတင်ယု-ဒေါ်ခင်မြင့်ကြည်တို့၏မိခင်၊ ဦးကျော်စိုးနိုင်-ဒေါ်ဝင်းဝင်းမာ၊ ဦးသက်မိုးလှိုင်-ဒေါ်မြင့်မြင့်ထွေး၊ ဒုတိယဗိုလ်မှူးကြီးဝင်းမိုးခိုင်-ဒေါ်နီလာရဲတင့်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၁၈-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ပျော်ဘွယ်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေး (ရတနာစတိုး)၊ ကျောက်တန်းမြို့
**အသက်(၉၆)နှစ်**

ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၁၆၁နေ (ဦးကောက်)၏ဇနီး၊ ဦးရွှေထွန်း-ဒေါ်စီစီ၊ ဦးအောင်မြင့်-ဒေါ်အေးအေးမြင့်၊ (ဦးသိန်းဇံ)-ဒေါ်ငွေငွေဝင်း၊ ဦးတင်ရွှေ-(ဒေါ်စန်းစန်းအေး)၊ ဒေါ်စန်းစန်း၊ ဒေါ်လှလှ၊ ဒေါ်ခင်ပြုံး၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ခင်ခင်ထွေး၊ ဒေါ်ခင်ခင်မိုး၊ ဦးထွန်းဝေနိုင်-ဒေါ်စုယဉ်ဝင်းတို့၏မိခင်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၁၈-၅-၂၀၁၆ရက် နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းမြို့ အနောက်ပိုင်းတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ **ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းညွန့်
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ မြို့တော်ဂေါက်ကွင်းအိမ်ရာ၊ အမှတ် ၄၂နေ ဦးရဲမွန်မောင် (ငြိမ်း၊ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းညွှန်ကြားရေးမှူးရုံး)-ဒေါ်သန်းသန်း၊ ဦးကြည်မြင့်(စိုင်းခွက်ကုမ္ပဏီ၊မိုင်းရှူး)-ဒေါ်မာမာအေး၊ ဦးဇော်ဝင်း(အဖွဲ့ဝင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်)-ဒေါ်နွယ်နီစမ်း၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း) (ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ စီးပွားရေးဦးပိုင်)-ဒေါ်ခင်ခင်ဝေတို့၏မိခင်၊ မဇာခြည်စိမ်းမြတ်သူ၊ မောင်မြတ်သူရိန်မြင့်၊ ကိုသန်းထွဋ်အောင်၊ မသိမ့်သိမ့်စိုး၊ မောင်အောင်ဖြိုးဝင်း၊ မောင်သန်းထိုက်အောင်၊ မဆုနွယ်ဇော်၊ ကိုသူရဇော်၊ဒေါက်တာသူရိန်ဇော်(M.D,Star Zone Travel&Tour Company)၊ ကိုကျော်လင်းဖြိုး-မဆုထြာ၊ ကိုသော်ဇင်မြင့်-မအေးယုစံအောင်၊ မောင်ဇင်လင်းမြင့်၊ မဆုမြတ်သီရိတို့၏အဘွားသည် ၁၈-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၁၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းညွန့်
**အသက်(၈၅)နှစ်**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း-ဒေါ်နွယ်နီစမ်းတို့၏မိခင် ဒေါ်သန်းညွန့်သည် ၁၈-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးမျိုးဝင်းတင်
**အသက်(၇၁)နှစ်**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တွဲဖက်ပါမောက္ခ(ငြိမ်း) ဆရာကြီး ဦးမျိုးသန့်၏အစ်ကိုကြီး ဦးမျိုးဝင်းတင် (ဗဟိုတရားရုံးရှေ့နေ)သည် ၁၄-၅-၂၀၁၆ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစာမိသားစု**
**ရန်ကုန်တက္ကသိုလ်**

---

## မအေးမြမိုး
**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၅နေ ဦးမြမောင်[ဒု-အထွေထွေမန်နေဂျာ၊ PPE(ငြိမ်း)]-ဒေါ်ခင်ခင်ဝင်း(မန်နေဂျာ၊ NPE-ငြိမ်း)တို့၏သမီး၊ ဒေါက်တာဦးအောင်မျိုးထွန်း-မစိုးစိုးဝါ၊ ဒေါက်တာဦးအောင်ညီလှိုင်-ဒေါ်ခင်လဲ့ဝင်း၊ ဒေါ်သင်းသင်းအောင်တို့၏ညီမသည် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) ည ၈း၂၅နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Pi Sui Khen
**(ဟားခါးမြို့၊ မြို့ဟောင်းရပ်ကွက် Inral)**
**အသက်(၇၆)နှစ်**

ရွှေပြည်သာမြို့နယ်နေ Pu Lal Cem၏ ချစ်လှစွာသောဇနီး၊ ဆရာမဒေါ်ထတလွဲ (Sayama Tha Thluai, Nu Tha), Pi Hlawn Tial - U Ca Kung, Pa Thang Lian, Daw Pen Thlia- U Sing Khan (ခရိုင်ဦးစီးမှူး၊ ထွေအုပ်၊ မြစ်ကြီးနား)၊ (Pa Za Kil) (လယ်စိုက်)၊ Pi Dawt Hlei Sung-Pu Biak Hmung, Pu Ni Bik (လယ်စိုက်)-Pi Tuan Zing, Nu Van Chin Sung တို့၏မိခင်၊မြေး၁၉ယောက်တို့၏အဘွားသည် ၁၈-၅-၂၀၁၆ရက် နံနက် ဝ၀း၃၀နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၅-၂၀၁၆ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရွှေပြည်သာမြို့နယ် ကျူချောင်ခရစ်ယာန်သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ [BOC ကွေ့ အင်းစိန်၊ (၄၆)ရပ်ကွက်၊ မြောက်ဒဂုံမှ နံနက် ၉နာရီနှင့် နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဦးဝင်းနိုင်ဦး အသက်(၅၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေ (ဦးသောင်းညွန့်)-ဒေါ်ညွန့်ညွန့်ရီတို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ သာရဝေါအုပ်စု၊ ကုလားချောင်းရွာနေ (ဦးကျော်ရှိန်-ဒေါ်လှရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင် ၆လမ်း၊ အမှတ် ၄၄၅/ခနေ ဒေါ်ခင်အေးမူ၏ချစ်လှစွာသောခင်ပွန်း၊ မောင်သူရအောင်(ခေတ္တ-မလေးရှား)၊ မဆုဝေအောင်(စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်)တို့၏ချစ်လှစွာသောဖခင်သည် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) ည ၉း၄၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၃-၅-၂၀၁၆ရက် (တနင်္လာနေ့)တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင် ၆လမ်း၊ အမှတ် ၄၄၅/ခနေ ဒေါ်ခင်အေးမူ၏နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်အေးမို (မြိတ်)
**အသင်းဝင်အမှတ်(၃၁၁)**
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ အမှတ် ၄၈၊ အခန်း 7/Aနေ[ဦးသက်ဖေ(ယခင် မြိတ်အသင်းအကြံပေးနာယကကြီး)]၏ဇနီးသည် ၁၂-၅-၂၀၁၆ရက်နံနက် ၁၁း၁၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၄င်း၏ဆန္ဒအရ မီးသင်္ဂြိုဟ်ပြီး အရိုးအိုးကို မြစ်မျှောပြီးပါကြောင်း။ **အမှုဆောင်အဖွဲ့**

---

**ရေကြည်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်တင်မြင့်မြင့်(ရေကြည်)
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၁၅၆/စီ၊ ကမ္ဘာ့အေးဘုရားလမ်းနေ (ဦးသာထို၊ ပါမောက္ခငြိမ်း၊ ဘောဂဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်)၏ ချစ်လှစွာသောဇနီး၊ (ဦးခိုင်စိုး)၊ ဦးခိုင်ထူး-ဒေါ်စောနွယ်နွယ်ထွန်း၊ ဒေါက်တာခိုင်မိုး-ဒေါက်တာသီတာစံတို့၏ ချစ်လှစွာသောမိခင်သည် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၅း၅၆နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးမောင်မောင်မြင့်
**(Y.M.C.A အထွေထွေ**
**အတွင်းရေးမှူးဟောင်း၊ ရန်ကုန်)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ် ၁၅/D(လေးလွှာ)နေ ဒေါ်ညွန့်ညွန့်၏ခင်ပွန်း၊ ပြင်ဦးလွင်မြို့နေ (ဦးမောင်မောင်)-ဒေါ်ထွေးတို့၏ သား၊ပဲခူးမြို့နေ(သိက္ခာတော်ရဆရာကြီး ဦးသာအောင် - ဒေါ်ချစ်)တို့၏ သားသမက်၊ ဦးမျိုးမြင့်အောင်(ခ)ကိုမောင်မောင် (အဒဲနှင့်ဇေ ဓာတ်ပုံ/ဗီဒီယို)-ဒေါ်လှသူဇာသန်း(ခ)မမီးငယ်(A Heart for Myanmar Foundation Ltd.)၊ ဦးတိုးညွှန့်မောင်(ခ)တိုးတိုး (Brown Academy)၊ ဦးအောင်ချစ်ထွေး(ခ)အောင်အောင်(ANJ Travel & Tour)-ဒေါ်ဖြိုးဝေကျော်တို့၏ဖခင်၊ မသူဇာမျိုး(ခ) Angeline၊ မယမင်းဖြိုး(ခ) Colleen၊ မမေဇင်ဝင်းသန့်(ခ)ပုံ့ပုံ့တို့၏အဘိုးသည် ၁၇-၅-၂၀၁၆ရက် နံနက် ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၅-၂၀၁၆ရက် နံနက် ၈နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် ဦးနော‌အသင်းတော်ဘုရားကျောင်းတို့မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးမောင်မောင်မြင့်
**(Y.M.C.A အထွေထွေ**
**အတွင်းရေးမှူးဟောင်း၊ ရန်ကုန်)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ် ၁၅/D(လေးလွှာ)နေ ဒေါ်ညွန့်ညွန့်၏ခင်ပွန်း၊ ပြင်ဦးလွင်မြို့နေ (ဦးမောင်မောင်)-ဒေါ်ထွေးတို့၏ သား၊ (ဦးသန်းဖေ)-ဒေါ်အေးမြင့်တို့၏ ညီ/မောင်၊ (ဦးဘသော်)-ဒေါ်စောညွန့်၊ (ဦးဝင်းမောင်)-ဒေါ်အုန်းညွန့်၊(ဦးအောင်ဝင်း-ဒေါ်အေးချို)၊ ဦးခင်မောင်ဝင်း-ဒေါ်စန်းမြိုင်၊ ဒေါ်သန်းအေး၊ ဒေါ်သန်းဒွေး၊ဦးဇော်မိုး-ဒေါ်မြင့်ထွေး၊(ဦးအောင်ထွေးမောင်)၊ ဦးသန်းထွေးမောင်-ဒေါ်နန်ဂျာတို့၏အစ်ကို၊ ပဲခူးမြို့နေ (သိက္ခာတော်ရ ဆရာကြီး ဦးသာအောင်-ဒေါ်ချစ်)တို့၏သားသမက်၊ (ဦးမြင့်-ဒေါ်ရွှေသီး)၊ (ဦးအောင်စိန်-ဒေါ်သန်း)၊ (ဦးချစ်အောင်-ဒေါ်နီ)၊ (ဦးမောင်အေး-ဒေါ်ကြွေ)၊ ဦးချစ်ထွန်း(သင်းထောက်ကြီး၊ ဟေနေဇာအသင်းတော် အင်းတကော်)တို့၏ယောက်ဖ၊ (ဒေါ်မြလေး-ဦးလူ့လူ)တို့၏ခဲအို၊ တူ/တူမ ၂၃ယောက်တို့၏ ဦးလေး/ဘကြီးသည် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၅-၂၀၁၆ရက်(စနေနေ့)နံနက် ၈နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် ဦးနော‌အသင်းတော်ဘုရားကျောင်းတို့မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူညီအစ်ကို၊**
**ဆွေမျိုးမောင်နှမများ**

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးထွန်းကြည် (ပခုက္ကူ)
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအရှေ့ရပ်ကွက်၊ မီးရထားအရာရှိရိပ်သာနေ (ဦးတင့်-ဒေါ်အေး)တို့၏သား၊ ဒေါ်လှနွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစံမြင့်(လ/ထ အထွေထွေမန်နေဂျာ၊ မြန်မာ့မီးရထား)-ဒေါက်တာမြင့်မြင့်သန်း(ဒု-ညွှန်ကြားရေးမှူး၊ မွေး-ကုဦးစီးဌာန)၊ ဦးလှမျိုးထွန်း-ဒေါ်ခင်မြဝင်းတို့၏ဖခင်၊ မောင်ဖွဲ့အောင်ရှိုင်း[နောက်ဆုံးနှစ်၊ အပိုင်း(ခ)၊ ဆေးတက္ကသိုလ်(၂)]၊ မမြင့်မြတ်စုစံ(တတိယနှစ်၊ ဆေးဝါးတက္ကသိုလ်)၊ မယွန်းသီရိခင်တို့၏အဘိုး၊ ပခုက္ကူမြို့နေ (ဒေါ်ကြည်ကြည်)၊ (ဒေါ်သန်းစိန်)၊ ဒေါ်စောစော၊ ဒေါ်သန်းညွန့်တို့၏အစ်ကိုကြီး၊ ဦးသိန်းတိုး၊ ဦးသိန်းစိုး၊ ဒေါ်သိန်းသီတာတို့၏ဘကြီးသည် ၁၈-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၅-၂၀၁၆ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဦးတင်ထွန်းအုန်း
**စာတည်း(ရှေ့သို့စာစောင်)၊ ခရိုင်မှူး(ကော့ကရိတ်ခရိုင်ပြန်/ဆက်)**
**(အငြိမ်းစား)၊ တရားလွှတ်တော်ရှေ့နေ**
**ကရင်ပြည်နယ် စာပေနှင့်စာနယ်ဇင်းကောင်စီအဖွဲ့ဝင်**
**အသက်(၇၈)နှစ်**

ဘားအံမြို့နေ (ဦးအုန်းရွှေ-ဒေါ်စောရွှေ)တို့၏သား၊ ဒေါ်စန်းမြင့်(ကျောင်းအုပ်ကြီး၊ အထက-၁၊ ဘားအံ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးအေးထွန်းအုန်း(မီးသတ်ဦးစီးဌာန)၊ ဦးစောရှူးဘတ်-ဒေါ်မာလာထွန်းအုန်း(ကျောင်းအုပ်ကြီး၊ အထက-၄၊ ဘားအံ)၊ (ဦးအောင်မင်း-ဒေါ်စန္ဒာထွန်းအုန်း)၊ ဦးထွန်းထွန်းအုန်း-ဒေါ်ရီရီချို(အထက၊ တောင်ကလေး)၊ ဦးအောင်အောင်ထွန်းအုန်း-ဒေါ်ခင်သီတာမြင့်(အထက-၄၊ဘားအံ)၊ ဦးကိုကိုနိုင်(လ/ထညွှန်ကြားရေးမှူး၊ဘီးလင်း၊ စည်ပင်)-ဒေါ်သန္တာထွန်းအုန်းတို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုးသည် ၁၄-၅-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၆ရက်တွင် ဘားအံမြို့ ထန်းကိုးပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးတင်ထွန်းအုန်း (ဘားအံမြို့)
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဘောက်ထော်ရပ်နေ ဦးတင်အောင်-ဒေါ်အုန်းကြည်၊ ပုသိမ်မြို့နေ (ဦးလှတင်-ဒေါ်ရင်မြင့်)၊ ဦးမောင်ကို-ဒေါ်သန်းသန်း(မိုးကုတ်)၊ ကလေးမြို့နေ (ဦးလေးမြင့်)-ဒေါ်မေတင်တို့၏ညီ/မောင်သည် ၁၄-၅-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ဘားအံမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၆ရက်တွင် ဘားအံမြို့ ထန်းကိုးပင်သုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးမောင်မောင်
**ရေ-၁၂၉၅၉၊ တပ်မတော်-ရေ (ငြိမ်း)**
**အသက်(၇၂)နှစ်**

သံတွဲမြို့နေ(ဦးဖိုးချို-ဒေါ်ညီမကြီး)တို့၏သား၊ ဘားအံမြို့နေ(ဦးကြည်ဝေ-ဒေါ်အေးစိန်)တို့၏သားသမက်၊ သံတွဲမြို့နေ ဦးမြင့်နိုင်-ဒေါ်စန္ဒာဦး(ကောင်းကင်သစ္စာ-ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း)၊ နေပြည်တော်နေ ဒုအရာခံဗိုလ်မင်းဇော်(တပ်မတော်စစ်ဆေးရေးအရာရှိချုပ်ရုံး)-ဒေါ်စန္ဒာဝင်း(လူမှုဝန်ထမ်းဦးစီးဌာန)၊ ဦးသီဟမောင်မောင်(NUS-Singapore)-ဒေါ်ယုဝေကျော်(SMART Group of Companies)၊ ဒေါ်ခင်မျိုးသူ(လူမှုဝန်ထမ်းဦးစီးဌာန)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မမျိုးမြင့်မြတ်စံ၊ မစိုးမြင့်မြင့်စံ၊ မမေသီရိဇော်၊ မောင်ပြည့်ဖြိုးကျော်၊ မောင်လင်းမြတ်မောင်မောင်တို့၏အဘိုး၊ ဒေါ်တင်တင်ရီ၏ချစ်လှစွာသောခင်ပွန်းသည် ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၅နာရီတွင် နေပြည်တော် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် နေပြည်တော်စစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ညိုညိုအေး(ခ)ဒေါ်မြညို
**B.A, B.Ed, အထပြ(ငြိမ်း)၊**
**ပန်းဘဲတန်း(၂)၊**
**မင်္ဂလာဒုံ အထက(၂)**
**မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံး(ငြိမ်း)**
**ကျောက်ဆည်မြို့နယ်အသင်း**
**အသက်(၇၇)နှစ်**

(ရဲမင်းကြီး ဦးစံလှ - ဒေါ်အေးမေ)တို့၏သမီး၊ (ဦးကျော်ဇော-ဒေါ်မြမြအေး)တို့၏ညီမ၊ သတင်းစာဆရာ ဦးထွန်းသာ(အားကစားဆောင်းပါးရှင်) မောင်ရဲဝင်း - ဒေါ်ယဉ်နွဲ့တို့၏အစ်မ၊ [ကပ္ပတိန်ဂျင်မီသာဖုံ၊ လေယာဉ်မှူးကြီး(ငြိမ်း)]၏ဇနီးသည် ၁၈-၅-၂၀၁၆ရက် နံနက်တွင် အမှတ်(၁)ငွေကြာယံအိမ်ရာ၊ ၁၅လမ်း၊(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဦးဘိုဘို အသက်(၅၀)

မန္တလေးမြို့၊ ၃၅ လမ်း၊ ၈၈×၈၉လမ်းကြား၊ စတီးဝင်းရပ်နေ(ဦးထွန်းခင်-ဒေါ်မြရှင်)တို့၏သား၊ ၃၉လမ်း၊ ၆၃×၆၄လမ်းကြား၊ မဟာမြိုင်အပိုင်း(၂)နေ ဦးစိုး - ဒေါ်ခင်ရွှေတို့၏သားသမက်၊ မထက်စုရွှန်းလဲ့၊ မောင်ပိုင်ဖြိုးသော်(ခ)ပီတိတို့၏ဖခင်၊ ဒေါ်နီလာဆွေ၏ခင်ပွန်းသည် ၁၈-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ၃၉လမ်း၊ ၆၃×၆၄လမ်းကြား၊ မဟာမြိုင်အပိုင်း(၂)၊ (ဒ-၁၁/၃) နေအိမ်မှ တောင်အင်းမြောက်အင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဦးမင်းအောင်
**လ/ထ ညွှန်မှူး**
**နိုင်ငံတော်ကောင်စီရုံး(ငြိမ်း)**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့နေ (ဗိုလ်မှူးစိုးအုပ်-ဒေါ်ခင်မြ)တို့၏သား၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးတင်ရွှေ-ဒေါ်သန်းသန်း)တို့၏သားသမက်၊ ဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)-ဒေါ်ကြင်ဟုန်၊ (ဗိုလ်မှူးကြီးဘိုရှိန်း-ဒေါ်ခင်ခင်အုန်း)၊ ဦးခင်မောင်မောင်-ဒေါ်ခင်ဆွေဆွေ၊ ဦးခင်မောင်တင့် - ဒေါ်အေးအေးတင့်တို့၏ ညီ/မောင်၊ [ဦးမြင့်အောင်(ငြိမ်း)ထောင်ပိုင်ကြီး]-ဒေါ်ခင်ခင်ငြိမ်း၊ ဦးဇော်ဝင်း-ဒေါ်ယဉ်ယဉ်ချစ်၊ ဦးခင်မောင်ငြိမ်း-(ဒေါ်ဝင်းဝင်းအေး)၊ (ဒေါ်ခင်သန်းသန်းဦး) - ဦးမျိုးမြင့်ထွဋ်တို့၏အစ်ကိုကြီး၊ ဦးမြင့်စိုး - (ဒေါ်ခင်မေရီ)တို့၏ ညီ၊ ဦးသိန်းမြင့်-ဒေါ်ခင်ဝင်းစိုး၊ ဦးရဲထွန်း-ဒေါ်တင်တင်ငွေး၊ ဒေါ်စန်းစန်းငွေး (အထက-၁၊ သဃ်န်းကျွန်း)တို့၏အစ်ကို၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ် ၂၇နေ ဒေါ်ရီရီနွယ်၏ခင်ပွန်း၊ဦးမင်းဟန်(ဒု-ညွှန်မှူး၊ မိုး/ဇလ) - ဒေါ်နွယ်မာလာအောင် (ဒု-ဦးစီးမှူး၊ မိုး/ဇလ)တို့၏ဖခင်၊မောင်အောင်ကောင်းမြတ်၏အဘိုးသည် ၁၈-၅-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**



# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## သစ်တော၊ သတ္တုနှင့် ကျောက်စိမ်းသယံဇာတများ ထုတ်လုပ်မှု စည်းကမ်းရှိရှိထုတ်ရေးနှင့် တိုင်းပြည်အကျိုးရှိရေး ဆောင်ရွက်မည်

တွေ့ဆုံမေးမြန်း-ရှင်မင်း စာ-၁၆၊ ၁၇

# ရောဝတီတိုင်းဒေသကြီးအတွင်း မဂ္ဂါဝပ် ၃၀၀ ရှိ ဆိုလာစွမ်းအင် အကောင်အထည်ဖော်မည်

သတင်း - မြင့်မောင်စိုး၊ ဓာတ်ပုံ - အေကေလင်း

**ရန်ကုန် မေ ၁၈**

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မြင့်မားလာချိန်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်ခုဖြစ်သည့် ဆိုလာစွမ်းအင်ကို ရောဝတီတိုင်းဒေသကြီးအတွင်း 300 MW Power Plant တည်ဆောက်ပြီး ရန်ကုန်၊ မအူပင် စသော စက်မှုဇုန်များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် Won Toll Co.,Ltd နှင့် ထိုင်းနိုင်ငံအခြေစိုက် Kamrai Paint Limited Partnership တို့အကြား ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆမ်းမစ်ပတ်(ခ်)ဗျူးဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ ကုမ္ပဏီနှစ်ခုက ရောဝတီတိုင်းဒေသကြီးအတွင်း မဂ္ဂါဝပ် ၃၀၀ ရှိ နေစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်သွားရန် အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ရင်းနှီးမြှုပ်နှံ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့ဖြင့် ပေါင်းစပ်ပြီး သဘောတူစာချုပ်များပြုလုပ်ကာ လုပ်ငန်းများ စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❐



# နိုင်ငံတကာအဆင့်မီ ဟင်းသီးဟင်းရွက်ဈေးသစ်ကြီးတည်ဆောက်

သတင်းနှင့်ဓာတ်ပုံ - မျိုးမင်းသိန်း(မရမ်းကုန်း)၊ ထင်ပေါ်ဝင်း(ကမာရွတ်)

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တည်င်းကုန်းဘူတာအနီးရှိ မြေ ၈၃ ဒသမ ၇၃ ဧက ကျယ်ဝန်းသော နိုင်ငံတကာအဆင့်မီ ဟင်းသီးဟင်းရွက် ပန်းမန်လက်ကားဈေးသစ်ကြီးကို ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ဖွဲ့စည်းသော Myanmar Argo Exchange Public Ltd မှ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်မည်ဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်တစ်ဦး ဒါရိုက်တာအဖြစ် ပါဝင်ကာ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်လက်ကားဈေးကြီးအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



တည်င်းကုန်းတွင် တည်ဆောက်နေသည့် နိုင်ငံတကာအဆင့်မီ ဟင်းသီးဟင်းရွက်၊ ပန်းမန် လက်ကားဈေးသစ်ကြီး

အဆိုပါလက်ကားဈေးကြီး တည်ဆောက်ရခြင်းမှာ တောင်သူလယ်သမားများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် ဝယ်ယူစားသုံးသူများ၊ လက်လီလက်ကားရောင်းချသူများ၊ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းဝယ်ဖောက်ကားသူများ တိုက်ရိုက်ဆက်သွယ် ပေါင်းကူးပေးမည့် စနစ်ကျနသော ခေတ်မီဈေးကြီးအဖြစ် ဖော်ဆောင်နေခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အကြီးတန်းအရာရှိတစ်ဦးထံမှ သိရသည်။

နိုင်ငံတကာအဆင့်မီ တည်င်းကုန်းလက်ကားဈေးသစ်ကြီး၏ တည်ဆောက်ရေးစီမံကိန်းမန်နေဂျာ ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီမှ ဦးစိုးနိုင်က

*စာမျက်နှာ ၅ ကော်လံ ၁* ◆

# မုန်တိုင်းငယ်ပိုမိုအားကောင်းကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်

**နေပြည်တော် မေ ၁၈**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲခန့် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ နယ်လိုရီမြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၇၀ခန့်၊ မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်တောင်ဘက် မိုင် ၇၈၀ ခန့်၊ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၈၀၀ ခန့်၊ ပုသိမ်မြို့၏ အနောက်-အနောက်တောင်ဘက် ၈၁၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။

*စာမျက်နှာ ၂ ကော်လံ ၃* ●




## ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများ

၁၈-၅-၂၀၁၆

| | |
|---|---|
| နေပြည်တော် | ၉ ဒသမ ၈ |
| ရန်ကုန် | ၁၀ ဒသမ ၄ |
| မန္တလေး | ၉ ဒသမ ၉ |

